# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.151(2425-2442)

လူသားအင်ပါယာအရှင် သေဆုံးခြင်း

.May Be:

..အပိုင်း ၂၄၂၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

စကားပြောပြီးနောက် ထိုလူငယ်က တဟားဟားရယ်လိုက်သည်။

သူက လီရှို့ရှိ နှင့် ဝူယုကို လက်ညိုးထိုးလိုက်ပြီး "သူတို့ကို ငါနဲ့တစ်ညလောက် အိပ်ခွင့်ပေးလိုက်။ မင်းတို့အားလုံးကိုအထဲဝင်ခွင့်ပေးမယ်။ အဆင်ပြေလား...."

ထိုစကားကြားသောအခါ လီရှို့ရှီနှင့်ဝူယု

တို့နှစ်ယောက်လုံး

မျက်နှာပျက်သွားသည်။

ထိုလူငယ်က တဟားဟားရယ်ပြီး "ဒါဆို

ဟုတ်တယ် မင်းတို့က တစ်ညအစား

ငါနဲ့တစ်ညလောက်နေချင်ရင်

ငြင်းမှာမဟုတ်ဘူး ဟားဟားဟား..."

လီရှိုရှီက ယန်ယွဲ့ကို ရုတ်တရက်
လက်ညိုးထိုးပြပြီး “သူဘယ်သူလဲဆိုတာ
သိလား...”

ထိုလူငယ်က ယန်ယွဲ့ကို
စိုက်ကြည့်နေသည်။

လီရှိုရှီက
အလွန်လေးနက်သောအမူအရာဖြင့်ပြော

လိုက်သည်။ “သူက ယန်ယဲ့။
နင်သိလား…ယန်ယဲ့ပဲ”

“ယန်ယဲ့လား…”

လူငယ်က
အနည်းငယ်မျက်မှောင်ကြုတ်ကာ
“အဲ့ဒါဘယ်သူလဲ၊
ငါသူ့အကြောင်းတစ်ခါမှမကြားဖူးဘူး…”

ယန်ယဲ့သည်

ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် လီရှို့ရှီက ယန်ယဲ့ကို

စိုက်ကြည့်ပြီး "သူက နင့်ကို

ကျိန်ဆဲနေတယ်"

"ပါးစပ်ပိတ်ထားစမ်း.."

ယန်ယဲ့က သူမကို စိုက်ကြည့်ပြီးနောက် လူငယ်ကို လှည့်ကြည့်လိုက်သည်။

လူငယ်က စကားပြောရန် ပြင်နေစဉ် ယန်ယဲ့သည် နေရာမှာပင် ဖျတ်ခနဲ ပျောက်သွားသည်။

လူငယ်၏အမူအရာက အနည်းငယ်ပြောင်းလဲသွားသည်။ သူ၏ ညာဘက်လက်ဝါးကို လှန်လိုက်ရာ လုံတစ်ချောင်းပေါ်လာသည်။ ထို့နောက်

လုံ့ကို ဆုပ်ကိုင်လျက် ယန်ယွဲ့အား

လှမ်းထိုးလိုက်သည်။

“ဘုန်း…”

ပေါက်ကွဲသံထွက်ပေါ်လာသည်။

လူငယ်သည်

မီတာ၃၀၀ကျော်အကွာအထိ

လွင့်ပျံထွက်သွားသည်။သူ့ကိုယ်သူ

ရပ်တန့်လိုက်သည်နှင့်

အနည်းငယ်ထုံကျင်နေသော
လက်မောင်းကိုတစ်ချက်ကြည့်လိုက်သ
ည်။

ထို့နောက် ယန်ယွဲ့ကို မော့ကြည့်ကာ
“မင်းမှာအရည်အချင်းရှိပေမဲ့…”

ယန်ယွဲ့က သူ့လက်ကိုမြှောက်ကာ ဓားဖြင့်
လှမ်းပိုင်းလိုက်သည်။

“ဘုန်း”

အဆိုပါလူငယ်က ၃ကီလိုမီတာအကွာသို့ ချက်ချင်းလွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင်

သူ့ကိုယ်သူရပ်တန့်လိုက်သည်နှင့်

ဓားတစ်ချောင်းက လူငယ်၏လည်ပင်းကို ထောက်ထားသည်။

လူငယ်က ယန်ယဲ့ကိုစိုက်ကြည့်ရင်း
“မင်း...”

ယန်ယဲ့က လူငယ်ကို စိုက်ကြည့်ကာ
ပေါ့ပြက်ပြက်လေသံဖြင့် “ယန်ယဲ့က
အခုဘယ်သူလဲဆိုတာ သိပြီလား”

လူငယ်က ရုတ်တရက် ပြောလိုက်သည်
“မင်းမှာအရည်အချင်းရှိပေမဲ့
ငါ့ကိုသတ်ဖို့ သတ္တိရှိသလား။ ငါ...”

"ဆူး..."

စကားမဆုံးခင်မှာပဲ လူငယ်၏ခေါင်းက လေထဲသို့ ပျံတတ်သွားသည်။

ယန်ယွဲ့က သူ့ဓားကို ပြန်သိမ်းလိုက်သည်။

ထို့နောက် ဘေးဘက်သို့ လှိမ့်ဆင်းနေသော ခေါင်းပြတ်ကို

ငုံ့ကြည့်ကာ ခေါင်းယမ်းရင်း

“အမှန်တွေက သက်သေပြရဲတယ်။

ကံမကောင်းစွာပဲ မင်းအဲ့ဒါကို

မကြားနိုင်တော့ဘူး…”

စကားပြောပြီးနောက် ယန်ယဲ့က

ဘေးဘက်သို့

ရုတ်တရက်လှည့်ကြည့်လိုက်ပြီး

သူ့ဓားကို ဆတ်ခနဲပိုင်းချလိုက်သည်။

“ဆူး…”

အလင်းတန်းတစ်ခုလင်းလက်လာသည်။ မီတာ၃၀၀လောက်အကွာတွင် အလင်းတန်းများ ရပ်တန့်သွားပြီး အေးခဲသွားသလိုပင်။ ခဏအကြာတွင်တော့ သူတို့ရှေ့တွင် ဟန်ရိုးရာဝတ်စုံနှင့်လူတစ်ဦးပေါ်လာသည်။

ထိုလူက အလင်းတန်းကိုငုံ့ကြည့်ကာ
“မင်းရဲ့ဓားက
မင်းဆန္ဒအတိုင်းရွေ့လျားသွားတယ်။
တကယ့်ကိုအံ့သြစရာပဲ”

သူက ယန်ယွဲ့ကို စိုက်ကြည့်ရင်း
“သိုင်းအင်ပါယာကျောင်းတော်မှာ
ဓားကိုသုံးတဲ့သူက နည်းနည်းပဲရှိတယ်။
အဲ့ဒီနှစ်ယောက်က အရမ်းသန်မာတယ်။
နှစ်ယောက်စလုံးကို ငါသိတာပဲ။ ဒါပေမဲ့

မင်းဟာ သူတို့ထဲက

တစ်ယောက်မှမဟုတ်ဘူး…”

ယန်ယဲ့က ခေါင်းယမ်းပြပြီး

အဝေးကိုလှမ်းကြည့်ကာ

“ငါတို့အထဲကိုဝင်ကြည့်ချင်တယ် မင်းမှာ

ကန့်ကွက်စရာမရှိဘူး မဟုတ်လား…”

ထိုလူက ယန်ယဲ့ကို
မျက်လုံးချင်းတည့်တည့်စိုက်ကြည့်ကာ
“ငါဘာလုပ်ရင်ကောင်းမလဲ…”

“ဖြေရှင်းရတာမလွယ်ဘူးလား…”

ယန်ယဲ့က ရယ်မောလိုက်ပြီး နေရာမှာပင်
ပျောက်သွားခဲ့သည်။ တစ်ချိန်ထဲမှာပင်
အေးစက်စက်အလင်းတန်းတစ်ခု
ဖျတ်ခနဲလင်းလက်လာပြီး  ထိုလူ၏နဖူး

ရှေ့တွင် ပေါ်လာသည်။
ထိုလူ၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားပြီး
သူ့လက်ချောင်းကို
ရှေ့သို့ပုတ်လိုက်သည်။ လက်ချောင်းက
ယန်ယွဲ့၏ ဓားထိပ်ဖျားကို ထိမှန်ကာ
နောက်ပြန်တွန်းထုတ်လိုက်သည်။
သို့သော် ယန်ယွဲ့သည် သူ၏ညာလက်ကို
ဆတ်ခနဲ လိမ်လိုက်သည်။

“ဘုန်း”

ထိုလူက မီတာ (၃၀၀)ကျော်အကွာထိ

လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူရပ်တန့်လိုက်သည်နှင့်

အခြားသောအလင်းတန်းများ

ထပ်မံကျရောက်လာသည်။

အလွန်လျင်မြန်ကာ

ရှောင်ဖို့မဖြစ်နိုင်သလောက်ပင်။ သူဟာ

ရှောင်တိမ်းဖို့ကြိုးစားလိုက်သည်နှင့်
သေချာပေါက် အရေးနိမ့်သွားပေမည်။

သူသည် အတွေးများကိုထိန်းကာ
ညာခြေကိုတစ်ချက်ဆောင့်ရင်း
နောက်သို့ အနည်းငယ်
ပြန်ဆုတ်လိုက်သည်။
ထို့နောက်သူ၏ ခြေထောက်တဖက်ကို
မြှောက်ပြီး ယန်ယဲ့၏ဓားကို
ဆောင့်ကန်လိုက်သည်။ ထိုအချိန်တွင်

ယန်ယဲ့က သူ့ဓားကို ရုတ်တရက်

လွှတ်ချလိုက်သည်။ ဘယ်ခြေကို

နင်းလိုက်သည်။ ထို့နောက်

တန်ပြန်အားယူကာ ထိုလူကို

ဆောင့်ကန်လိုက်သည်။

သို့သော် ယန်ယဲ့သည်

ယုတ်မာတတ်သူမဟုတ်ပေ။

အကြောင်းမှာ

ထိုလူ၏ပါးစပ်နေရာများက

လက်ရှိအနေအထားတွင် တိုက်ခိုက်ရန်

အကောင်းဆုံးနေရာဖြစ်သောကြောင့်ပင်။

ထိုလူက ယန်ယဲ့၏တုံ့ပြန်မှု

လျင်မြန်မည်ဟု

မမျှော်လင့်ထားသောကြောင့်

ခြေထောက်တစ်ဖက်ဝင်လာသောအခါ

ထိပ်တိုက် မရင်ဆိုင်ရဲတော့ပေ။ သူသည်

ချက်ချင်းပင် ခြေတစ်ချက်ဆောင့်ကာ

ယန်ယဲ့၏ခြေထောက်ဆီသို့

တည့်တည့်ဖြတ်ကန်လိုက်သည်။

“အုန်း...”

ထိုလူက လွင့်ထွက်သွားပြီး

သူ့ခြေထောက်အောက်ရှိ

အာကာသပြင်သည် အက်ကွဲသွားကာ

ရောမအက်ကြောင်းကြီး ပေါ်လာသည်။

ယန်ယဲ့၏ခြေကန်ချက်က

ဘယ်လောက်ထိကြောက်စရာကောင်းမှန်းပြသနေသည်။

ယန်ယဲ့က မရပ်တန့်ပေ။ ထိုလူ၏ရှေ့တွင် ဖျက်ခနဲပေါ်လာသည်။ ဤအချိန်တော့ သူကဓားမသုံးတော့ဘဲ ခြေထောက်ဖြင့်သာ ဖြတ်ကန်လိုက်သည်။

“အုန်း…”

သူတို့ပတ်ပတ်လည်ရှိ
အာကာသပြင်သည် ပြင်းထန်စွာ
တုန်ခါနေသည်။ ထိုလူ၏
မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားပြီး
ရက်စက်ကြမ်းကြုတ်မှုများ
တောက်ပလာသည်။ သူသည်
လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ကာ
ထူးဆန်းသောတံဆိပ်တစ်ခုကို

ဖန်တီးလိုက်သည်။ ခဏအကြာတွင်
တံဆိပ်မှ အလင်းတန်းတစ်ခု
ပြေးထွက်လာသည်

"အုန်း..."

အလင်းတန်းက ယန်ယဲ့အား ထိမှန်ပြီး
ချက်ချင်းလွင့်ထွက်သွားပေသည်။
ယန်ယဲ့သည် သူ၏လက်ဝါးကို
တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ့အရေပြားက ကျောက်မီးသွေးကဲ့သို့

မည်းနက်နေလေသည်။ ယန်ယဲ့သည်

ထိုလူကိုမော့ကြည့်လိုက်သည်။

ထိုလူ၏လက်ဖဝါးနှစ်ဖက်တွင်

ရွှေရောင်မီးတောက်များ

ဖုံးလွှမ်းထားသည်ကို တွေ့လိုက်ရသည်။

အလင်းတန်းမဟုတ်ဘဲ

သူ့ကိုတိုက်ခိုက်သည်က

ကြက်သွေးရောင်ရွှေမီးတောက်ပင်ဖြစ်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ရင်း ထိုခဏလေးမှာပဲ သူ၏လက်များက ပုံမှန်ပြန်ဖြစ်သွားသည်။

ထိုလူက အံ့သြသွားပြီး
“မင်းဘယ်လိုလုပ်လိုက်တာလဲ…”

ယန်ယဲ့က

စကားတစ်ခွန်းမှပြန်မပြောပေ။

ကောင်းကင်သို့ ခုန်တတ်လိုက်ပြီး

အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ

ထိုလူဆီသို့ ပြေးဝင်သွားသည်။

ထိုလူ၏မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းသွားကာ

သူ့မျက်လုံးထဲ၌ မီးတောက်များ

တောက်လောင်လာသည်။

ခဏအကြာတွင် မီးတိုင်လုံးတစ်ခုက

လေထဲသို့လွှင့်မျောလာသည်။

တစ်ချိန်ထဲမှာပင် ယန်ယဲ့၏

ပတ်ပတ်လည်မှ

ကြက်သွေးရောင်မီးတောက်များပေါ်လာ

ပြီး ဥက္ကာပျံများကဲ့သို့

တရစပ်ကျဆင်းလာပါတော့သည်။

မီးတောက်နှစ်ခုစလုံး

အချင်းအချင်းတိုက်ခိုက်နေကြသည်။

“အုန်း…”

မီးတောက်လျှိုင်းလုံးကြီးထွက်လာပြီး

ထိုနေရာတွင် သာမာန်ဆန်သော

အဖြစ်သို့ပြောင်းလဲသွားသည်။

ဤအချိန်တွင် လီရှတ်ရှီနှင့်

ဝူယုတို့နှစ်ယောက်လည်း ကမန်းကတန်း

နောက်ပြန်ဆုတ်သွားကြသည်။

အကြောင်းမှာ ရိုက်ခက်လာသော

မီးတောက်လျှိုင်းလုံးမှ

လွတ်မြောက်ခဲ့လျှင်ပင်
နှစ်ယောက်စလုံးဒဏ်ရာအပြင်းအထန်ရ
သွားစေနိုင်သည်။

ထိုမီးတောက်နှစ်ခုက
သာမာန်မဟုတ်ပေ။

ကောင်းကင်ပြင်သည်
မီးတောက်ပင်လယ်ကြီးအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

မီးတောက်ပင်လယ်ကြီးသည်
ကျောက်ရုပ်ထုကြီးကို
ဖုံးလွှမ်းသွားသည်။ မည်သူမျှ
သတိမထားမိသော်လည်း
ကျောက်သားရုပ်ထုသည်
လုံးဝကိုထိခိုက်မှုမရှိပေ။
အချိန်၁၅မိနစ်ခန့်ကြာသွားပြီးနောက်မှ
သာ မီးတောက်ပင်လယ်သည်
ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့နှင့်ထိုလူက

ဤနေရာတွင်ရှိနေသေးသည်။

သူတို့၏အပြင်ပန်းအသွင်အပြင်ကို

အခြေခံသော

နှစ်ယောက်စလုံးဒဏ်ရာမရကြပေ။

ထိုလူက ယန်ယဲ့ကိုစိုက်ကြည့်ရင်း

“ဒီမီးတောက်တွေက ဘာလဲ...”

ယန်ယဲ့က သူ၏လက်သီးကို
ဖြည်လိုက်ရာ မီးတောက်ငယ်တစ်ခု
လွင့်မျောနေသည်။ မီးတောက်ငယ်ကို
ငေးကြည့်ရင်း သူ့မျက်နှာတွင်
အပြုံးတစ်ခုရစ်ဝဲလာသည်။

နတ်ယင်မီးတောက်ကို
မသုံးတာကြာပါပြီ။
နတ်ယင်မီးတောက်က
အားမကောင်းတာမျိုး မဟုတ်ပေ။

သူ၏ခန္ဓာကိုယ်နှင့် ဓားတာအိုကိုသာ

အဓိကအာရုံစိုက်ထားလို့ဖြစ်သည်။

သီးသန့်ကျင့်ကြံခြင်း သို့မဟုတ်

သီးခြားကျင့်ကြံခြင်း။

ဓားတာအိုပင်ဖြစ်စေ

ရုပ်ခန္ဓာလမ်းစဉ်ပင်ဖြစ်စေ

သန့်စင်မှုကိုအလေးအနက်ထားကြသည်

။ ထို့ကြောင့်သူသည် သူ၏ အမြန်နှုန်းကို

သိသိသာသာမြင့်တင်ပေးနိုင်သော

နတ်အတောင်ပံများအပါအဝင်

ပြင်ပအရင်းအမြစ်များကိုသာ

အသုံးပြုခဲ့သည်။ လက်နက်လမ်းစဉ်၏

ရှေးဖြစ်ဟောလမ်းကြောင်းမှ

လုယက်လာသော

ဟာကျုလီတံဆိပ်ပြားကိုပင် မသုံးခဲ့ပေ။

ခဏအကြာတွင် ယန်ယွဲ့၏

နောက်ကျောဘက်မှ

အနက်ရောင်အတောင်ပံတစ်စုံပေါ်လာပြီး
ချက်ချင်းပင် လွှင့်မျောလာသည်။

ပညာရှင်အဆင့်လက်နက် ။

ထိုလူ၏အမူအရာသည်
အလွန်ဆိုးဝါးသွားသည်။ ထိုအချိန်တွင်
ယန်ယဲ့၏ ပုံရိပ်က နေရာမှာပဲ
ပျောက်သွားခဲ့သည်။
ထိုလူ၏အမူအရာက

သိသိသာသာပြောင်းလဲသွားပြီးနောက်
ပြင်းထန်သောစွမ်းအင်လှိုင်းများက
သူ့မျက်နှာကိုတိုက်ခိုက်လာသည်။
ထိုလူ၏မျက်နှာက ချက်ချင်းပင်
တုန်လှုပ်သွားခဲ့သည်။ ထိုခဏလေးမှာပဲ
သူ၏မျက်လုံးနှစ်လုံးမှ မီးလုံးနှစ်လုံး
ရုတ်တရက် ပြေးထွက်လာသည်။
ထို့နောက်တွင် သူ့ထံမှ

ရောမမီးတောက်လှိုင်းလုံးကြီးတစ်ခုထွက်ပေါ်လာ၏။

"အုန်း..."

ကျယ်လောင်သော ပေါက်ကွဲသံကြီး မြည်ဟည်းလာသည်။ ခဏအကြာတွင် ယန်ယွဲ့သည်လည်း အကြိမ်ကြိမ် နောက်ပြန်ဆုတ်လိုက်ရသည်။ ထိုလူက လွင့်ထွက်သွားခဲ့သည်။ သို့သော်

အချိန်သိပ်မကြာလိုက်ဘဲ ယန်ယဲ့သည်
သူ့ကိုယ်သူရပ်တန့်လိုက်သည်။ ထို့နောက်
ထိုလူကိုစိုက်ကြည့်ကာ
တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်လည်း သူနှင့်မနီးမဝေးတွင်
အနီရောင်ဝတ်စုံဝတ်သက်လတ်ပိုင်းစုံတွဲ
ပေါ်လာသောကြောင့် ရပ်နေလိုက်သည်။
သက်လတ်ပိုင်းအမျိုးသမီးက ယန်ယဲ့ကို
စိုက်ကြည့်လိုက်ရာ

အနီရောင်အလင်းတန်းတစ်ခုက ချက်ချင်းပြေးထွက်လာသည်။ ယန်ယဲ့က လက်သီးနှစ်ဖက်ကို ဆုပ်ထားပြီး ရှေ့သို့ လှမ်းထိုးလိုက်သည်။

“အုန်း… အုန်း…”

ယန်ယဲ့သည် ၁ကီလိုမီတာအကွာထိ လွင့်ထွက်သွားခဲ့သည်။ သူ့ကိုယ်သူရပ်တန့်လိုက်သည်နှင့်

ညာလက်ကို ငွေယမ်းကာ
ဓားတစ်ချောင်းဆုပ်ကိုင်ထားလိုက်သည်
။ ထို့နောက် သူ၏ညာလက်ကို
မြှောက်လိုက်ရာ ဓားထိပ်ဖျားက
သူ၏လက်ဖဝါးပေါ်၌စိုက်လျက်
လျင်မြန်စွာ လည်ပတ်နေလေသည်။

သက်လတ်ပိုင်းစုံတွဲက
သတိအပြည့်ရှိနေကြသည်။
တစ်ချိန်တည်းမှာပင်

သူတို့၏ပတ်ပတ်လည်မှ

အာကာသပြင်နှင့်

ကြားကွက်လပ်အလွှာများက

တုန်ယင်လာတော့သည်။

Translated by NyiNyiSoe

..အပိုင်း ၂၄၂၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

တိုက်ပွဲသည်

အချိန်မရွေးဖြစ်လာတော့မည်ထင်ရ၏။

“ရပ်လိုက်”

နံဘေးမှ အသံတစ်သံရုတ်တရက်

ထွက်ပေါ်လာသည်။

ခဏအကြာတွင် ကျောပေါ်၌

လှံတစ်ချောင်းသိုင်းလွယ်ထားသော

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

ယန်ယဲ့ဆီသို့ လျင်မြန်စွာ

လျှောက်လာသည်။ ယန်ယဲ့၏

အဆက်မပြတ် လည်ပတ်နေသော

ဓားကိုတစ်ချက်ကြည့်လိုက်သည်။

“ညီငယ်၊ မင်းက

ဒီလျှို့ဝှက်ဆန်းကြယ်တဲ့

အဆောက်အအုံထဲမဝင်ခင် မသတ်ဘဲ

မဖြတ်နိုင်ဘူးလား...” ဟုပြောလိုက်သည်။

ယန်ယွဲ့က “ငါဒီကို

သတ်ဖို့လာတာမဟုတ်ဘူး။

အခြားသူတွေကသာ ငါ့ကို

သတ်ချင်နေတာ”

သက်လတ်ပိုင်းအမျိုးသားက

အနည်းငယ်ခေါင်းညိတ်ပြပြီးနောက်

အနီရောင်ဝတ်စုံဝတ်သက်လတ်ပိုင်းစုံတွဲ

ကို စိုက်ကြည့်ရင်း “အစ်ကိုဝမ်လင်း

မင်းရဲ့သားအဆင်ပြေနေတယ်။

ဒါမလိုအပ်ဘူး မဟုတ်လား…”

သက်လတ်ပိုင်းအမျိုးသားက

ဟန်ရှိုးရာဝတ်စုံနဲ့လူငယ်ကို

တစ်ချက်ကြည့်လိုက်သည်။

ဤအချိန်မှာတော့ မီးတောက်များ

တောက်လောင်နေဆဲဖြစ်သည်။

ထိုလူ၏မျက်နှာက အတော်လေး

ဖြူဖျော့နေသည်။

အသက်တော့မသေခဲ့ပေ။

သူသည် ယန်ယဲ့ကို မော့ကြည့်လိုက်ရာ

နံဘေးရှိ မိန်းမလှက

ရုတ်တရက်ပြောခဲ့သည်။

“လွှတ်လိုက်ရမှာလား
ငါတို့ဘယ်လိုလုပ်နိုင်မှာလဲ…”

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း “ဟန်ရီ
သူက ငါ့သားကို
ဒဏ်ရာရအောင်လုပ်ထားတာ
ဒီအတိုင်းလွှတ်ထားရမှာလား…။ ဘာလဲ
မင်းသားမဟုတ်လို့ မနာကျင်ဘူးလား…”

ထိုစကားကြားသောအခါ ဟန်ရီက

မျက်မှောင်ကြုတ်သွားသည်။

ထိုအတောအတွင်း အမျိုးသမီးက

ယန်ယဲ့ကို

ဆတ်ခနဲ လက်ညှိုးငေါက်ငေါက်ထိုးကာ

“နင်ငါ့ကို ခွင့်လွှတ်စေချင်တာလား…။

သေချာတယ်

သူ့လက်နှစ်ဖက်စလုံးကို လျော်ကြေးအ

ဖြစ်ဖြတ်ခိုင်းလိုက် ဒါဆို
ငါခွင့်လွှတ်ပေးမယ်။ မဟုတ်ရင်…”

“မဟုတ်ရင် မင်းတို့အားလုံး
သေလိမ့်မယ်”

ယန်ယွဲ့ကသူတို့ဆီသို့ ရုတ်တရက်
လျှောက်လာကာ “ငါအဲ့ဒါကို မေ့ထားဖို့
စဉ်းစားနေတာ နောက်ဆုံးတော့

ငါဒီမှာအချိန်မဖြုန်းချင်ဘူး။ အခုတော့ စကားပြောနေတယ်”

ယန်ယွဲ့၏မျက်နှာက ရက်စက်ကြမ်းကြုတ်လာသည်။

“အခုတော့ ငါလူသတ်ချင်တယ်”

“အောင်း…”

ဓားအူသံတစ်သံ ရုတ်တရက်
ပဲတင်ထပ်လာသည်။ ဓားအူသံတစ်သံ
ကျယ်လောင်စွာထွက်ပေါ်လာပြီး
ယန်ယဲ့၏ပုံရိပ်က ရှေ့သို့
လွင့်မျောလာသည်။ သူ၏လှုပ်ရှားမှုက
အလွန်လျင်မြန်လှသည်။
နတ်အတောင်ပံများနှင့် ပေါင်းစပ်လျက်
ယန်ယဲ့၏ အမြန်နှုန်းသည်
အလွန်လျင်မြန်သောကြောင့် လူတိုင်း

သူ့အား ရှင်းရှင်းလင်းလင်း မမြင်နိုင်ဘဲ

စူးရှသော

တလျှပ်လျှပ်တောက်ပနေသော

ဓားစွမ်းအင်နှင့် အလွန်လျင်မြန်သော

အမြန်နှုန်းကြောင့် ယန်ယွဲ့၏ပုံရိပ်က

အာကာသပြင်ကို ဆုတ်ဖြဲပစ်လိုက်သည်။

ဤအခိုက်အတန့်တွင်

သက်လတ်ပိုင်းစုံတွဲ၏အမူအရာများသ

ည်။ လုံး၀ကို လေးနက်လာသည်။

သူတို့ရှေ့ရှိ လူငယ်ကို

လျော့တွက်ထားမိမှန်းကောင်းကောင်းသိ

လိုက်ကြသည်။ သို့သော်လည်း

ဓားစွမ်းအင်က သူတို့ရှေ့တွင်

ရောက်နေသောကြောင့်

တွေးနေဖို့အချိန်မရှိတော့ပေ။

သက်လတ်ပိုင်းအမျိုးသား ဝမ်လင်းက

ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးကာ

လက်နှစ်ဖက်ကို မြှောက်ပြီး ပြိုင်တူ ရိုက်ချလိုက်သည်။

“အုန်း…”

ပြင်းထန်သောစွမ်းအားလှိုင်းတစ်က ရှေ့သို့ လွင့်ပျံလာပြီး ယန်ယဲ့၏ ဓားစွမ်းအင်နှင့် ထိတွေ့လိုက်သည်နှင့် တစ်ပြိုင်နက် အာကာသပြင်သည် ပြန်ထန်စွာ တုန်လှုပ်သွားသည်။

ထိုနောက် ဝမ်လင်းကိုယ်တိုင်လည်း
နောက်သို့ အကြိမ်ကြိမ်
ပြန်ဆုတ်သွားခဲ့ရသည်။

ဤအချိန်တွင်  အနီရောင်ဝတ်စုံဝတ်အ
မျိုးသမီးက သူမ၏ညာလက်ကို
ရုတ်တရက် ဆန့်ထုတ်လိုက်ရာ အနီရောင်
အလင်းတန်းတစ်ခု ပြေးထွက်သွားသည်။
သေချာအာရုံစိုက်ကြည့်လိုက်လျှင်
အနီရောင်အလင်းတန်းအတွင်းတွင်

ပါးလွှာနေသော

အနီရောင်စွပ်မ်းအင်ကြိုးများကို

သတိပြုမိပေမည်။

ယန်ယွဲ့သည် သူ့ဓားကို မြှောက်ပြီး

ခုတ်ချလိုက်သည်။ အနီရောင်

အလင်းတန်းကို

နှစ်ခြမ်းခွဲလိုက်သော်လည်း

အနီးရောင်ကြိုးမျှင်များက ရှိနေတုန်းပါ။

ထို့ပြင် ၎င်းက လေးထုကို ထိုးခွဲလျက်

ယန်ယဲ့၏ရင်ဘက်ကို တည့်တည့်

တိုးဝင်လာသည်။

သို့သော် ယန်ယဲ့သည်

ကောင်းကောင်းကြီးသတိပြုမိလိုက်သည်

။ ထိုနောက် သူ၏လက်ကိုဆန့်ကာ

အနီရောင်ကြိုးကို ဖမ်းဆုပ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ

ငင်းသယ်ဆောင်လာသော

စွမ်းအားကြောင့်

ယန်ယဲ့၏လက်တစ်ဖက်လုံးပင်
တုန်ယင်သွားခဲ့သည်။

“ပေါက်ကွဲစမ်း...”

အမျိုးသမီး၏အသံက
ပဲ့တင်ထပ်လာသည်။

“အုန်း..”

ယန်ယွဲ့၏လက်ထဲမှ

ကြိုးမျှင်ကကွဲထွက်သွားပြီးယန်ယွဲ့ကိုယ်

တိုင် ၃ကီလိုမီတာအကွာသို့

ချက်ချင်းလွင့်ထွက်သွားခဲ့သည်။

သို့သော်လည်း

ယန်ယွဲ့သည်အဆင်ပြေနေသောကြောင့်

အမျိုးသမီးသည်

မျက်နှာပျက်သွားခဲ့သည်။

ဤအခိုက်အတန့်တွင်

ယန်ယဲ့၏နောက်ကွယ်မှ ရောမ

နဂါးဖြူကြီးတစ်ကောင်ပေါ်လာသည်။

သူ၏ခန္ဓာကိုယ်သည်

အဖြူရောင်အလင်းတန်းများနှင့်

ဖုံးအုပ်ထားသည်။

အဖြူရောင်အလင်းတန်းများက

အနီရောင်ချည်မျှင်မှ ပေါက်ကွဲအားကို

လုံးလုံးလျားလျား တားဆီးထားသည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

သူမ၏မျက်နှာတွင် မမြင်နိုင်သော

အမူအရာဖြင့် ရှိနေသူမဟုတ်ဘဲ

ဝမ်လင်းလည်း အတူတူပင်။

သူ့ရှေ့ရှိလူငယ်၏ ခန္ဓာကိုယ်ခွန်အားက

ဤမျှကြောက်မက်ဖွယ်ကောင်းနေမည်

ကို မမျှော်လင့်ခဲ့ကြပေ။

လုံ့ကိုင်ထားသော အမျိုးသားပင်

မျက်လုံးထဲ၌

အံ့သြမှုများ

တဖျတ်ဖျတ်တောက်ပနေသည်။ ယန်ယဲ့

၏နောက်ကွယ်မှ နဂါးဖြူကြီးကို

စိုက်ကြည့်ရင်း စူးစမ်းချင်စိတ်များပင်

ပေါ်လာသည်။ ယန်ယဲ့သည် လည်ပင်းကို

ဘယ်ညာရမ်းလိုက်ပြီး

ရှေ့တစ်လှမ်းတိုးလိုက်သည်။

သူ၏ပတ်ပတ်လည်၌ ဒါဇင်ချီသော

ဓားချီများ ချက်ချင်းပေါ်လာပြီး ရှေ့ကို

နောက်ထပ်

ခြေတစ်လှမ်းတိုးလိုက်သည်နှင့်

နောက်ထပ် လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားလှိုင်းတစ်ခု ပေါ်လာခဲ့သည်။

ဓားနယ်မြေ။

သက်လတ်ပိုင်းအမျိုးသားနှင့်

သက်လတ်ပိုင်းစုံတွဲက အလယ်အလတ်

ဈာန်သခင်များဖြစ်သောကြောင့်

သူ၏ဝှက်ဖဲများ မထုတ်ဖော်ပါက
နှစ်ဦးစလုံးနှင့် တိုက်ခိုက်၍ မရနိုင်ပေ။

ဓားနယ်မြေနှင့် စွမ်းအင်လှိုင်းများ
ပေါ်လာသည်နှင့်တစ်ပြိုင်နက်
သက်လတ်ပိုင်စုံတွဲ၏အမူအရာများသည်
ပြောင်းလဲသွားသည်။ ဟန်ရီပင်လျှင်
မျက်လုံးထဲ၌ ဖုံးကွယ်မထားသော
ထိတ်လန့်မှုအချို့ပေါ်လာသည်။

ဓားနယ်မြေ။

၎င်းတို့၏ကျင့်ကြံမှုအဆင့်

များတွင်ဓားနယ်မြေအကြောင်း

သဘာဝကျကျသိကြသည်။ ထိုပြင်

အခြားသော

နယ်မြေစွမ်းအားများကိုပင် မြင်ဖူးကြသ

ည်ာ သို့သော်လည်း ဓားနယ်မြေကတော့

အလွန်ကို ရှားပါးလှသည်။

နားလည်နိုင်သူ မရှိသလောက်ပင်။

ဤအခိုက်အတန့်တွင် သူတို့ရှေ့ရှိ
လူငယ်လေးက ဓားနယ်မြေကိုပင်
နားလည်ထား၏။

ဤအချိန်တွင်
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက
အနည်းငယ် နောင်တရသွားမိသည်။
အခြေအနေကို ပြေလည်အောင်
မဖြေရှင်းနိုင်ခြင်းအတွက်
နောင်တရနေသည်။ အကယ်၍

ဝေးဝေးမသွားလျှင် ယခုကဲ့သို့

အသေအကျေ

တိုက်ခိုက်နေစရာမလိုအပ်ပေ။ ထို့ပြင်

လူငယ်က ထိုအသက်အရွယ်တွင်

ထိုကဲ့သို့ ခွန်အားကို

ပိုင်ဆိုင်ထားသောကြောင့်

ထူးခြားဆန်းကြယ်သော

အဖွဲ့အစည်းတစ်ခု၏ကျောထောက်နော

က်ခံ ရှိနေနိုင်သည်။ အတိုချုံးပြောရရင်

ထိုအခြေအနေက သူတို့အတွက်
ကြီးမားသော ကပ်ဘေးကို
ဖိတ်ခေါ်လိုက်သလိုပင်။ သို့သော်လည်း
ဤအချိန်တွင် ယန်ယဲ့၏ဓားများကို
ကိုင်တွယ်ဖြေရှင်းနေရသဖြင့်
ဆက်ပြီးစဉ်းစားနေဖို့ အချိန်မရှိတော့ပေ။

ယန်ယဲ့သည် သူ၏မျက်လုံးများကို
ဖြည်းညင်းစွာ မှိတ်ထားလိုက်သည်။
သူ၏မျက်လုံးများကို

မှိတ်ထားလိုက်သည်နှင့် ပတ်ဝန်းကျင်ရှိ

စွမ်းအင်ဓား( ၃၀)ကျော်က ရုတ်တရက်

လည်ပတ်လာသည်။

ထိုခဏလေးအတွင်းမှာပဲ

အလင်းတန်းများဖြာထွက်လာကာ

သက်လတ်ပိုင်းစုံတွဲကို ချက်ချင်းလွှမ်းခြုံ

သွားပါတော့သည်။

အလင်းတန်းများအတွင်းမှ
ပေါက်ကွဲသံများပဲ့တင်ထပ်ကာ
(၁၅)မိနစ်ခန့်ကြာသည်အထိပင်။

ထိုနောက်တွင် တဖြည်းဖြည်း
ပျောက်ကွယ်သွားခဲ့သည်။
ဤအတောအတွင်း ယန်ယဲ့သည်
လီရှတ်ရှီနှင့် ဝူယုရှေ့တွင်
ပြန်ပေါ်လာခဲ့သည်။
ယန်ယဲ့အသက်ရှင်နေသည်ကို

တွေ့လိုက်ရသောအခါ နှစ်ယောက်စလုံး

သက်သာရာရသွားကြသည်။

သူတို့နှစ်ယောက်စလုံးက ယန်ယဲ့ကို

အလေးအနက်ထား

ဂရုစိုက်နေတာမျိုးတော့မဟုတ်ပါ။

သို့သော် ဤအချိန်တွင် ယန်ယဲ့က

သူတို့နှင့်တစ်ဖွဲ့တည်း ဖြစ်နေသည်။

ယန်ယဲ့သေဆုံးသွားပါက နောက်ဆက်တွဲ

အကျိုးဆက်ဟာ

ရှောင်လွှဲနိုင်မည်မဟုတ်ပေ။ ဝမ်လင်းနှင့်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး(သက်

လတ်ပိုင်းစုံတွဲ)လည်း

ယန်ယွဲ့ရှေ့တွင်ပေါ်လာကြသည်။

နှစ်ယောက်စလုံး မသေဘဲ

အသက်ရှင်နေကြသည်။

သို့သော်လည်း

ဒဏ်ရာအပြင်းအထန်ရနေခဲ့သည်။

ဝမ်းလင်၏လက်နှစ်ဖက်ပြတ်တောက်

သွားသည်။

အမျိုးသမီးကပိုဆိုးနေသည်။

သူမ၏တစ်ကိုယ်လုံး

ဒဏ်ရာဒဏ်ချက်အပြည့်

ဖုံးလွှမ်းနေသည်။ အဓိကကတော့

သူမ၏မျက်နှာတစ်ခြမ်း

ပျောက်သွားခဲ့သည်။ လက်ရှိတွင်

အမျိုးသမီးက မလှုပတော့ဘဲ အလွန်

ကြောက်စရာကောင်းနေပုံရသည်။

သို့သော်လည်း ယန်ယဲ့သည်
ရပ်တန့်ရန်ရည်ရွယ်ချက် မရှိပေ။
သူသည် သက်လတ်ပိုင်းစုံတွဲဆီသို့
ဖြည်းညင်းစွာ လျှောက်လာခဲ့သည်။

ဤအချိန်တွင်
သက်လတ်ပိုင်းစုံတွဲ၏သားဖြစ်သော
အစောပိုင်းက လူငယ်က မလှမ်းမကမ်း၌
ရုတ်တရက် ပေါ်လာပြီး

“မင်းကိုတားဖို့ ဘာလိုလဲ…”

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသမီးကို
စိုက်ကြည့်ရင်း
“သူမငါ့လက်ကိုမလိုချင်ဘူးလား…။ အခု
သူ့အသက်ကို သတ်ပေးမယ်”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
ဆက်ပြီး တိုက်ခိုင်ရန်ပြင်သည်။ သို့သော်

ဟန်ရီက ယန်ယွဲ့ရှေ့တွင် ရုတ်တရက် ပေါ်လာခဲ့သည်။

သူသည် ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး “လူငယ်လေး ကျေးဇူးပြုလို့ ဂရုဏာပြပါ”ဟု ပြောလိုက်သည်။

ယန်ယွဲ့က ဟန်ရီကို ပြန်ကြည့်ပြီး “အကြောင်းပြချက်ပေးပါ”

ဟန်ရီက ပြုံးပြီး “မင်းအထဲကို

မဝင်ချင်ဘူးလား…။ ငါတို့မင်းကို

အထဲကိုဝင်ခွင့်ပေးလိုက်မယ်။

လုံလောက်ပြီးလား…”

ယန်ယဲ့က “မင်းတစ်ယောက်တည်းနဲ့

ငါ့ကို တားနိုင်ပါ့မလား…”

“ဟုတ်တယ် ဒါအမှန်ပါပဲ”

ဟန်ရီက ပြုံးပြီး "ဒီမှာ အလယ်အလတ်

စျာန်သခင် (၂၃)ယောက်ရှိတယ်။ ပညာရှင်

တစ်ပိုင်းအဆင့် တစ်ယောက်ပါရှိတယ်။

မင်း ငါတို့အားလုံးကို

တိုက်ခိုက်နိုင်မယ်လို့ ယုံကြည်သလား..."

တစ်ချိန်တည်းမှာပဲ လီရှို့ရှီက

"ဒီမှာကျင့်ကြံသူ

အများကြီးရှိနေတာလား...” ဟု

ရုတ်တရက် မေးလိုက်သည်။

ဟန်ရီ က

ခေါင်းညိတ်ပြသည်။ ယန်ယဲ့ကိုစိုက်ကြ

ည့်ကာ“ညီငယ်၊ ငါတို့အားလုံးက

မူလအစဒါမှမဟုတ်

အခြားအရာတွေအတွက်

ဒီကိုရောက်လာတာပဲ

သေတဲ့အထိတိုက်ခိုက်ဖို့ မလိုအပ်ပါဘူး။

အစ်ကိုဝမ်လင်းရဲ့ မိသားစုက စောစောက

ဖြစ်ပျက်ခဲ့တာတွေအတွက်

သူတို့ကမှားတာ။ ဒီတော့ သူတို့ကိုယ်စား

ဒါပဲ တောင်းပန်ပါတယ်။ အခု မင်းတို့က

သုံးယောက်စလုံးကို

ငါတို့နဲ့ပူးပေါင်းပြီးတော့

လျှို့ဝှက်ဆန်းကြယ်သော

မူလအစကိုရှာဖို့ တရားဝင်
ဖိတ်ခေါ်ပါတယ်။ ညီငယ် မင်းဒီလိုလုပ်ဖို့
ဆန္ဒရှိသလားလို့ ငါမေးချင်တယ်”

ယန်ယဲ့က ခဏမျှစဉ်းစားပြီးနောက်
ပြုံးလိုက်သည်။ “ဒါပေါ့”

သူ့စားကိုသိမ်းလိုက်သည်။

အမှန်တော့သူသည် အစကတည်းကပင်

ပတ်ဝန်းကျင်တွင် အစွမ်းထက်

အရှိန်အဝါအများအပြားကို

ခံစားလိုက်ရသည်။ သို့သော်

သဘာဝအတိုင်း မကြောက်ပေ။

အဓိကကတော့ မလိုအပ်ပဲ

သေသည်အထိ မတိုက်ခိုက်လိုပေ။

သူသည် ဝမ်လင်းနှင့်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးတို့ကို

မကျေမနပ်ဖြစ်ရှုံလောက်သာ။

သတ်ပစ်ရလောက်သည်အထိ

မဟုတ်ပေ။ သူသည်

လူသတ်ခြင်းကိုစွဲလမ်းနေသော  အရူးလူ

သတ်သမားတစ်ယောက်မဟုတ်ပေ။

အဓိကကတော့ သူ၏ခွန်အားကို ပြသပြီး

လူတိုင်းအသိအမှတ်ပြုအောင်လို့ အဓိက

လုပ်ဆောင်ခဲ့တာဖြစ်သည်။ သို့မှသာ

သူတို့အဖွဲ့ကို

ဝင်ရောင်ပူးပေါင်းခွင့်ပေးမည်ဖြစ်သည်။

ဤအချိန်တွင် သူ၏ရည်မှန်းချက်က

ပြီးမြောက်သွားခဲ့ပါပြီ။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၂၇

[အဆိုးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

အမှန်တော့ သူသည် လုံး၀ ဂရုမစိုက်ပေ။

အလယ်အလတ် ဈာန်သခင်များက
သူ့အားသတ်ဖို့
အလွှန်ခက်ခဲပါသည်။  ကောင်းကင်နဂါး
ကို ပေါင်းစပ်ပြီးနောက် သူ၏ ရုပ်ခန္ဓာက

အလယ်အလတ်စျာန်သခင်များကို
ဂရုစိုက်နေစရာ မလိုတော့ပါ။

ယန်ယဲ့က ရပ်တန့်လိုက်ကြောင်း
မြင်သောအခါ ဝမ်လင်းနှင့်
သူ၏မိသားစုက သက်ပြင်းချနိုင်ခဲ့သည်။
ယန်ယဲ့သာ ငြင်းပါက ဟန်ရှီနှင့်
အခြားလူတိုင်း ငြိမ်ခံမနေသည့်တိုင်
သူတို့က အုပ်စုထဲမှ ထုတ်ပယ်ခံရဖို့
အလားအလာများသည်။

ဟန်ရီက ယန်ယဲ့ဆီ လျှောက်လာကာ
“ညီငယ်၊ မင်းနာမည် ဘယ်လိုခေါ်လဲ…”

ယန်ယဲ့က “ ငါ ယန်ယဲ့”

ဟန်ရီက ခေါင်းညိတ်ပြသည်။ “လာ
ဒီနေရာလေးအကြောင်း
နည်းနည်းလောက် ပြောပြပါရစေ”

ခဏအကြာတွင် ဟန်ရီက သူတို့အဖွဲ့ကို

နေရာတံခါးဝဆီသို့ ခေါ်သွားသည်။

ဤနေရာတွင် လူတစ်ဒါဇင်ကျော်ရှိကာ

၎င်းတို့အနက် အားအနည်းဆုံးက

အလယ်အလတ် ဈာန်သခင်ဖြစ်သည်။

ယန်ယွဲ့နှင့်အဖွဲ့ ရောက်လာသောအခါ

လူတိုင်း

သူတို့အားစူးစိုက်ကြည့်နေကြသည်။

သို့မဟုတ် ပို၍အတိကျပြောရလျှင် ယန်ယဲ့ကို အာရုံစိုက်နေကြသည်။

ယန်ယဲ့က လူတိုင်းကို ပြန်စိုက်ကြည့်သောအခါ အားလုံးက နှုတ်ဆက်သည့်ပုံစံဖြင့် ခေါင်းညိတ်ပြကြသည်။ သူတို့က အစောပိုင်းတိုက်ပွဲကို သဘာဝအတိုင်း မြင်ဖူးထားသည်။ ခွန်အားရှိသူတိုင်း (သန်မာသူတိုင်း)က

အခြားသူများ၏အသိအမှတ်ပြုခံရဖို့
သဘာဝအတိုင်း လွယ်ကူပါသည်။
လူသားတို့၏ဆက်ဆံရေးသည်
အပြန်အလှန်အရာရာဖြစ်သည်။

ဟန်ရီက အဝေးကို ညွှန်ပြလိုက်သည်။
“ဒါကို တွေ့ကြလား...”

ယန်ယဲ့က ကျော်ကြည့်လိုက်သည်။
ရောမစက်ပုံစံ သံမဏိတံခါးချပ်ကြီးကို

လှမ်းမြင်လိုက်ရသည်။ ၎င်းသည်
သူ့ရှေ့ရှိ အဆောက်အဦး၏
ဝင်ပေါက်ဖြစ်သည်။

ယန်ယဲ့က "ဖွင့်လို့မရဘူးလား..."

ဟန်ရီက ခေါင်းခါလိုက်သည်။ "ရတယ်
ဒါပေမဲ့ ငါတို့မဝင်ရဲဘူး"

ယန်ယဲ့က အံ့သြသွားသည်။

"ဘာလို့လဲ..."

ဟန်ရီက "ဘာလို့လဲဆိုတော့ ဝင်တဲ့လူတိုင်း ဘာမှန်းမသိခင်မှာဘဲ သေသွားလို့။ ငါတို့ထဲက တချို့ဝင်ပြီးသွားပြီး။ ဒါပေမဲ့ သူတို့တွေအားလုံး သဲလွန်စမရှိဘဲ ပျောက်သွားတယ်။ ဒါအပြင် သူတို့မသေခင်မှာ သူတို့ရဲ့

ကြောက်လန့်တကြားအော်ဟစ်သံတွေကို
ပါ ကြားလိုက်ရတယ်”

ယန်ယဲ့က “အဲ့ဒီအထဲမှာ
တစ်ခုခုရှိနိုင်မလား…”

ဟန်ရီက ခါးသီးစွာ ရယ်မောလိုက်ပြီး
“အဲ့ဒီမှာ ဘာရှိတယ်ဆိုတာ  ငါတို့ဘာမှကို
မသိသေးဘူး။ ဒါပေမဲ့ ငါတို့မကြာခင်

အထဲဝင်ရမယ်။ မဟုတ်ရင် မကြာခင်မှာ
ပျောက်ကွယ်သွားနိုင်တယ်”

“ပျောက်သွားတော့မှာလား…”

ယန်ယဲ့က ဟန်ရီကို ကြည့်ပြီး
“ဘာကြောင့်လဲ…”

ဟန်ရီက “ဒါက ခဏခဏပျောက်သွားပြီး
နောက်တစ်နေရာမှာ

ပြန်ပေါ်လာတက်တယ်။

ဘာကြောင့်ဒီလိုဖြစ်တယ်ဆိုတာ

ငါတို့မသိဘူး ဒီဂြိုလ်က မကြီးမားပေမဲ့။

သေးသေးလေးတော့မဟုတ်ဘူး။

ဒါကြောင့် ပျောက်သွားရင် ပြန်ရှာတွေ့ဖို့

အတော်လေးအားထုတ်ရမယ်။ ဒါအပြင်

မဟာလမ်းစဉ် လေးခုနှင့် အခြား

လျှို့ဝှက်ဆန်းကြယ်အင်အားစုက

သူတို့တပ်ဖွဲ့တွေကို အခုလောက်ဆို

စေလွှတ်ထားလောက်ပြီ။ သူတို့ဒီရောက်လာပြီးတော့ ဒီနယ်မြေရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်တာနဲ့ ငါတို့အတွက် ဘာမှကျန်တော့မှာမဟုတ်ဘူး။ အမြိုက်ပဲကောက်နေရမယ်”

သူက အသက်ပြင်းပြင်းရှူပြီး “ကဲ ငါတို့နောက်ဆုံးတစ်ခေါက်ထပ်ပြီး ကြိုးစားကြည့်ဖို့ စီစဉ်ထားတယ်” ဟု ဆက်ပြောသည်။

ဟန်ရီက အဝေးကိုလှမ်းကြည့်ကာ

“အတင်းအကျပ် ချိုးဖျက်မယ်။

ဒါပေမဲ့အထဲကို

ချက်ချင်းမဝင်ကြသေးဘူး”

ယန်ယဲ့က

အဝေးကိုလှမ်းကြည့်လိုက်သည်။

သူ့ရှေ့ရှိ ဧရာမအဆောက်အဦးကြီးကို

ငေးကြည့်ရင်း စိတ်ထဲတွင်

တော်တော်လေး

စိတ်မသက်သာခံစားလိုက်ရသည်။

သူသည် အန္တရာယ်ကို ခံစားလိုက်ရသည်။

သမိုင်းမတင်မီခေတ်က မျိုးနွယ်စု၏

ယဉ်ကျေးမှု(သမိုင်းမတင်မီခေတ်က

မျိုးနွယ်စု)။ ထိုအရာများအားလုံးက

သမိုင်းမတင်ခေတ်က

မျိုးနွယ်စုချန်ထားခဲ့သောအရာများပင်ဖြ

စ်သည်။ ဒါဆို သူတို့ရဲ့

သိုင်းပညာတာအိုက

ဘယ်လိုအဆင့်ရှိမလဲ။ ထိုနေရာတွင်

သမိုင်းမတင်မီခေတ်က အဖြေများကို

ဝှက်ထားနိုင်သည်။ သူတို့၏

အကြံအစည်းမှာ

လျှို့ဝှက်ဆန်းကြယ်သော

အပျက်အစီးနယ်မြေထဲမှ

ထူးခြားသည့်အရာကိုအတူတကွ

ပူးပေါင်းတိုက်ခိုက်ရန်ဖြစ်သည်။

အခြားသူတိုင်းက ထိုအရာကို
ကန့်ကွက်ခြင်းမရှိကြချေ။

ခဏအကြာတွင်တော့ ထိပ်တန်းအဆင့်
ကျင့်ကြံသူများက
အပျက်အစီးနယ်မြေထဲကို
အရင်ဆုံးဝင်ရောက်ဖို့
ရွေးချယ်လိုက်ကြသည်။
အဆင့်မြင့်ကျင့်ကြံသူ
တစ်ဒါဇင်ကျော်သည်

လျှို့ဝှက်ဆန်းကြယ်သော

အပျက်အစီးနယ်မြေ အပေါ်ဖက်ရှိ

ကောင်းကင်ယံသို့ ရောက်ရှိလာသည်။

အပေါ်ကနေ

လှမ်းကြည့်လိုက်သည့်အခါတွင်

လျှို့ဝှက်ဆန်းကြယ်သော

အပျက်အစီးနယ်မြေက ပန်းကန်ပြားကြီး

တစ်ခုကဲ့သို့ ဖြစ်နေပါသည်။

ဟန်ရီက လူတိုင်းရှေ့တွင်ရပ်ပြီး“လူတိုင်း ဒီအရာက အရမ်းအန္တရာယ်များတယ်။ ဒါကြောင့် ဘယ်သူနောက်ဆုတ်ချင်သလဲ…” ဟုပြောလိုက်သည်။

လူတိုင်း ခေါင်းခါသည်။ ဤအခိုက်အတန့်တွင် မည်သူက နောက်ဆုတ်မည်နည်း။ အန္တရာယ်ကို ရင်ဆိုင်ပြီး ဆက်ကြိုးစားလျှင်

သူတို့၏ဘဝကိုပြောင်းလဲသွားစေနိုင်သ
ည် မဟုတ်ပါလား။

ဟန်ရီက အနည်းငယ်ခေါင်းညိတ်သည်။
“ဒီလိုဆို အတူတူတိုက်ခိုက်ကြရအောင်”

စကားပြောပြီးသည်နှင့် တစ်ပြိုင်နက်
ဟန်ရီက သူ့နောက်ကျောရှိ
သိုင်းလွယ်ထားသော လှံကို
ဆွဲဖြုတ်ပြီး  အောက်ဘက်သို့

ပစ်ချလိုက်သည်။ တစ်ချိန်တည်းမှာပင်

အခြားလူတိုင်းလည်း

တိုက်ခိုက်ကြသည်။ ကောင်းကင်ယံမှာ

အလင်းတန်းများ အဆက်မပြတ်

ဆင်းသက်လာကာ

လျှို့ဝှက်ဆန်းကြယ်သော

အပျက်အစီးနယ်မြေ အပေါ်ဘက်သို့

ကျရောက်သွားခဲ့သည်။

“အုန်း…”

အပျက်အစီးနယ်မြေ၏အပေါ်ဘက်ထိပ်

ပိုင်းမှ ပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။ ခဏအကြာတွင်

သူတို့ရှေ့တွင်

အပေါက်ကြီးတစ်ခုပေါ်လာသည်။

အားလုံးက အကြည့်ချင်း

ဖလှယ်လိုက်သော်လည်း

မည်သူမှမဝင်ရဲကြပေ။

တစ်ချိန်တည်းမှာပင် ဟန်ရီက ရုတ်တရက် ပြောလိုက်သည်။ “အထဲကို အတူတူဝင်ကြရအောင်”

လူတိုင်းခေါင်းညိတ်ကာ ကန့်ကွက်သူမရှိကြောင်းပြလိုက်သည်။ ခဏအကြာတွင် အားလုံးအပျက်အစီးနယ်မြေထဲသို့ ဝင်လာကြသည်။

အမှောင်ထု။

အဆုံးအစမဲ့သော အမှောင်ထုကြီး။

အပျက်အစီးနယ်မြေထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက်အဆုံးအစမဲ့သော အမှောင်ထုကြီးကသာ လူတိုင်းကို ဆီးကြိုနှုတ်ဆက်နေသောကြောင့် ဘာမှမမြင်ရပေ။ လူတိုင်း၏ မျက်နှာတွင်

သတိအပြည့်အမူအရာများ

ဖုံးလွှမ်းသွားသည်။

“ဆူး…”

ဤနေရာတွင် မီးတောက်တစ်ခု

ရုတ်တရက် ပေါ်လာသည်။

မီးတောက်များပေါ်လာသည်နှင့်

ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း

မြင်လိုက်ရသည်။

ပတ်ဝန်းကျင်တစ်လျှောက် အနက်ရောင်

နံရံများ ဖုံးအုပ်ထားသည်။

နံရံများအထက်၌ ထူးဆန်းသော

ပုံသဏ္ဌာန်များ  သင်္ကေတများ

ရေးထိုးထားသည်။

“ဒါတွေက ဘာတွေလဲ...”

လီရှို့ရှီက ယန်ယွဲ့၏နံဘေးတွင်

ရပ်နေရင်း

“ကြယ်တာတွေလင်းလက်နေတဲ့
ကောင်းကင်ပြင်ကြီးလိုပဲ”

ယန်ယဲ့သည် နံရံများကို
စိုက်ကြည့်နေသည်။ မှန်သည်။
လီရှုဘရှီပြောသလိုပင်။ နံရံများပေါ်တွင်
ရေးဆွဲထားသောအရာများက
အပြင်လောက အာကာသထဲမှ
အဆုံးအစမဲ့ကြယ်တာရာများနှင့်တူညီခဲ့
သည်။

“ကြည့်လိုက်”

လီရှို့ရှိုက နံရံများကို လက်ညှိုးထိုးပြသည်။ “သူတို့ထဲက တစ်ခုစီတိုင်းက မတူကွဲပြားတဲ့ အပြင်လောက အာကာသအကျယ်အဝန်းပဲ”

လျှို့ဝှက်ဆန်းကြယ်သော

အပျက်အစီးနယ်မြေသည်

အလွန်ကြီးမားသောကြောင့် ၎င်းတို့

ပတ်ဝန်းကျင်ရှိ သံမဏိနံရံများသည်

အလွန်ကြီးမားလှသည်။ နံရံတစ်ခုစီက

အနည်းဆုံး အမြင့် မီတာ(၁၀၀)နှင့်

အကျယ် မီတာ (၃၀)လောက်ရှိခဲ့သည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ရာ နံရံများတွင်

ရေးဆွဲထားသော ပြင်ပလောက

အာကာသ အနည်းဆုံး

(၁၀၀)ခန့်ရှိနေသည်ကို

သတိပြုမိလိုက်သည်။

“ဒါတွေအားလုံးက ဘာတွေလဲ”

လူတိုင်း၏စိတ်ထဲတွင် ထပ်တူညီသော

မေးခွန်းများ ပေါ်လာကြသည်။

လျှို့ဝှက်ချက်တစ်ခုအား

ရှာဖွေတွေ့ရှိသွားသလိုပင်

လီရှို့ရှီ၏မျက်လုံးများက ရုတ်တရက်

ဝင်းလက်လာသည်။

အခြားသူတိုင်းလည်း သူမ၏

ပုံမှန်မဟုတ်သော အမူအရာကို

သတိပြုမိသောကြောင့်

စိုက်ကြည့်နေသည်။

တစ်ချိန်တည်းမှာပင် ဟန်ရီက ပြုံးပြီး

“သမီးငယ်လေး တစ်ခုခုကို

သတိထားမိလား…”

လီရှို့ရှီ၏မျက်လုံးများ

ဝိုင်းစက်သွားသည်။

ယန်ယွဲ့က ရုတ်တရက်

လေးနက်စွာပြောလိုက်သည်။

“မင်းတစ်ခုခုသတိထားမိတယ်ဆိုရင်
ငါတို့ကိုပြော”

လီရှို့ရှီက လှည့်ကွက်အချို့ကို ကစားရန်
ရည်ရွယ်နေပုံပင်။ သို့သော်လည်း
ထိုအတိုင်း လုပ်ဆောင်ပါက
သေချာပေါက် အသတ်ခံရနိုင်၏။
အကြောင်းမှာ ဤနေရာရှိ မည်သူက
အားနည်းနေသလား။ ချွင်းချက်အနေဖြင့်
လီရှို့ရှီနှင့်ဝူယုသာ  အဖွဲ့တွင် အညံ့ဆုံး

အားအနည်းဆုံးအဖြစ် ယူဆနိုင်သည်။
ယန်ယဲ့ကြောင့်သာ မဟုတ်ပါက
သူတို့နှစ်ယောက်ကို ဟန်ရီက အဖွဲ့ထဲသို့
ဖိတ်ခေါ်မည်တောင်မဟုတ်ပေ။

“အဲ့ဒါကို ပြောပြပါဦး”

သေချာသည်မှာ လီရှို့ရှီက
စဉ်းစားရင်းတွေးတောနေပုံရသည်။
ဟန်ရီက ယန်ယဲ့နှင့် ဝူယူကို

ကြည့်လိုက်ပြီးနောက် ပြုံးပြလိုက်သည်။
ထိုနောက် သူသည်  လီရှို့ရှိကို
စိုက်ကြည့်နေသည်။ ထိုအချိန်တွင်
လီရှို့ရှိက တစ်စုံတစ်ခုကို
ရိပ်မိသွားပုံရပြီး လှည့်ကွက်ကစားဖို့
မကြိုးစားတော့ပေ။

သူမက နံရံပေါ်ရှိ အာကာသ
သင်္ကေတများကို ညွှန်ပြပြီး
“အကြီးအကဲ၊ အဲ့ဒါတွေကိုကြည့်လိုက်

သူတို့နဲ့ ပတ်သတ်တာ ထူးထူးခြားခြား
တစ်ခုခုများရှိသလား…”

အားလုံးနံရံထက်ရှိ ကားချပ်များကို
ငေးကြည့်နေသော်လည်း မျက်လုံးထဲ
အံ့သြမှုများသာ ပြည့်နှက်နေခဲ့သည်။

ဟန်ရီက လီရှုလရှီကို စိုက်ကြည့်ရင်း
ပြုံးလိုက်သည် “သမီးငယ်လေး
ချုံပုတ်တစ်ပိုက်မှာ ပတ်ရိုက်နေတာကို

ရပ်လိုက်။ ငါတို့အားလုံး စိုးရိမ်နေကြပြီ။
ဒါကြောင့် ပွင့်ပွင့်လင်းလင်းပြောပါ”

လီရှို့ရှီက ခေါင်းညိတ်လိုက်သည်။
“တစ်ချိန်တုန်းက
သိုင်းအင်ပါယာကျောင်းတော်ရဲ့
စာကြည့်တိုက်မှာ  ငါတို့ လောကသုံးပါးရဲ့
မြေပုံကို မြင်ဖူးခဲ့တယ်။
အတိတ်တစ်ချိန်က ကျင့်ကြံသူတွေဟာ

လောကသုံးပါးရဲ့ သေးငယ်တဲ့ မြေပုံကို ဖန်တီးခဲ့ကြတယ်”

သူမက အဝေးရှိ ပုံချပ်တစ်ချပ်ကို လက်ညှိုးထိုးပြသည်။ “ဒါက ငါတို့ လောကသုံးပါးပဲ”

အားလုံးက သူမညွှန်ပြသည့် နံရံအထက်မှပုံကို စိုက်ကြည့်ကြသည်။ ယန်ယွဲ့လည်း အလားတူပင်။

တုန်လှုပ်ချောက်ချားခြင်း။

Translated by NyiNyiSoe

..အပိုင်း ၂၄၂၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

လီရှို့ရှီပြောတဲ့အတိုင်းသာ

အမှန်ဖြစ်နေခဲ့လျှင်

အခြားပုံ(ကားချပ်)များအားလုံးက

ကြယ်တာရာမြေပုံများဖြစ်နေသောကြော

င့် ၎င်းသည် လောကသုံးပါးကဲ့သို့

မရေမတွက်နိုင်သော

အခြားစကြဝဠာများရှိသည်ဟု

ဆိုလိုပေသည်။ ထို့ပြင် အချို့သော

ကြယ်တာရာမြေပုံများသည်

ဤလောကသုံးထက်ပင် ပို၍
ကြီးမားခဲ့သည်။ အထူးသဖြင့်
ဤနေရာတွင် အများအပြားရှိခဲ့သည်။

လူအုပ်ထဲမှ တစ်ယောက်က “အဲ့ဒီမှာ
လမ်းကြောင်းရှိတယ်”
ဟုပြောလိုက်သည်။

လူတိုင်း အတွေးထဲ နစ်မြုပ်နေရာမှ
ရုန်းထွက်လိုက်ပြီး

ရှေ့သို့မျှော်ကြည့်လိုက်သည်။

သို့သော် ပိန်းပိတ်မှောင်နေသော

အနက်ရောင် အမှောင်ထုကြီးသာ

ဖြစ်နေသောကြောင့် အထဲတွင် ဘာကိုမှ

မမြင်ရပေ။

တစ်ယောက်ယောက်က "ငါတို့ အဲဒီကို

ဆင်းမှာလား..."ဟုမေးလိုက်သည်။

ဟန်ရီက ခေါင်းညိတ်ကာ "ဒါပေါ့ မဟုတ်ရင် ငါတို့ဒီနေရာကို ဘာအတွက် လာတော့မှာလဲ..."

တစ်ယောက်က "ဒါဆို ဘယ်သူအရင်သွားမှာလဲ..." ဟု ဆက်မေးသည်။

ဟန်ရီက ထိုမေးခွန်းအား မေးလိုက်သူအား

တစ်ချက်စိုက်ကြည့်လိုက်သည်

“လူတိုင်း မင်းတို့

အကျိုးအမြတ်ရှိတဲ့အခါ

အန္တရာယ်ရှိမရှိကို အခြားတစ်ယောက်ကို

ကြိုပြီး စေသွားခိုင်းချင်တာ သဘာဝပဲ

ငါကောင်းကောင်းသိတယ်။

မင်းတို့အားလုံး အဲ့ဒီလိုတွေးရင်

ငါတို့အားလုံး ဒီခရီးကနေ

လက်ဗလာနဲ့ချည်းပဲ အိမ်ပြန်သွားရမှာ”

သူက လူတိုင်းကို လှည့်ကြည့်ကာ “ငါတို့
အတူတူဆင်းကြမယ်
ကန့်ကွက်တဲ့လူရှိသလား...”

လူတိုင်း
ကိုယ်ပိုင်အစီအစဉ်များရှိသော်လည်း
အမြင်ကျဉ်းသူများ မဟုတ်ပေ။
ထို့ကြောင့် လက်ရှိတွင် အတွင်းပိုင်း
ပဋိပက္ခများ ဖြစ်လို့မရကြောင်း
ကောင်းကောင်းသိထားကြသည်။

ဟန်ရှိပြောထားသည့်အတိုင်း

လတ်တလော အတူပူးပေါင်းရမည်ကို

ကောင်းစွာ သဘောပေါက်ထား၏။

မဟုတ်လျှင် အားလုံး လက်ဗလာနှင့်

ပြန်သွားရပေမည်။

အတွင်းပိုင်း ပဋိပက္ခ သို့မဟုတ်

အတွင်းရေး တိုက်ပွဲများနှင့်

ပတ်သက်၍တော့ လူတိုင်းမူလအစ

သို့မဟုတ် အခြားသောအဖိုးတန်

ရတနာအချို့ကို ရှာတွေ့ပြီးနောက်မှသာ ဖြစ်နိုင်မည်။

တိုက်ပွဲ ဤမဟာမိတ်အဖွဲ့သည် ယာယီမျှသာဖြစ်ကြောင်း လူတိုင်း ကောင်းကောင်းသိကြသည်။

တစ်ချိန်တည်းမှာပင် လီရှို့ရှီက ရုတ်တရက် ပြောလိုက်သည်။

"အဲ့ဒီနံရံပေါ်က မြေပုံတွေကို ငါတို့ ဘယ်လိုလုပ်ကြမလဲ..."

အားလုံးတိတ်ဆိတ်သွားကြသည်။ နံရံတစ်လျှောက်ရှိ ကြယ်တာရာမြေပုံများက သာမန်မဟုတ်မှန်း လူတိုင်းသိကြသည်။ ၎င်းသည် မရေမတွက်နိုင်သော စကြဝဠာများ(လောကတစ်သောင်း)၏ လမ်းပြမြေပုံများ ဖြစ်ခဲ့သည်။

ထိုမြေပုံများက သူတို့အတွက်
အသုံးမဝင်သည့်တိုင်း
အပြင်လောကတွင် တန်ကြေးမြင့်မြင့်
ရောင်းချနိုင်သည်။ ဥပမာအားဖြင့်
သိုင်းကေရာဇ်ကျောင်းတော်နှင့်
မဟာလမ်းစဉ် လေးခုက သေချာပေါက်
ဝယ်ယူပါလိမ့်မည်။

ဤအချိန်တွင် အားလုံးက ဟန်ရီကို စိုက်ကြည့်နေကြသည်။

ဟန်ရီက ခဏမျှစဉ်းစားပြီး “လူတိုင်း ငါတို့က ဒီအရာတွေကို နံရံထက်မှာပဲ ထားခဲ့ဖို့ အကြံပေးချင်တယ်”

လူတစ်ယောက်က ချက်ချင်းမေးလိုက်သည် “ဘာလို့လဲ…”

ဟန်ရီက ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းယူနိုင်ပေမဲ့

အသက်ရှင်နေမယ်လို့ အာမခံလား...။

မဟာလမ်းစဉ်ကြီးလေးခု

သိုင်းအင်ပါယာကျောင်းတော်နဲ့

အဲ့ဒီလျှို့ဝှက်ဆန်းကြယ်တဲ့

အင်အားစုတွေက

ဒီအပျက်အစီးနယ်မြေကို

သေချာပေါက်သိထားတယ်။ ဒီနေရာမှာ

ကြယ်တာရာမြေပုံတွေရှိတယ်ဆိုတာကို

ပါ  အနည်းနဲ့အများတော့

သိထားနိုင်တယ်။ အဲ့ဒီအချိန်မှာ မင်းက

ဒါတွေကို ဆက်ပြီး

ဆုပ်ကိုင်ထားနိုင်မယ်လို့ ထင်လို့လား…။

ဒါမှမဟုတ် သူတို့ရဲ့ လက်ထဲကနေ

လွတ်အောင် ထွက်ပြေးနိုင်ပါ့မလား…”

ထိုလူ၏နှုတ်ခမ်းများ

လှုပ်ယမ်းသွားသည်။ သေချာသည်မှာ

ထိုလူသည် ထိုအကြောင်းကို
မတွေးမိလိုက်ပေ။ ထိုအချိန်တွင်
ယန်ယဲ့သည် မတက်နိုင်ဘဲ ဟန်ရီကို
တစ်ချက်လှမ်းကြည့်လိုက်မိသည်။
ထိုလူကအတော်လေး ထူးခြားလှသည်။
အမှန်တော့ ဟန်ရီက ထိုကဲ့သို့
သွေးဆောင်မှုကို
သာမန်အရာတစ်ခုလိုသာ
ကျော်ဖြတ်သွားခဲ့သည်။ ထိုသို့သော

ဉာဏ်ပညာနှင့်
စိတ်ဝိညဉ်အခြေအနေ(စိတ်စွမ်းအား)ပိုင်
ဆိုင်ထားသူတစ်ဦးက ရှားပါးလှသည်။

တစ်ချိန်တည်းမှာပင် ဟာန်ရီက
ဆက်ပြောသည်။ "မင်းတို့အားလုံးရဲ့
မှတ်ဉာဏ်တွေက
ဒီလမ်းပြမြေပုံတွေအားလုံးကို မှတ်မိဖို့
လုံလောက်တယ်ဆိုတာ သေချာပါတယ်။
ဟုတ်တယ်လား..."

လူတိုင်း၏မျက်လုံးများတောက်ပလာသ

ည်။ မှန်သည်။ လူတိုင်းက

နံ့ရံတစ်လျှောက်ရှိ မြေပုံများကို

စိတ်ဝိညဉ်ပုလဲထဲတွင်

မှတ်သားထားနိုင်သည်။ ထိုအတိုင်းစဖြင့်

လူတိုင်းက ပြဿနာကို  အလိုလို

ရှောင်တိမ်းပြီးသားဖြစ်သည်။ လူတိုင်းက

ပတ်ဝန်းကျင်ကို

ခဏကြာအောင်စိုက်ကြည့်ကာ

ကြယ်တာရာမြေပုံများ အားလုံးကို

မှတ်သားလိုက်ကြသည်။ ယန်ယွဲ့သည်

ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်ကာ

နံရံတစ်လျှောက်ရှိ

ကြယ်တာရာမြေပုံများကို

လိုက်လံမှတ်သားခဲ့သည်။ နောင်တွင်

သူ့အတွက် အဆင်ပြေနိုင်သောကြောင့်

ရသမျှ အရာတိုင်းကို မှတ်ယူခဲ့သည်။

(၁၅)မိနစ်ခန့်အကြာတွင်တော့

ကြယ်တာရာမြေပုံများက လူတိုင်း၏

မှတ်ဉာဏ်ထဲသို့

ဝင်ရောက်သွားကြပါသည်။

“သွားကြရအောင်”

ဟန်ရီက စကားပြောပြီးနောက်

ဖြည်းညင်းစွာလျှောက်သွားသည်။

လူတိုင်း နောက်ကနေ

အနီးကပ်လိုက်ပါကြသည်။

သူတို့နှင့်အတူ မီးတုတ်များပါ

တစ်ခါတည်း ယူလာသည်။ သို့သော်

လူတိုင်းက ပတ်ဝန်းကျင်ကို

ရှင်းရှင်းလင်းလင်း မမြင်နိုင်ပါ။

ခဏအကြာတွင်တော့ လူတိုင်း

မြေပြင်ပေါ်သို့ ဆင်းလာကြသည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

မီးတုတ်များမှ အလင်းရောင်သည်

ပတ်ဝန်းကျင်ကို

ဝေးဝေးမရောက်နိုင်သောကြောင့်

အချင်းချင်းသာ မြင်တွေ့နိုင်သည်။

“ခလွပ်...”

ဤအချိန်တွင် ကြည်လင် ပြတ်သားသော

အသံတစ်သံထွက်ပေါ်လာပြီးနောက်

နောက်တစ်ကြိမ် ထပ်ပြီး မြည်လာသည်။

အချိန်သိပ်မကြာလိုက်ဘဲ သူတို့နှင့်
မလှမ်းမကမ်းသို့
အဖြူရောင်အလင်းတန်းကြီးတစ်ခုပေါ်
လာသည်။

“တံခါးချပ်တစ်ခုပဲ”

ထိုနေရာတွင် တံခါးချပ်တစ်ခု
ပေါ်လာသည်ကို
လူတိုင်းမြင်တွေ့လိုက်ရသည်။

လူတိုင်းက အကြည့်ချင်းမလှယ်ကာ ဟန်ရှိက

“သတိထားကြ”

ထိုနောက် လူတိုင်း အသီးသီး ခေါင်းညိတ်ကာ တံခါးချပ်ဆီသို့ ထွက်သွားကြသည်။ ဤအချိန်တွင် ယန်ယွဲ့၏လက်ထဲ၌ ဓားတစ်လက် တိတ်တဆိတ် ပေါ်လာသည်။

သူ၏ပင်ကိုယ်က

ဆိုးရွားသောအရာတစ်ခု

ဖြစ်လာတော့မည်ဖြစ်ကြောင်း

ပြောနေခဲ့သည်။ လူတိုင်း တံခါးချပ်နှင့်

(၁၅)မီတာခန့်အကွာသို့ ရောက်လာသည့်

အချိန်တွင် နားကွဲမတတ်

စူးရှသောအော်သံ ထွက်ပေါ်လာသည်။

ထိုခဏလေးမှာပဲ

လူတိုင်း၏နားစည်းများ ကွဲအက်သွားကာ

သွေးများ

ချက်ချင်းပန်းထွက်လာတော့သည်။

ယန်ယဲ့သည်  သူ၏ ခန္ဓာကိုယ်က

လုံလုံလောက်လောက်သန်မာသောကြော

င့် အခြားသူများနှင့် နှိုင်းယှဉ်လျှင်

အဆင်ပြေနေဆဲဖြစ်သည်။

သို့သော်လည်း သူ့အတွက်

အဆင်မပြေပါ။ စူးရှသောအော်သံက

သူ့ခေါင်းကို ဆေးထိုးအပ်နှင့်

ထိုးဆွနေသလိုပင်။ အခြေအနေက

ထိုမျှနှင့် အဆုံးမဟုတ်သေးပါ။ ယန်ယဲ့၏

ညာဘက်မှ

တတိယမြောက်လူတစ်ယောက်၏

ခေါင်းက ကွဲထွက်သွားပြီး သွေးနှင့်

ဦးနှောက်များ ချက်ချင်းဆိုသလို

ပြန့်ကျဲသွားပါတော့သည်။

ထိုလူ၏ခေါင်းပေါက်ကွဲသွားသည်နှင့်

အခြားလူတိုင်း တုန်လှုပ်နေရာမှ

သတိပြန်ဝင်မလာခင်

နောက်ထပ်တစ်ယောက် ခေါင်းတစ်ခုလုံး

ပေါက်ကွဲသွားသည်။ ဤရုတ်တရက်

အဖြစ်အပျက်က

လူတိုင်းသတိမထားမိလိုက်ပေ။ သို့သော်

အားလုံးက

အဆင့်မြင့်ကျင့်ကြံသူများဖြစ်ကြရာ

အားလုံးက လျင်မြန်စွာ တုံ့ပြန်ကြသည်။

လူတိုင်း တုံ့ဆိုင်းမနေဘဲ

ချက်ချင်းဆိုသလို

နောက်ပြန်ဆုတ်သွားကြသည်။

သို့သော်လည်း ဤအတောအတွင်း

အခြားလူတိုင်း ခေါင်းများ

အဆက်မပြတ် ပေါက်ကွဲထွက်နေကာ

သွေးနှင့် ဦးနှောက်အပိုင်းအစများ

ကြမ်းပြင်အနှံ့ ပြန့်ကျဲသွားသည်။ အလွန်

စက်ဆုပ်ဖွယ်မြင်ကွင်းတစ်ခုပင်

ဖြစ်သည်။ ယန်ယဲ့သည် သူ၏ခေါင်း

ထိုးဖောက်ခံရတော့မည်ဟု ရုတ်တရက်
ခံစားလိုက်ရသဖြင့်
မျက်နှာပျက်သွားသည်။

“ဘာကောင်လဲဟ”

ယန်ယဲ့သည် ထိတ်လန့်သွားသော်လည်း
သူ၏ဓားကို ရှေ့သို့ ဆတ်ခနဲ
ခုတ်ချလိုက်သည်။

“ဆူး…”

တလက်လက်တောက်ပနေသော ဓားစွမ်းအင်အလင်းတန်းတစ်ခု လင်းလက်လာသည်။ ပတ်ဝန်းကျင်သည် ခဏမျှတိတ်ဆိတ်သွား၏။

ရှုတ်တရက်

“ဘုန်း…”

ပတ်ဝန်းကျင်သည် လျှော်လျှပ်သကဲ့သို့

ပြင်းထန်စွာ တုန်ယင်သွားသည်။

ယန်ယဲ့၏ မျက်လုံးများ

ပြူးကျယ်သွားသည်။ ဤအချိန်တွင်

သွေးနီရောင် လက်တစ်ဖက်က

ယန်ယဲ့၏ခေါင်းပေါ်သို့

ရိုက်ချလိုက်သည်။ သွေးလက်က

မည်သည့်နေရာမှ

ထွက်ပေါ်လာမှန်းမသိဘဲ ယန်ယဲ့သည်
ငင်းကို ခုခံဖို့ မလုပ်ဆောင်နိုင်ခဲ့ပေ။

ဤအချိန်တွင် လီရှတ်ရှီနှင့်ဝူယုတို့
နှစ်ယောက်စလုံး အမူအရာများ
ပြောင်းလဲသွားကာ ကမန်းကတန်း
နောက်ပြန်ပြေးကြသည်။
သူတို့နှစ်ဦးတည်းမဟုတ်ဘဲ ဟန်ရီနှင့်
ဤနေရာမှ ကျန်သော တာအိုသခင်
သုံးပါးပင်လျှင် တတ်နိုင်သမျှ

နောက်ပြန်ပြေးကြသည်။

ခဏလေးအတွင်း

လူတိုင်းပျောက်ကွယ်သွားကြသည်။

ယန်ယဲ့တစ်ယောက်တည်းသာ

ဤနေရာတွင် ကျန်နေခဲ့သည်။

ယန်ယဲ့သည်

တမင်သက်သက်ထွက်မပြေးဘဲ

ဤနေရာတွင်

ငြိမ်သက်နေခြင်းမဟုတ်ပေ။ သူသည်

တစ်ကိုယ်လုံး

လှုပ်မရအောင်ဖြစ်နေလို့ပါ။ အစပိုင်းတွင်

ယန်ယွဲ့သည် သွေးလက်က သူ့ကို

သတ်ချင်သည်ဟုထင်ခဲ့သော်လည်း

တကယ်တမ်းတွင် မဟုတ်ကြောင်း

သတိထားမိလိုက်သည်။

သူ၏ခေါင်းတစ်ခုလုံး

ပေါက်ကွဲခါနီးနေကြောင်းခံစားမိလိုက်သ

ည့်အချိန်တွင် သွေးလက်ဝါးက

သူ့ခေါင်းပေါ်ဖိကပ်လိုက်ရာ ချက်ချင်း
ငြိမ်သက်သွားသည်။
ပေါက်ကွဲခါနီးခံစားချက်က
ထူးထူးခြားခြား ပျောက်ကွယ်သွားသည်။

"ဘာတွေဖြစ်နေတာလဲ..."

ယန်ယွဲ့သည် အံ့အားသင့်သွားသော်လည်း
သိပ်မကြာလိုက်ခင်မှာ တစ်စုံတစ်ခုကို
တွေးတောမိလိုက်သည်။

မကောင်းဆိုးဝါးလက်နက်။

သွေးနီရောင် လက်တစ်ဖက်က

မကောင်းဆိုးဝါးလက်နက်၏ အစစ်အမှန်

ခန္ဓာကိုယ်ဖြစ်ကြောင်းသိလိုက်သည်။

သို့သော် ၎င်းက မည်သည်ကြောင့်

ကူညီပေးနေသနည်း။

ယန်ယဲ့၏စိတ်ထဲတွင် မေးခွန်းများ

ပြည့်နှက်နေသည်။

ဤအချိန်မှာပဲ ယန်ယဲ့နှင့် မလှမ်းမကမ်း၌

အနီရောင်မီးလုံးတစ်လုံး

ရုတ်တရက်ပေါ်လာသည်။

နှလုံးသားများပင် တုန်ခါသွားသည်။

မျှော်လင့်ထားသည့်အတိုင်း ၎င်းသည်

မကောင်းဆိုးဝါးရတနာပင်ဖြစ်သည်။

အနီရောင်မီးလုံးက တံခါးချပ်နှင့် မီတာ

(၃၀)အကွာသို့

ရောက်လာပြီးနောက်ရပ်တန့်သွားသည်။

ထိုနောက် ၎င်းမှ

အသံတစ်သံထွက်ပေါ်လာသည်။

“သူကိုယ်တိုင်နဲ့ သူ့နောက်ခံက

ဘယ်လောက်တောင်

ထူးခြားဆန်းကြယ်တယ်ဆိုတာ  မင်းမသိ

ဘူးလား...။ မင်း သူ့ကိုသတ်ချင်ရင်

ငါကန့်ကွက်မှာမဟုတ်ဘူး။ ဒါပေမဲ့

မင်းဟာ တကယ်ပဲ သူ့ခန္ဓာကိုယ်ကို

အပိုင်သိမ်းပြီး ကံကြမ္မာစွမ်းအားကို

လုယူချင်နေတာ”

တံခါးနောက်ကွယ်မှ ခြေထောက်များ

ရုတ်တရက် ထွက်လာသည်။

ယန်ယဲ့သည် သူ့အကြည့်ကို

သေချာအာရုံစိုက်လိုက်သည်။

တံခါးနောက်ကွယ်မှ ထူးဆန်းသော

နတ်ဆိုးတစ်ကောင် ထွက်လာသည်။

ငှက်တစ်ကောင်နှင့် အနည်းငယ်

ဆင်တူသော်လည်း

အတောင်ပံများမရှိပေ။ ၎င်းတွင်

အလွန်ရှည်လျားသော ခြေတံများနှင့်

ကျယ်ပြန့်သော ခြေဖဝါး

လက်ဖဝါးများသာရှိသည်။

အခြားထူးခြားသည့်အရာမှာ ၎င်း၏

ပါးစပ်က ချွန်ထက်ကာ

အပ်တစ်ချောင်းကဲ့သို့ ရှည်သည်။

သို့သော် နတ်ဆိုး၏မျက်လုံးများက

တွင်းပေါက်ငယ်နှစ်ပေါက်လို

မည်းနက်နေ၏။

“ဒါဘာကောင်တုန်း...”

ယန်ယွဲ့သည် ပို၍ပင်

မျက်မှောင်ကြုတ်လာသည်။

ဤအချိန်တွင် နတ်ဆိုးက ပါးစပ်ကို

ဟလျက်

အနီရောင်မီးလုံးကိုဝါးမျိုဖို့ကြိုးစားနေသ

ည်။ သေချာသည်မှာ ၎င်းက
မကောင်းဆိုးဝါးလက်နက်ကို
ဝါးမျိုပစ်ချင်နေပုံရသည်။ ရိုးရှင်းသော
လုပ်ဆောင်ချက်တစ်ခုသာဖြစ်သော်လ
ည်း ၎င်း၏အရှိန်က
ထိတ်လန့်စရာကောင်းလောက်အောင်
လျင်မြန်သည်ကို သတိပြုမိလိုက်သည်။
နတ်ဆိုးလှူပ်ရှားနေသည့် အရှိန်က
သာမန်ဟု ထင်ရသော်လည်း သူ့အနေဖြင့်

ရှောင်တိမ်းနိုင်စွမ်းမရှိကြောင်း

ကောင်းကောင်းသိနေသည်။

ထိုတိုက်ခိုက်မှုကို

ထိပ်တိုက်ရင်ဆိုင်ဖို့သာရှိနိုင်သည်။ အနီ

ရောင် မီးလုံးထဲမှ

သွေးနီရောင်လက်တံတစ်ခု ရုတ်တရက်

ထွက်လာပြီး နတ်ဆိုး၏ပါးစပ်ကို

ဖြတ်ရိုက်လိုက်သည်။

“အုန်း…”

အနီရောင်မီးလုံးက နောက်ပြန်
လွင့်မျောလာကာ တံခါးနောက်ကွယ်မှ
ထွက်လာနေဆဲ နတ်ဆိုးသည်အထဲသို့
ပြန်လွင့်သွားခဲ့သည်။
ယန်ယဲ့၏မျက်နှာသည်
အလွန်လေးနက်နေ၏။

"အဲ့ဒီနတ်ဆိုးက ဘာကောင်တုန်း...။

မကောင်းဆိုးဝါးလက်နက်ကိုတောင်

တကယ် ယှဥ်ချနိုင်တယ်"

ဤအချိန်တွင် တံခါးနောက်ကွယ်မဖျ

နတ်ဆိုး၏ပုံရိပ် ထွက်ပေါ်လာပြန်သည်။

ယန်ယဲ့သည်

မျက်ခွံများလှုပ်ယမ်းသွားကာ

နောက်ပြန်ဆုတ်လိုက်သည်။

တစ်ချိန်တည်းမှာပင်

ထူးဆန်းသောနတ်ဆိုးက ယန်ယဲ့ဆီသို့ ခုန်ဝင်လာသည်။ ယန်ယဲ့က ထိတ်လန့်သွားသည်။ သူ့လက်ထဲကဓားဖြင့် ပိုင်းချလိုက်သည်။

“ဆူး...”

ဓားစွမ်းအင်အလင်းတန်းက လေးထဲသို့ လျှင်မြန်စွာ ဖြတ်သွားကာ

နတ်ဆိုးကောင်ကို

ချက်ချင်းထိမှန်သွားသည်။

“ဘုန်း…”

သို့သော် ဓားစွမ်းအင်သည်

ကွဲထွက်သွားပြီး နတ်ဆိုးက လုံးဝ

အန္တရာယ်မရှိပေ။

“ဒီသတ္တဝါရဲ့ ရုပ်ခန္ဓာအကာအကွယ်က

ဘယ်လိုတောင်သန်မာနေတာလဲ…”

ယန်ယွဲ့သည် အံ့သြသွားသည်။

ဤအချိန်တွင် နတ်ဆိုးက

ယန်ယွဲ့ရှေ့သို့ရောက်လာပြီး

တစ်ချိန်တည်းမှာပင်

ကြောက်မက်ဖွယ်ရာ စွမ်းအားလှိုင်းများ

ကျရောက်လာသည်။ သို့သော်

သွေးနီရောင် လက်တံတစ်ဖက်က

ယန်ယဲ့အရှေ့တွင် ရုတ်တရက်
ပေါ်လာပြီးနောက် နတ်ဆိုးကို
လှမ်းရိုက်လိုက်သည်။

“ဘုန်း…” နတ်ဆိုးက
တံခါးအတွင်းပိုင်းသို့
ပြန်ထွင့်ထွက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့၏နားထဲ

ဒေါသတကြီးအော်သံရောက်လာခဲ့သည်။

“မင်းဒီမှာဘာရပ်လုပ်နေသေးတာလဲ...”

ယန်ယဲ့သည် ခဏမျှထိတ်လန့်သွားပြီး

နောက်လှည့်ကာ ထွက်ပြေးသွားခဲ့သည်။

“ဂူး...”

နားကွဲမတတ်တတ်အော်သံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
ယန်ယွဲ့၏ခန္ဓာကိုယ်သည်
တင်းမာလာသည်။ ခဏအကြာတွင်
သူ၏ခန္ဓာကိုယ်ပေါ်ရှိ အလင်းဝင်ပေါက်(
၇)ပေါက်မှ သွေးများစီးကျလာသည်။
ဒီအချိန်မှာ ခေါင်းတစ်ခုလုံး
အက်ကွဲသွားသလိုပင်။

“ဝေါင်း...”

ရုတ်တရက်ဆိုသလိုပင် နဂါးဟိန်းသံ
တစ်ချက် ကျယ်လောင်စွာ
ထွက်ပေါ်လာသည်။

ယန်ယဲ့က ကောင်းကင်တိမ်နဂါးကို
ချက်ချင်းဆင့်ခေါ်လိုက်သည်။

သူ၏နောက်ကွယ်မှ အဖြူရောင်
တိမ်နဂါးကြီး ပေါ်လာသည်နှင့်

ယန်ယဲ့၏ခန္ဓာကိုယ်သည် ယခင်ထက်

အနည်းငယ် သက်သာရာရသွားသည်။

သို့သော် သူသည် ဆက်ပြီး

မနေရဲတော့ဘဲ

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

အဝေးဆီသို့ ပြေးထွက်သွားသည်။

ဤအချိန်မှာပဲ သားရဲက နေရာ၏ထိပ်မှ

ထွက်ပေါက်ရှေ့တွင် ပေါ်လာခဲ့သည်။

ယန်ယဲ့သည် နတ်ဆိုးကိုမြင်သော်အခါ

ချက်ချင်းမျက်နှာပျက်သွားသည်။

နတ်ဆိုး၏အရှိန်က

သူ့ထက်အများကြီးပိုမြန်နေသောကြောင့်

ပင်။ ထိုကြော င့်သူသည်

နတ်အတောင်ပံများကို

အသုံးပြုထားသည့်တိုင်

မလွတ်မြောက်နိုင်တော့ပေ။

သို့သော် နတ်ဆိုးက သူ့ကို

ဆက်ပြီးမတိုက်ခိုက်တော့ဘဲ

စိုက်ကြည့်နေသောကြောင့် ယန်ယဲ့သည်
အံ့သြသွားသည်။ သေချာသည်မှာ
နတ်ဆိုးက မကောင်းဆိုးဝါးလက်နက်ကို
ကြောက်ရွံ့နေပုံရသည်။
ဤအတောအတွင်း နတ်ဆိုးက
မကောင်းဆိုးဝါးလက်နက်ကို
မတိုက်ခိုက်ရဲသောကြောင့် သူတို့က
ရှေ့မတိုးနောက်မဆုတ်သာ
ဖြစ်နေကြသည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၂၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယွဲ့သည် ခဏမျှစဉ်းစားပြီး

“ငါတို့အားလုံး ဒီမှာထိုင်ပြီး

စကားပြောနိုင်မယ်ထင်တယ်။

ငြိမ်းချမ်းရေးက

အရေးကြီးတယ်မဟုတ်ဘူးလား…”

“မင်းကိုသတ်ချင်နေတာ။ မင်း အဲ့ဒါကို

သွားပြောချေ”

ယန်ယဲ့၏ စိတ်ထဲတွင် အေးစက်သော

အသံတစ်သံထွက်ပေါ်လာသည်။

မကောင်းဆိုးဝါးလက်နက်က

ပြောလိုက်ခြင်းပင်။

ယန်ယွဲ့က "ဘာလို့လဲ…”

မကောင်းဆိုးဝါးလက်နက်က “မင်းမှာ အဲ့ဒီအရာရှိတယ်။ အဲ့ဒါက မဟာကံတရားကို ကိုယ်စားပြုတယ်။ ကံ ကံရဲ့အကျိုးကို ခံစားနိုင်တယ်။ ဒါပေမဲ့ မင်းခန္ဓာကိုယ်ကိုအပိုင်သိမ်းဖို့ ကြိုးစားရင်တော့ မင်းနဲ့အတူသေလိမ့်မယ်။ အဲ့ဒီအရာက

ဘယ်လောက်အစွမ်းထက်တယ်ဆိုတာကို မသိနိုင်တော့ ကံကို ကိုယ်စားပြုတယ်ဆိုတာပဲ သိရတယ်။ ဒါကြောင့် ဒီအရာကို လိုချင်တာပဲ”

မူလစေတီ။

မကောင်းဆိုးဝါးလက်နက်သည် မူလစေတီအကြောင်းပြောနေခြင်းဖစ်သည်။ ထိုနတ်ဆိုးသာမက

မကောင်းဆိုးဝါးလက်နက်ပင်

မှူလစေတီကို လိုချင်ခဲ့သည်။

တစ်ခုတည်းသော ခြားနားချက်မှာ

မှူလစေတီက

မည်မျှစွမ်းအားကြီးမားကြောင်း

မကောင်းဆိုးဝါးလက်နက်က

ကောင်းကောင်းသိထားပုံပင်။ သို့သော်

နတ်ဆိုးက မသိခဲ့ပေ။ ထိုကြောင့်

သူတို့သည် ခက်ခဲသောအခြေအနေတွင် ရှိနေခဲ့သည်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး “အခု ဘာလုပ်ရမလဲ…”ဟု မေးလိုက်သည်။

သူသည် သဘာဝအတိုင်း မကောင်းဆိုးဝါးလက်နက်၏အမြင်ကို မေးနေသည်။

“ငါမသိဘူး"

" မင်းအနိုင်ယူလို့မရဘူးလား...”

ယန်ယဲ့က အံ့ဩသွားခဲ့သည်။

သူ့အမြင်အရတော့

မကောင်းဆိုးဝါးလက်နက်က

အလွန်ကြောက်စရာကောင်းလှသည်။

မျိုးဆက်ဟောင်များ(ဖန်ဆင်းရှင်များ)

ကိုပင် မကြောက်ခဲ့ပေ။ ထိုသို့ဆိုလျှင် ထူးဆန်းသောနတ်ဆိုးကို မည်သို့မယှဉ်နိုင်သနည်း။

မကောင်းဆိုးဝါးလက်နက်က "ဘာကြောင့် ငါ့အသက်ကို စွန့်ရမှာလဲ..."ဟူသော မေးခွန်းနှင့် ပြန်ဖြေသည်။

ယန်ယဲ့သည် အံ့အားသင့်သွားသည်။

မှန်သည်။ သူ့အတွက်နှင့်

ထူးဆန်းသောနတ်ဆိုးကို

အသက်စွန့်တိုက်ခိုက်ရမည်လော။

“ငါ့ကိုယ်ငါ အားကိုရမယ်”

ယန်ယဲ့သည် သူ့ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး သူ၏ကြည့်က

တံခါးချပ်တွင် ရပ်သွားသည်။

ထိုနေရာသည်

ထွက်သွားသောလမ်းကြောင်း

ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း

နောက်ဆုံးလမ်းကြောင်းလည်း

ဖြစ်နိုင်သော၏။ မည်သို့ပင်ဆိုစေကာမူ

၎င်းသည်

သူ့လျှောက်ရမည့်လမ်းကြောင်းဖြစ်သည်

။ အကြောင်းမှာ ထိုလမ်းကလွဲ၍

အခြားလမ်း သွားစရာမရှိတော့လိုပါ။

ယန်ယဲ့သည် နတ်ဆိုးကို

မော့ကြည့်လိုက်သည်။ သူ့ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည် တဆက်ဆက်

တုန်ခါလာသည်။ သေချာသည်မှာ

ဝှင်းသည် သူ့ကိုယ်သူ

ထပ်ပြီးမထိန်းထားတော့ဘဲ

ဆက်ပြီးတိုက်ခိုက်ရန်ပြင်နေပြီးဖြစ်သည်

။

ယန်ယဲ့သည် နောက်ပြန်ဆုတ်ကာ

လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ ဒါဇင်ချီသော

ဓားများပေါ်လာကာ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားလှိုင်းတစ်ခုက ပတ်ဝန်းကျင်ကို

လွှမ်းခြုံသွားသည်။

ဓားနယ်မြေ။

“ချိုးဖျက်လိုက်စမ်း”

ယန်ယွဲ့၏အသံ ထွက်ပေါ်လာပြီးနောက်
ဓားအလင်းတန်းများက နတ်ဆိုးဆီသို့
တိုးဝင်သွားကြသည်။ ထိုနောက်တွင်
ယန်ယွဲ့၏ပုံရိပ်က တံခါးချပ်ဆီသို့
ပြေးဝင်သွားသည်။
သူ၏ရည်ရွယ်ချက်က နတ်ဆိုးကို
ယာယီအချိန်ဆွဲထားဖို့ပင်ဖြစ်သည်။
ခဏအကြာတွင် ယန်ယွဲ့သည်

တံခါးကိုချောချောမွေ့မွေ့ဖြတ်ကျော်ပြီး
အပြင်ကမ္ဘာသို့ရောက်လာခဲ့သည်။

သို့သော် သူ့ရှေ့တွင် အဆုံးမရှိသော
လမ်းကြောင်းတစ်ခုရှိနေသည်။
ယန်ယဲ့သည် တွန့်ဆုတ်မနေဘဲ
လမ်းကြောင်းအတိုင်း
လျှောက်သွားသည်။ တစ်ချိန်တည်းမှာပဲ
သူ့ထံမှ ဓားစွမ်းအင် အလင်းတန်းများ
အဆက်မပြတ် ထွက်ပေါ်လာပြီး

သူ့နောက်ကျောဘက်သို့
ပြန်ပစ်လွှတ်လိုက်သည်။

နတ်ဆိုးက သူ့နောက်ကနေ တရကြမ်း
ပြေးလိုက်လာမှန်း သတိပြုမိလို့ပါ။

ယန်ယဲ့၏ဓားစွမ်းအင်က
၎င်းကိုမထိခိုက်စေနိုင်သော်လည်း
အနည်းငယ်တော့ အတားအဆီးတစ်ခု
ဖန်တီးနိုင်သည်။ ထိုနည်းဖြင့်ယန်ယဲ့သည်

ခဏအကြာတွင် လမ်းကြောင်း၏

အနက်ပိုင်းသို့ ပျောက်ကွယ်သွားခဲ့သည်။

“အုန်း…”

နတ်ဆိုးကြီးက ရုတ်တရက်

ရပ်တန့်သွားကာ အဝေးကို

လှမ်းကြည့်နေရင်း မျက်လုံးများက

ရက်စက်မှုအပြည့်ဖြစ်သွားသည်။

နတ်ဆိုး၏ ရှူးသွပ်သော အော်ဟစ်သံ

ပွဲတင်ထပ်လာသော်လည်း ယန်ယွဲ့သည်

နောက်ပြန်လှည့်ကြည့်ပေ။

လျှောက်လမ်း၏အဆုံးတွင်

ကျယ်ဝန်းသောခန်းမတစ်ခုရှိကာ ရောင်စုံ

အလင်းတန်းများ ဖျတ်ခနဲ ဖျတ်ခနဲ

လက်နေခဲ့သည်။ ထို့ပြင်

ခန်းမနံရံတစ်လျှောက်

ရောင်စုံကျောက်မျက်ရတနာများ

ဖုံးအုပ်ထားသည်။ နံရံများချည်းသာ

မဟုတ်ပေ။ ယန်ယဲ့သည်

ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီးနောက်

ခန်းမအလယ်သို့ လှမ်းကြည့်လိုက်သည်။

ထိုနေရာတွင် သလင်းကျောက်

ခေါင်းတလားတစ်လုံး ရှိနေခဲ့သည်။

သလင်းကျောက်

ခေါင်းတလားတစ်လုံး....

ယန်ယဲ့သည် ခဏမျှ တုံ့ဆိုင်းနေပြီးမှ

ခေါင်းတလားဆီသို့ လျှောက်သွားသည်။

အနားရောက်လာသည်နှင့်

သလင်းကျောက်ခေါင်းတလားက

ကျောက်မျက်ရတနာများဖြင့်

ပြုလုပ်ထားသည်ကို တွေ့လိုက်ရသည်။

သို့သော်လည်း

အခေါင်းအဖုံးဖြင့်ပိတ်ထားသောကြောင့်

အထဲတွင် မည်သည့်အရာရှိနေသလဲ

မသိနိုင်ပါ။

ထိုပြင် ယန်ယဲ့သည်

သူ၏စိတ်အာရုံ့အသိက

အခေါင်းတလာအထဲသို့မဝင်ရောက်နိုင်

ကြောင်း သတိပြုမိလိုက်သည်။

"ဖွင့်ရမလား..."

ယန်ယဲ့သည် ချီတုံချတုံဖြစ်နေသည်။

သူ့စိတ်ထဲတွင် အခေါင်းတလာအထဲ၌

ရှိနေသောအရာက သမိုင်းမတင်ခေတ်က

မျိုးနွယ်စု၏

တစ်စုံတစ်ဦးဖြစ်နိုင်သည်ဟု

ခံစားမိနေသည်။ သို့သော်လည်း

လူတစ်ယောက်ဟာ စူးစမ်းလိုစိတ်ဖြင့်

အသက်ခံရလေ့ရှိကြောင်း

ရှင်းရှင်းလင်းလင်း သိထားခဲ့သည်။

ထူးဆန်းသောနတ်ဆိုးနှင့်
ပတ်သက်၍တော့ သူ့နောက်သို့
လိုက်မလာကြောင်း
သတိထားမိလိုက်သည်။ ၎င်းက
တစ်ခုခုကို ကြောက်ရွံ့နေပုံရသည်။
သို့ရာတွင် ထွက်မသွားဘဲ ယန်ယွဲ့ကို
ဒေါသတကြီး အော်ဟစ်နေခဲ့သည်။
၎င်းက တစ်ခုခုကို ကြောက်နေပုံရပြီး
ခန်းမထဲကို ဝင်မလာရဲပေ။ ယန်ယွဲ့သည်

သူ၏အကြည့်ကို ဆုတ်လိုက်ပြီး

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်လိုက်သည်။ အဆုံးတွင်

သူ၏အကြည့်များက နံရံပေါ်

ဆင်းသက်လာသည်။ နံရံပေါ်တွင်

ကြယ်တာရာမြေပုံတစ်ခုပါရှိသည်။

အပြင်ဘက်ရှိ အခြားသော

ကြယ်တာရာမြေပုံများနှင့်မတူပေ။

ယန်ယဲ့သည်  ထိုအနားသို့
လျှောက်သွားပြီးမော့ကြည့်လိုက်သည်။
၎င်းပေါ်တွင် မရေမတွက်နိုင်သော
လက်မအရွယ်အစားခန့်
အနက်ရောင်အစက်အပြောက်များပါရှိ
သည်။ အနက်ရောင်
အစက်အပြောက်များက ဂြိုလ်များကို
ကိုယ်စားပြုသည်။ နောက်ဆုံးတွင်
သူ၏အကြည့်များက

မြေပုံ၏အလယ်ဗဟိုတည့်တည့်ကို

ရောက်သွားသည်။ ထိုနေရာတွင် ဧရာမ

ဂြိုလ်ပြာကြီးတစ်လုံးရှိခဲ့သည်။

ရုတ်တရက် ...

“အဲ့ဒါက ငါတို့အိမ်ပဲ”

ယန်ယဲ့သည် အံ့အားသင့်သွားပြီးနောက်

လှည့်ကြည့်ပြီး

သလင်းကျောက်အခေါင်းတလားကို စိုက်ကြည့်လိုက်သည်။

"ခလွပ်...”

အခေါင်းတလားအဖုံးက ဖြည်းညင်းစွာ ပွင့်အာလာသည်။ ဤအချိန်တွင် ယန်ယွဲ့သည် အနည်းငယ် ထိတ်လန့်သွားသည်။ မကောင်းဆိုးဝါးရတနာကို

ပထမဆုံးအကြိမ် တွေ့စဉ်ကလို

ခံစားရသည်။ သူသည်

တစ်ကြိမ်တစ်ခါမှမကြောက်တက်ပေ။

သို့သော်လည်း သတ္တိနှင့်

သးရဲဘောကြောင်တာမျိုးက

မသက်ဆိုင်ပါ။ သိချင်စိတ်များဖြင့်

လူအများစုက အမည်မသိအရာများကို

ကြောက်ရွံ့လေ့ရှိကြသည်။

ယန်ယဲ့သည်

သူ့ကိုယ်သူတည်ငြိမ်အောင်ထိန်းကာ

သလင်းကျောက်အခေါင်းတလားကို

စိုက်ကြည့်နေသည်။

အခေါင်းတလားအဖုံးက

ပွင့်နေသော်လည်း အထဲမှထွက်မလာပေ။

“အဲ့ဒါက အတိတ်တစ်ချိန်က ငါတို့အိမ်ပဲ”

အသံက ရုတ်တရက် ပြောခဲ့သည်။

“လွန်ခဲ့တဲ့နှစ်တွေမှာ

လောကစကြဝဠာကြီးက တဖြည်းဖြည်းနဲ့

ကြီးမားကျယ်ပြန့်လာတယ်။ ပြီးတော့

အပိုင်းပိုင်းပေါက်ကွဲသွားပြီးတော့

မရေမတွက်နိုင်သော စကြဝဠာတွေ၊

ကြယ်တာရာနယ်မြေတွေ၊

ကြယ်ကမ္ဘာတွေပေါ်လာတယ်။ ဒါပေမဲ့

အဲ့ဒီမှာရှိတဲ့ သက်ရှိသတ္တဝါတွေက

အသက်မသေဘဲ ရှင်သန်နိုင်ခဲ့တယ်”

အသံက ရပ်သွားသည်။

ယန်ယဲ့သည် သလင်းကျောက်

အခေါင်းတလားကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါဆို

ဘယ်လိုဖြစ်သွားတာလဲ...”

“ အဲ့ဒီနောက်လား…”

အခေါင်းတလားထဲမှအသံက

ဆက်ပြောသည်။ “အစပိုင်းမှာ ငါတို့ ရဲ့

ကမ္ဘာမြေပေါ်မှာသက်ရှိတွေပေါ်လာတယ်

။ နှစ်တွေမရေမတွက်နိုင်အောင်

ကြာပြီးတဲ့နောက်မှာ ဆင့်ကဲဖြစ်စဉ်တွေနဲ့

မျိုးပွားတယ်။ ပြီးကျတော့ သူတို့က

ညာဏ်ရည်ညာဏ်သွေးတွေရရှိပြီးတစ်ခု

ပြီးတစ်ခုဖန်တီးခဲ့ကြတယ်။

အဲ့ဒီနောက်မှာတော့ သိုင်းပညာ
ယဉ်ကျေးမှု ခလေ့ထုံးစံနဲ့
နည်းစနစ်ယဉ်ကျေးမှုတွေပေါ်လာတယ်”

ယန်ယဲ့က “သူတို့အားလုံး နောက်ဆုံးမှာ
ဘာကြောင့်
ပျောက်ကွယ်သွားရတာလဲ…”ဟု
မေးလိုက်သည်။

“လုယက်ခြင်း”

အသံက တိုးတိုးလေးပြောခဲ့သည်။

“ဂလက်ဆီမှာ အဆုံးအစမဲ့တဲ့

အရင်းအမြစ်တွေမရှိဘူး။ ဒါကြောင့်

ဘယ်မျိုးနွယ်မဆို သူတို့မူလဂြိုလ်ရဲ့

အရင်းအမြစ်တွေကို  စိတ်ထင်တိုင်း

သိမ်းယူပြီးတော့ ကိုယ့်ကိုယ်ကို

သန်မာလာအောင်

လုပ်ဆောင်ခဲ့ကြတယ်။ အစပိုင်းမှာ

ဂြိုလ်တစ်ခုတည်းက

ခံနိုင်ရည်မရှိကြတော့ဘူး။ ဒီတော့ နောက်ထပ် တစ်ခုပြီးတစ်ခု လိုက်ရှာတယ်။ နောက်ဆုံးတော့ လောကစကြဝဠာတစ်ခုလုံးကို ထိခိုက်သွားတယ်”

ယန်ယဲ့က ခေါင်းတလားကို စိုက်ကြည့်ရင်း “အဲ့ဒီနောက် ဘာဆက်ဖြစ်သေးလဲ…”

“ပျက်စီးခြင်း”

အသံက တိုးတိုးလေးပြန်ဖြေသည်။

“ဒီမျိုးနွယ်စုတွေအားလုံးက လောကစကြဝဠာကို အနိုင်ရတယ်လို့ ခံစားခဲ့ရတယ်။ တကယ်တော့ သူတို့မသိတာဟာ လောကစကြဝဠာဟာ အဆုံးအစမဲ့တယ်။ ဒါကြောင့် သူတို့အမြင်မှာ အဆုံးမသတ်လည်း လုယူနိုင်တယ်”

ဒီအချိန်မှာအသံက

ခဏာရပ်ပြီး“မင်းအမြင်မှာ

အဲ့လိုလုယက်တာက

မှန်တယ်ထင်လား...” ဟုမေးလိုက်သည်။

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။ မှန်သည်

မှားသည် ပြောဖို့ ခဲယဉ်းသည်။

အဲ့ဒီသတ္တဝါတိုင်းသည်

ရှင်သန်ကြီးထွားရန်အတွက်

အရင်းအမြစ်များကို လုယက်ကြရသည်။

ယန်ယဲ့ကဲ့သို့ပင်။ သူသည်

လောက၏ဝိညဉ်စွမ်းအင်ကို

လုယူနေသည်။ သို့သော်လည်း

ရပ်တန့်လိုက်ပါက

ချက်ချင်းသေဆုံးသွားပေမည်။

အခြားမျိုးနွယ်စုများသည်လည်း

အလားတူပင်ဖြစ်သည်။

လောကစကြဝဠာနှင့် ပတ်သက်၍တော့

သမိုင်းမတင်မီခေတ်မှ

မျိုးနွယ်စု၏လုပ်ရပ်များသည်။

မှားသော်လည်း

သူတို့အမြင်အရတော့ မှန်ပါသည်။

ဤအချိန်တွင် လောကစကြဝဠာက

အသက်ရှင်နေတယ်။ ဒါကြောင့် ငါတို့ကို

စိတ်တိုင်းကျ အရင်းအမြစ်တွေ

လုယက်ဖို့ ခွင့်ပြုမှာမဟုတ်ဘူး။ ဒါပေမဲ့

အဲ့ဒီမျိုးနွယ်စုတွေနဲ့ ပတ်သက်လို့ကတော့

လောကစကြာဝဠာ ပြိုကွဲသွားနိုင်တယ်။

အဲ့ဒီခေတ်က မျိုးနွယ်စုတွေရဲ့

အင်အားက ကောင်းကင်ဘုံထက်တောင်

သန်မာတယ်။

အရမ်းကြောက်စရာကောင်းတယ်လို့ပြော

ရမယ်။ ဒါပေမဲ့

မျိုးနွယ်စုတွေတစ်ခုပြီးတစ်ခု

ပျောက်ကွယ်သွားတယ်။ အဲ့ဒီနောက်မှာ

နောက်ထပ် အသစ်

အသစ်တွေပေါ်လာခဲ့တယ်။

ယန်ယဲ့က လေးနက်စွာပြောခဲ့သည်။

"ဘယ်သူလုပ်ခဲ့တာလဲ။

ဒီလောကသုံးပါးရဲ့ ဝိညဉ်လား..."

"အစတုန်းကတော့ ငါတို့လည်း

ဒီလိုပဲထင်ခဲ့တယ်။ ဒါပေမဲ့ အဲ့ဒါက

မမှန်ဘူး။ လောကစကြဝဠာရဲ့

အဆုံးအစမဲ့တဲ့ အစွန်အဖျားနေရာမှာ မသိတဲ့အရာတွေအများကြီးရှိတယ်”ဟု ပြောခဲ့သည်။

ယန်ယဲ့ကပိုမေးချင်သော်လည်း အသံက ရုတ်တရက် “မင်းက လူသားလား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည် “ဟုတ်တယ်”

အသံက တိုးတိုးလေးပြောလိုက်သည်။

“လွန်ခဲ့တဲ့နှစ်တွေမှာ

ငါတို့ထွက်သွားတုန်းက နဂါးငွေ့တန်း

ကြယ်စင်စုက အသစ်မွေးဖွားလာမယ်သို့

ကျိန်သေပေါက် သိထားကြတယ်။

ဒါအပြင် အသစ်မွေးဖွလာမဲ့ မျိုးနွယ်စုက

နဂါးငွေ့တန်းကြယ်စင်စုရဲ့

ပိုင်ရှင်ဖြစ်လာမယ်လို့ ပညာရှိတွေက

ကြိုဟောခဲ့တယ်။ ငါထင်တာမမှားရင်

မင်းက အဲ့ဒီလူသားဖြစ်ရမယ်။ မင်းတို့က ဘယ်လောက်အထိ တိုးတက်နေပြီလဲ…”

“ဘယ်လောက်အထိ တိုးတက်နေပြီလဲ…”

ယန်ယဲ့သည် ဤမေးခွန်းကို မည်သို့ဖြေရမည်မှန်း မသိပေ။

ထိုအချိန်တွင် "မင်းက လူသားတွေအကြားမှာ သန်မာလား…အားနည်းသလား…"

ယန်ယဲ့က ခဏမျှစဉ်းစားပြီး "သိပ်မသန်မာဘူး။ ဒါပေမဲ့ အရမ်းလည်းမပျော့ညံ့ဘူး"

"ဒါဆိုမင်းက သာမန်ပဲ"

အသံက ဆက်ပြောသည်။

“ဒါပေမဲ့လူသားတွေ ရှေ့ဆက်ရမည့်

ခရီးက

ခရီးရှည်ကြီးကျန်နေပါသေးတယ်”

ယန်ယဲ့က “မင်းတို့အားလုံး

တခြားနေရာကို

ထွက်သွားကြတာလား…။ ဒါမှမဟုတ်

ဒီစကြဝဠာထဲက အပြီးတိုင်

ပျောက်သွားကြတာလား…”

အသံက ထပ်မပြောခင်

အချိန်အတော်ကြာအောင်

တိတ်ဆိတ်သွားသည်။

“ငါတို့ ထွက်သွားကြတာ။

လွန်ခဲ့တဲ့နှစ်တွေမှာကတည်းက

ငါတို့တွေ အခြားစကြဝဠာတစ်ခုဆီ

ပြောင်းရွှေ့ခဲ့တယ်။ ဒါပေမဲ့နောက်ဆုံးမှာ

ငါတို့ရဲ့ ကံကြမ္မာက

မပြောင်းလဲဘူးဆိုတာ သတိပြုမိခဲ့တယ်။

ဘာကြောင့်လဲဆိုတော့

လောကစကြဝဠာရဲ့ နက်နဲတဲ့

လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ဖို့

မရေမတွက်နိုင်တဲ့ ပညာရှိတွေက

အသက်ကို စတေးပြီး တစ်စုံတစ်ခုကို

ရှာဖွေတွေ့ရှိခဲ့တယ်”

ယန်ယဲ့က

“အသက်ရှင်သန်ဖို့နည်းလမ်းလား...”

“ဥပဒေသတွေ”

အသံကတိုးတိုးလေး ပြောလိုက်သည်။

“ဂြိုလ်ပေါ်မှာ

သဘာဝတရားတွေရှိတယ်။

ဒီသဘာဝနိယာမတွေက ဘဝသက်တမ်း၊

သေခြင်း၊ ဖျားနာခြင်း၊ ရှင်သန်ခြင်း

ရာသီဥတု မိုးရွာခြင်း ပြီးတော့ နေပူခြင်း

အဲ့ဒီအရာတွေအားလုံးက

သဘာဝတရားရဲ့ အစိတ်အပိုင်းတွေ။

အာကာသနဲ့ပတ်သက်လို့ပြောရရင်တော့

လောကစကြဝဠာရဲ့ ကိုယ်ပိုင်

နိယာမတွေရှိတယ်။

ရှေးယခင်ကအဲ့ဒီမျိုးနွယ်စုတွေက

ဒီသဘာဝနိယာမတွေကို

ကျော်လွှားနိုင်ပေမဲ့ ငါ့အသိတွေအရ

ဘယ်မျိုးနွယ်စုကမှ လောကစကြဝဠာရဲ့

နိယာမတွေကို မကျော်လွှားနိုင်ခဲ့ကြဘူး”

ယန်ယဲ့၏ စူးစမ်းလိုစိတ်က ပြင်းပြလာပြီး “စကြဝဠာရဲ့ နိယာမတွေကဘာလဲ...”

အသံက တိတ်သွားသည်။ ယန်ယဲ့သည် သလင်းကျောက်ခေါင်းတလားကို တစ်ချက်စိုက်လိုက်သည်။

"ဒီလူက ငါ့ကို ဆက်ပြီး အချိန်ဆွဲနေမှာလား...”

ထိုအချိန်တွင် အသံက “မင်းနဲ့အတူ ကံတရားကိုပေးစွမ်းနိုင်တဲ့ တစ်စုံတစ်ခုရှိနေတယ်လို့ ငါခံစားရတယ်။ မင်းတို့လူသားတွေက ကံတရားရဲ့ သဘာဝ နိယာမတရားကို ဆုပ်ကိုင်ထားတာထင်တယ်။ ဒါပေမဲ့ မင်းတို့ တိုးတက်တာမြန်လေလေ သေခြင်းတရားက ပိုမြန်လိမ့်မယ်”

“အကြီးအကဲ..”

ယန်ယဲ့က ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး “မင်းတို့ ဒီပျက်သုဉ်းခြင်းကို ကြုံတွေ့ပြီးကတည်းက မင်းတို့နောက်ကို ငါတို့လိုက်လို့မရအောင် ဘာကြောင့် လမ်းပြမထားခဲ့တာလဲ...”

သူသည် တစ်ကိုယ်ကောင်းဆန်သူဖြစ်သော်လည်း

လူသားမျိုးနွယ် တစ်ခုလုံးအတွက်

ဗင်းအကြောင်းကို မေးသင့်သည်ဟု

ခံစားမိသည်။

ပြောသည်မပြောသည်ကတော့

သလင်းကျောက် အခေါင်းတလားအထဲမှ

အမည်မသိလူ၏ ပြဿနာပင်။

မေးလိုက်သည်က သူ့အပိုင်းပြီးသွားပြီ။

“ငါပြောရင် မင်းယုံမှာလား...”

အသံက တိုးညင်းသည်။

“မင်းတို့လုပ်ရင်တောင်

အားလုံးပြောင်းလဲမှာလား…။

ကျင့်ကြံခြင်းကို စွန့်ပယ်မှာလား…။

မဟုတ်ဘူး ငါတို့ ငြင်းပယ်သလိုပဲ”

ယန်ယဲ့သည် မငြင်းနိုင်သောကြောင့်

ငြိမ်ကျသွားသည်။

Translated by NyiNyiSoe

..အပိုင်း ၂၄၃၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင် အသံက “ဘဝ၊ သေခြင်း၊ ရှင်ခြင်း၊ ဖျားနာမှုတွေ ဆိုတဲ့ သဘာဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ ဒါပေမဲ့

ကျင့်ကြံခြင်း နည်းစနစ်နဲ့ အဲ့ဒါတွေကို ကျော်လွှားနိုင်ခဲ့တယ်။ တွေးကြည့်လိုက် ဂြိုလ်တစ်ခုက သက်ရှိသတ္တဝါ သန်း (၁၀၀)လောက်ပဲ နေထိုင်နိုင်တယ်။ ဒါပေမဲ့ အဲ့ဒီသက်ရှိ သန်း(၁၀၀)က ရုတ်တရက် သေဆုံးသွားပြီးတော့ အစားထိုး ပြန်ပေါ်လာတယ်။ လောကမှာ ဘာတွေဖြစ်လာမယ်လို့ ထင်လဲ...”

ယန်ယဲ့က “ပျက်စီးခြင်း”

အသံက “ဒါမှမဟုတ် အကျယ်ချဲ့ပြီး
ရှင်းပြရရင် လောကစကြဝဠာထဲက
လူတိုင်းမသေဘူး။ ဒါမှမဟုတ် သေဖို့
တော်တော်ကြာလိမ့်မယ်။
အစပိုင်းမှာတော့ ဒါက
ပြဿနာမဟုတ်ပေမဲ့။
နောက်နှစ်ပေါင်းတစ်သောင်း ဒါမှမဟုတ်
တစ်သိန်းလောက်ကြာရင် ကြာလိမ့်မယ်။

ယန်ယဲ့က ခါးသက်သက်ရယ်မောရင်း

"ဒါဆိုငါတို့ ပျက်စီးသွားပြီးလား..."

အသံက "အတိတ်တုန်းက စကြဝဠာရဲ့

သဘာဝနိယာမတွေတောင်မှ

အသက်ရှင်သန်နိုင်တဲ့ မျိုးနွယ်စု

သုံးခုရှိတယ်။ ပထမတစ်ချက်က

သာမန်လူေတွလို အားနည်းတဲ့လူတွေ။

စကြဝဠာက တရားမျှတတယ်။

များများယူလေလေ ပြန်ပေးရလေလေ။

ဒါပေမဲ့ သာမန်လူတွေက
ဘာမှမယူထားဘူးဆိုတော့
ဘာမှပြန်ပေးစရာ မရှိဘူး”

ယန်ယဲ့က “အခြားမျိုးနွယ်ခြား
နှစ်ခုကရော ဘယ်လိုလဲ...”

အသံက “နောက်တစ်မျိုးကတော့
စကြဝဠာကိုယ်တိုင်က
ကာကွယ်ပေးထားတဲ့ ဝိညာဉ်တွေ သူတို့က

စကြဝဠာနဲ့အတူ မွေးဖွားလာတယ်။

ပြောရရင် စကြဝဠာရဲ့

အစိတ်အပိုင်းတစ်ခုပေါ့

ဒါကြောင့်သူတို့တည်ရှိနေတာက

လောကစကြဝဠာအတွက်

အန္တရာယ်မရှိတဲ့အပြင် အဲ့ဒီအစား

အကျိုးကျေးဇူး ကြီးကြီးမားမားတောင်

ယူဆောင်ပေးတယ်။ သူတို့လည်း

အသက်ရှင်သန်နိုင်တယ်”

ယန်ယဲ့က “နောက်ဆုံးတစ်ယောက်က ဘယ်လိုလဲ…”

“ကံကောင်းသူတွေ”

အသံက ဆက်ပြောသည်။ “ဒီလူတွေက ဝိညာဉ်တွေလိုပဲ။ သူတို့ကို လောကစကြဝဠာကိုယ်တိုင်က ကာကွယ်ထားတယ် ဒီတော့ အသက်ရှင်ဖို့ လွယ်တယ်။ မင်းမှာပိုင်ရှင်ကို

မဟာကံတရား ပေးစွမ်းနိုင်တဲ့

ရတနာတစ်ခုပိုင်ဆိုင်ထားလို့ အနာဂတ်မှာ

သေချာပေါက်

ဒုက္ခကြီးကြီးမားမားရောက်လိမ့်မယ်”

မူလစေတီ။

အခေါင်းတလားထဲမှလူက

မူလစေတီအကြောင်း

ပြောနေမှန်းသိလိုက်သည်။

ဤအချိန်တွင် အသံက ရုတ်တရက်

“လူသားကောင်လေး

မင်းထွက်သွားရမယ့်အချိန်ရောက်ပြီ”

ယန်ယဲ့သည် ခဏမျှစဉ်းစားပြီး

“အကြီးအကဲ အကြီးအကဲက

ဒီမှာဘာလုပ်နေတာလဲ…”

အသံက “ငါအိပ်ရေးဝအောင်

အိပ်နေတာကြာပြီး မကြာသေးခင်ကပဲ

ခဏနိုးလာတာ။ ဒါပေမဲ့ လူတချို့ကို

နှိုးဆော်မိလိမ့်မယ်လို့ ဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ အခုတော့

ပုန်းအောင်းနေရပြန်ပြီး နောက်ဆုံးတော့

အခုလက်ရှိ လူသားမျိုးနွယ်နဲ့

ရောထွေးမနေချင်ဘူး”

ယန်ယဲ့သည် ခဏမျှ တုံ့ဆိုင်းသွားပြီး

“အကြီးအကဲ

အကြီးအကဲမှာမူလအစရှိလား…။

ငါတစ်ခုလောက်ရနိုင်မလား…”

“မူလအစ အဲ့ဒါဘာလဲ…”

အသံက အံ့အားသင့်နေသော

အရိပ်အယောင်ကိုဟသယ်ဆောင်လာသ

ည်။

ယန်ယဲ့က “အနည်းငယ်
ထိတ်လန့်သွားပြီး။ ဒါဟာ အကြီးအကဲရဲ့
တိုက်ခိုက်ရေးနည်းစနစ် ဒါမှမဟုတ်
ကျင့်ကြံတဲ့နည်းစနစ်”ဟု
အလျင်စလိုပြောလိုက်သည်။

အသံက အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ ထို့နောက်တွင်

သလင်းကျောက်ပုံဆောင်ခဲတစ်ခု ယန်ယွဲ့ရှေ့မှာပေါ်လာသည်။

အသံက "အမွေအနှစ်ကျောက်တုံး အထဲမှာဘာတွေပါလဲ...။ မင်းကြိုက်လား ငါမသိဘူး။ ဘာပဲဖြစ်ဖြစ် အဲ့ဒါက ငါမှာရှိတဲ့ တစ်ခုတည်းသော အမွေအနှစ်ကျောက်တုံးပဲ"

ယန်ယဲ့က အမြန်ယူလိုက်သည်။

“ကျေးဇူးတင်ပါတယ် အကြီးအကဲ”

“လူသား…”

အသံက ရုတ်တရက် ပြောလိုက်သည်။

“မင်းငါ့ကို တစ်ခုခုကူညီပေးနိုင်မလား…”

ယန်ယဲ့က “အကြီးအကဲပြောပါ”

“ဒီနေရာမှာ သိုလှောင်ထားတဲ့
ဝိညဉ်စွမ်းအင်က ပိုနည်းပါးလာပြီ
ပိုရှားပါးလာတယ်။ ဒါဟာ ငါ့ကို
အသက်ဆက်ရှင်ဖို့မလုံလောက်ဘူး။
ဒါဆို မင်းငါ့ဆီ ပြန်လာပေးလို့ရမလား…။
အရမ်းကြီးမလိုအာဘူး”

ယန်ယဲ့ကပြုံးပြီး “ဒါပေါ့ စိတ်ချပါ
အကြီးအကဲ”

ထိုအခြေအနေက သူ့အတွက်

ကြီးကြီးမားမားပြဿနာမဟုတ်ပေ

ထို့ကြောင့် သဘာဝအတိုင်း

ငြင်းငယ်မည်မဟုတ်ပါ။

“ကျေးဇူးတင်ပါတယ်”

စကားသံပြီးသည်နှင့်

အခေါင်းတလားအဖုံးက ဖြည်းညင်းစွာ

ဖုံးအုပ်သွားသည်။ ယန်ယွဲ့သည်

သလင်းကျောက်အခေါင်းတလားရှိရာသို့ လက်သီးနှစ်ဖက်ဆုပ်လျှက်  နောက်ပြန်လှည့်ကာ ထွက်လာခဲ့သည်။

ဝင်ပေါက်တွင် ထူးဆန်းသော နတ်ဆိုးကို တွေ့ခဲ့သော်လည်း ၎င်းက ထောင့်နေရာတွင် ထိုင်နေလျက် ငြိမ်နေသည်။ ယန်ယွဲ့သည် ထူးဆန်းသော နတ်ဆိုးကို အနည်းငယ်ခေါင်းညိတ်ပြပြီး အဝေးဆီသို့ ထွက်သွားသည်။

ထူးဆန်းသောနတ်ဆိုးက ယန်ယဲ့

ထွက်သွားသည့် လမ်းကြောင်းကို

တစ်ချက်ကြည့်လိုက်ပြီး မြေပြင်ပေါ်တွင်

လဲချလိုက်သည်။ ဤအချိန်တွင်

ခန်းမသည်

တိတ်ဆိတ်မှုကြီးစိုးသွားသည်။

ခဏကြာသော်အထိ

တိတ်ဆိတ်ငြိမ်သက်သွားပြီးတော့

တိုးညင်းသောအသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

"ဒါဆို နှစ်တစ်သန်းလောက် ကျော်သွားပြီးပေါ့။ နောင်သံသရာနဲ့ နောက်ထပ် ခေတ်သစ်တစ်ခု။ ဒီတစ်ခါ ဘယ်သူက ကံကောင်းမလဲ..."

ယန်ယွဲ့သည် လျှို့ဝှက်ဆန်းကြယ်သော အပျက်အစီးနယ်မြေမှ

ထွက်လာသည်နှင့်တစ်ပြိုင်နက် ဟန်ရီနှင့်

အဖွဲ့ကို တွေ့လိုက်ရသည်။ လီရှို့ရှီနှင့်

ဝူယုလည်းပါသည်။ ဟန်ရီနှင့်

အခြားကျောင်းသူများက ယန်ယွဲ့ကို

စိုက်ကြည့်နေသည်။

ယန်ယွဲ့သည်

စကားစလုဆဲဆဲဖြစ်သော်လည်း

ဟန်ရီနှင့် အခြား ကျောင်းသူများက

သူ့အား ဝိုင်းထားကြသည်။

ဤအချိန်တွင်

လျှို့ဝှက်ဆန်းကြယ်သောအပျက်အစီးန

ယ်မြေသည် တုန်ခါသွားပြီး

လူတိုင်း၏ရှေ့တွင် သာမန်ဆန်သော

ပုံသဏ္ဍာန်အဖြစ် ပြောင်းလဲကာ

တဖြည်းဖြည်း

ပျောက်ကွယ်သွားလေတော့သည်။

“ပျောက်သွားပြီးလား..”

သူတို့ရှေ့ရှိ အပျက်အစီးနယ်မြေက

လုံးလုံးလျားလျား

ပျောက်ကွယ်သွားသည်။

အရိပ်အယောင်တောင် မကျန်တော့ပေ။

ဤအချိန်တွင် လူတစ်ယောက်က

ရုတ်တရက် မေးလိုက်သည်။

“ညီငယ်ယန် အဲ့ဒီမှာ ဘာမြင်ခဲ့လဲ...”

လူတိုင်းက အတွေးကိုထိန်းကာ ယန်ယွဲ့ကို စိုက်ကြည့်နေကြသည်။ ယန်ယွဲ့သည် အထဲတွင် အချိန်အတော်ကြာသည်အထိ အသက်ရှင်နေနိုင်ခဲ့သောကြောင့် လူတိုင်းသိချင်စိတ်များ ဖြစ်ပေါ်စေခဲ့သည်။

ယန်ယွဲ့ကပြုံးပြီး “ဒါက သိပ်တော့မကောင်းပါဘူး။ ငါက

ထူးဆန်းတဲ့ နတ်ဆိုးတစ်ကောင်နဲ့တွေ့ပြီး
ဒရောသောပါးထွက်ပြေးလာခဲ့ရတာ”

ထိုလူက “ဒါပဲလား…”

ယန်ယဲ့က ထိုလူကိုစိုက်ကြည့်ရင်း
“တခြား ဘာရှိရဦးမလဲ…”

ထိုလူက ယန်ယဲ့ကိုစိုက်ကြည့်ကာ
“ညီငယ်ယန် ဟိုမှာ

ဘာမှမတွေ့ခဲ့ဘူးလား...။

မတွေ့ဖူးလား...။ မူလအစကို

တကယ်မတွေ့ခဲ့တာလား...”

ယန်ယဲ့က

ခေါင်းခါလိုက်ပြီး“ငါမတွေ့ဘူး”

ထိုလူ၏အသံက အနည်းငယ်

အေးစက်သွားကာ “တကယ်လား...”

ယန်ယဲ့သည် ထိုလူထံသို့ ချဉ်းကပ်လာပြီး

“ငါ ရိုးရိုးသားသားပြောရရင်

ငါတစ်ခုမှမတွေ့ဘူးဆို

ငါတစ်ခုတွေ့တွေ့မတွေ့တွေ့

မင်းဘာလုပ်နိုင်မလဲ…။

ငါ့ကိုသတ်ပြီးယူမှာလား…။

မင်းဘာလို့မကြိုးစားကြည့်တာလဲ…”

ထိုလူ၏အမူအရာက ချက်ချင်းပင်

ဆိုးရွားသွားသည်။

ယန်ယွဲ့သည် နောက်ထပ်

စကားမပြောတော့ဘဲ ထိုလူကို

လျစ်လျူရှုပြီး

ထွက်သွားရန်ပြင်လိုက်သည်။

ဤအချိန်တွင် လီရှို့ရှီနှင့် ဝူယုတို့

နှစ်ယောက်စလုံးလည်း

ယန်ယွဲ့အနောက်မှ

ကမန်းကတန်းလိုက်လာကြသည်။

ဟန်ရီက ရုတ်တရက် ပြုံးလိုက်သည်။

“ဘာပဲဖြစ်ဖြစ် ဂုဏ်ယူပါတယ်”

ယန်ယဲ့က ဟန်ရီကို

တစ်ချက်ကြည့်လိုက်ပြီး “အကြီးအကဲ

မင်းတို့တွေက အန္တရာယ်နဲ့တွေ့တဲ့အခါ

အမြန်ထွက်ပြေးသွားကြတာပဲ။

အဲ့ဒါအတွက် ဘယ်သူကို

အပြစ်တင်နိုင်မလဲ…”

ထိုစကားပြောပြီးသည်နှင့်

ယန်ယဲ့၏ပုံရိပ်က

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ကောင်းကင်အဝေးတစ်နေရာသို့

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ထွက်ခွာသွားသည့်တိုင်း ဟန်ရီက

မျက်နှာပေါ်တွင် တည်ငြိမ်သော

အကြည့်ဖြင့် ကောင်းကင်ကို

မော့ကြည့်နေသည်။

သူဘာတွေးနေလဲတော့ မသိပေ။

ဤအချိန်တွင် ကောင်းကင်

တစ်ဖက်ခြမ်းမှ

အစွမ်းထက်အရှိန်အဝါဘာအများအပြား

လျင်မြန်စွာ ချဉ်းကပ်လူကြသည်။

ဟန်ရီက “မဟာမျိုးနွယ်စုကြီးလေးခုနှင့်
သိုင်းအင်ပါယာကျောင်းတော်
နောက်ဆုံးတော့ သူတို့ ရောက်လာကြပြီ”

အစောပိုင်းက ပြောခဲ့သည့်လူက
တော်တော်လေးစိတ်လှုပ်ရှားနေပုံရပြီး“
အစ်ကိုဟန် ငါတို့ထွက်ပြေးရမလား…”
ဟုမေးလိုက်သည်။

ဟန်ရီက ပြုံးပြီး "ဘာလို့လဲ...ငါတို့က သူတို့ကို အမှန်တိုင်းပြောဖို့ပဲလိုတာ ဘာပဲဖြစ်ဖြစ် ငါတို့ ဘာမှမရခဲ့ဘူးလေ"

သိုင်းအင်ပါယာ မြို့တော်။

မြို့တော် ပြန်ရောက်လာသည်နှင့် ယန်ယဲ့သည် လီရှို့ရှီနှင့် ဝူယုကို လျစ်လျူရှုခဲ့ပြီး စာကြည့်တိုက်ကို တည့်တည့် ပြန်လာခဲ့သည်။

“ယန်ယဲ့”

လီရှို့ရှီက ယန်ယဲ့ရှေ့တွင် ရုတ်တရက်
ပေါ်လာခဲ့သည်။

သူမက ယန်ယဲ့ကို မျက်လုံးချင်း
တည့်တည့်စိုက်ကြည့်ကာ
“မင်းအဲ့ဒီအထဲကို

ဘာဝင်လုပ်နေတာလဲ…”ဟု

မေးလိုက်သည်။

“ရှို့ရှီ”

ဝူယုက လီရှို့ရှီကို ရုတ်တရက်

နောက်ပြန်ဆွဲခေါ်လိုက်ပြီး သတိအပြည့်

မျက်လုံးများဖြင့် ယန်ယွဲ့အား

စိုက်ကြည့်နေသည်။

ယန်ယဲ့သည်

ထိုမိန်းကလေးနှစ်ယောက်ကို

တစ်ချက်စိုက်ကြည့်လိုက်ပြီး

အဝေးဆီသို့ ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားသောအခါ ဝူယုက

သက်သာရာရသွားသည်။

လီရှို့ရှီက

တော်တော်လေးစိတ်ရှုပ်သွားပြီး “အို့

အဲ့ဒါက ဘာဖြစ်လို့လဲ...”

ဂူယုက လီရှို့ရှီကို စိုက်ကြည့်နေသည်။

“နင်က ဒီလောက် မိုက်မဲနေတာလား…။

သူ အန္တရာယ်နဲ့

ရင်ဆိုင်တွေ့နေတဲ့အချိန်မှာ ငါတို့အထဲက

ဘယ်သူမှ လက်မငှားခဲ့ကြဘူး။

သူနေရာမှာ နင်သာဆိုရင် ငါတို့ကို

အထင်ကြီးမှာလား…။ဟုတ်တယ် အခု

သူရတဲ့အရာတွေက

ဘာပဲဖြစ်ဖြစ်  ငါတို့ကတောင်းဆိုသင့်

လား…”

ဤအချိန်တွင် သူမ၏အသံက

နိမ့်ဆင်းသွားသည်။

“နင်နားမလည်သေးဘူးလား…။

အဲ့ဒီနေရာကနေ ထွက်လာတာနဲ့

သူကချက်ချင်း လူသတ်ချင်နေတာ

အဲ့ဒါကြောင့် ဟန်ရီက သူ့ကို

ဘာမှမမေးရဲဘူး။ ဘာကြောင့်လဲဆိုတော့

အဲ့ဒီလူကို ရှူးသွပ်သွားရင်
ကြောက်စရာကောင်းတယ်ဆိုတာ
ကောင်းကောင်းသိနေလို့ပဲ
သူရူးသွားတာနဲ့ အဲ့ဒီမှာရှိတဲ့ လူတိုင်းကို
သတ်ပစ်မှာသေချာတယ်”

လီရှို့ရှီ၏ နှုတ်ခမ်းပါးပါးလေးများ
အနည်းငယ် လှုပ်သွားသည်။
တစ်ခုခုပြောချင်နေသော်လည်း
အဆုံးတွင် မပြောခဲ့ပေ။

ဝူယုက ဆက်ပြောသည်။ “အဲ့ဒီမှာ ငါတို့သူကို ကူညီခဲ့မယ်ဆိုရင်တော့ ဒါဟာ သစ္စာစောင့်သိမှုလို့ ပြောနိုင်တယ်။ ဒါပေမဲ့ ငါတို့ မလုပ်ခဲ့တော့ အခွင့်အရေးမရှိဘူး။ သူ့ကိုမကူညီတဲ့အတွက် ငါတို့ကို အပြစ်တင်လို့မရဘူး။ သူအဲ့ဒီမှာ ဘာရခဲ့လဲ ဒါမှမဟုတ် ဘာပဲ ယူလာလာ ငါတို့မေးလို့မရဘူး။ ဟုတ်တယ်

အဓိကကတော့ ငါတို့မှာ အဲ့လိုလုပ်ဖို့

ခွန်အားမရှိလို့ဘဲ။ မင်းမှာ လုံလောက်တဲ့

ခွန်အားမရှိတာက အခြားတစ်ယောက်ရဲ

ပိုင်ဆိုင်မှုကို လောဘတက်နေရင် ဒါဟာ

ကိုယ့်သေတွင်းကိုယ်တူးတာနဲ့ အတူတူပဲ”

လီရှို့ရှိက “နားလည်ပါပြီ”

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၃၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဝူယုက လီရှို့ရှီကို တစ်ချက်ကြည့်ကာ ဆက်ပြောသည် “အဲ့ဒီမှာ ငါတို့သူကို ကူညီခဲ့မယ်ဆိုရင်တော့ ဒါဟာ သစ္စာစောင့်သိမှုလို့ ပြောနိုင်တယ်။

ဒါပေမဲ့ ငါတို့ မလုပ်ခဲ့တော့

အခွင့်အရေးမရှိဘူး။

သူ့ကိုမကူညီတဲ့အတွက် ငါတို့ကို

အပြစ်တင်လို့မရဘူး။ သူအဲ့ဒီမှာ

ဘာရခဲ့လဲ ဒါမှမဟုတ် ဘာပဲ ယူလာလာ

ငါတို့မေးလို့မရဘူး။ ဟုတ်တယ်

အဓိကကတော့ ငါတို့မှာ အဲ့လိုလုပ်ဖို့

ခွန်အားမရှိလို့ဘဲ။ မင်းမှာ လုံလောက်တဲ့

ခွန်အားမရှိတာက အခြားတစ်ယောက်ရဲ

ပိုင်ဆိုင်မှုကို လောဘတက်နေရင် ဒါဟာ

ကိုယ့်သေတွင်းကိုယ်တူးတာနဲ့ အတူတူပဲ”

လီရှို့ရှီက “နားလည်ပါပြီ”

.......

ယန်ယွဲ့သည် စာကြည့်တိုက်သို့

ပြန်လာပြီး ချက်ချင်း

ထိုင်စရာနေရာတစ်ခုရှာကာ

ထိုင်ချလိုက်သည်။ ဤအချိန်တွင်

တျန်းရှူက

မူလစေတီအထဲမှထွက်လာသည်။ ဤအ

ချိန်တွင် ယန်ယွဲ့သည်

သမိုင်းမတင်မီခေတ်

အပျက်အစီးနယ်မြေမှရလာသော

အမွေခံကျောက်တုံးကို သဘာဝအတိုင်း

လေ့လာနေသည်။ ထိုကြောင့်

တျန်းရှူကို အပြင်ခဏထွက်ခိုင်းပြီး

စာကြည့်တိုက်မှူး ယာယီလုပ်ခိုင်းသည်။

တျန်းရှူကမဝေးလွန်းသော နေရာတွင်

တင်ပျဉ်ခွေထိုင်နေသော ယန်ယွဲ့ကို

တသ်ချက်စိုက်ကြည့်ပြီးနောက်

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်လိုက်သည်။ အဆုံးတွင်

သူမက ကျောက်စားပွဲရှေ့မှာ

ဝင်ထိုင်လိုက်၏။ စားပွဲပေါ်တွင်

ဓားတစ်ချောင်း တင်ထားခဲ့သည်။

အဓိပတိဓားပင်။ တျန်းရှူက

သူမ၏ခြေထောက်လေးများကို
ပေါ့ပေါ့ပါးပါး လှုပ်ယမ်းရင်း
ကျောက်ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။
ထို့နောက် ယန်ယွဲ့ကို
ရှံဖန်ရှံခါစိုက်ကြည့်နေသော်လည်း
မသိမသာကြည့်နေသည်။

မူလစေတီထဲတွင် ယန်ယွဲ့သည် သူ့ရှေ့ရှိ
သလင်းကျောက်ပုံဆောင်ခဲနှင့်တူသော
ကျောက်တုံးကို စိုက်ကြည့်နေသည်။

အချိန်အတော်ကြာသွားပြီးနောက်

ဖွဖွလေး ပုတ်လိုက်သည်။

ကျောက်တုံးကို

တစ်ချက်ထိလိုက်သည်နှင့် အပိုင်းပိုင်း

ကွဲထွက်သွားကာ သူ့ရှေ့ရှိမြင်ကွင်းသည်

ချက်ချင်း ပြောင်းလဲသွားခဲ့သည်။

ဤအချိန်တွင် သူ့ရှေ့ရှိမြင်ကွင်းသည်

အရောင် ၇ ရောင်

(ရောင်စဉ်ခုနှစ်ဖြာ)ရှိကာ

သက်တံရောင်များ တောက်ပနေသည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ ရုတ်တရက်

ဆိုသလိုပင် ပုံရိပ်တစ်ခုက

သူ့ရှေ့မှာပေါ်လာခဲ့သည်။ ပုံရိပ်က

သူ့အနီးသို့ လျှောက်လာခဲ့သော်လည်း

ယန်ယွဲ့သည် ၎င်း၏အသွင်အပြင်ကို

ခွဲခြား၍ မရခဲ့ပေ။ မှုန်ဝါးနေသော

ရုပ်ပုံသဏ္ဍာန်ကိုသာ မြင်နိုင်ခဲ့သည်။

ဤအချိန်မှာပဲ

ပုံရိပ်၏ခန္ဓာကိုယ်ပတ်ပတ်လည်မှ

မီးတိုင်လုံး ငါးတိုင် ပေါ်လာသည်။

မီးတိုင်များက အနီရောင်၊ ရေပြာရောင်၊

မြေသား အညိုရောင် စသဖြင့်

ယန်ယွဲ့သည်

ခဏကြာတွေးတောနေပြီးနောက်

ချက်ချင်းပင်

နားလည်သဘောပေါက်လာခဲ့သည်။

၎င်းသည် ဒြပ်စင် ငါးပါး
စွမ်းအင်ဖြစ်သည်။

ဒြပ်စင်ငါးပါးသည် လောကကို
ထောက်ပံ့ထားသည်။ အတိတ်တွင်
သူသည် ဒြပ်စင်ငါးပါးစွမ်းအင်ကို
ကျင့်ကြံဖူးသည်ဖြစ်ရာ ထိုအကြောင်းကို
အနည်းငယ်သိထားခဲ့သည်။
ဤအချိန်တွင် စွမ်းအင်တိုင်လုံးကြီး

ငါးတိုင်က ရုတ်တရက်
လှည့်ပတ်လာသည်။

“ပေါင်းစည်းတော့မှာလား…”

ဒြပ်စင်ငါးပါးကို ပေါင်းစပ်ခြင်းသည်
အထူးအဆန်းတော့မဟုတ်ပေ။
အကြောင်းမှာ သူသည်လည်း
အတိတ်တွင် ထိုအတိုင်း
လုပ်တောင်ခဲ့ဖူးလို့ပါ။

အတော်လေးအားကောင်းသော်လည်း

လက်ရှိ သူ့အတွက်

သိပ်ပြီးအသုံးမဝင်တော့ပေ။

သို့သော်လည်း ယန်ယဲ့၏ ပတ်ဝန်းကျင်ရှိ

မြင်ကွင်းသည် ရုတ်တရက်

ပြောင်းလဲသွားခဲ့သည်။ သူသည်

အဆုံးအစမဲ့သော ပန်းခင်းကြီးပေါ်တွင်

ရှိနေသည်။ ပန်းပွင့်များက

အလွန်လှပသည်။

ထင်ရှားစွာပွင့်ဖူးနေသည်။

သို့သော်လည်း ခဏအကြာတွင်တော့

မြင်ကွင်းသည်

တဖြည်းဖြည်းပြောင်းလဲသွားသည်

ပန်းပွင့်များသည်

ရွှေရောင်ပြောင်းသွားပြီး တဖြည်းဖြည်း

ကြွေကျလာသည်။

ခဏအကြာတွင် အပူချိန်သည်

ပျောက်ကွယ်သွားကာ အေးခဲနေသော

အငွေ့အသက်များ စတင်ပျံ့လွင့်လာပြီး

ပန်းခင်းကြီးအား နှင်းခဲများ

ထူထပ်စွာ  ဖုံးအုပ်ထားလေတော့သည်။

ထိုကဲ့သို့ပင် ပတ်ဝန်းကျင်သည်

အဆက်မပြတ်ပြောင်းလဲနေခဲ့သည်။

အဆုံးတွင်တော့ ယန်ယွဲ့သည်

ထိုအဖြစ်အပျက်ကို

ကောင်းကောင်းသိလိုက်သည်။

ရာသီစက်ဝန်းလေးခု ၎င်းသည် တစ်နည်း

သူ့ရှေ့ရှိ ပြောင်းလဲမှု အဖြစ်အပျက်

(ပြောင်းလဲမှုဖြစ်စဉ်) သည်

ရာသီစက်ဝန်းလေးခု ဖြစ်သည်။

ယန်ယွဲ့သည် တစ်ခုခုကိုတွေးနေပုံရပြီး

ထိုပုံရိပ်ကို စိုက်ကြည့်လိုက်သည်။

ထိုပုံရိပ်က ထိုနေရာတွင် ရှိနေတုန်းပါ။

ပုံရိပ်တစ်ဝိုက် စွမ်းအင်ငါးမျိုးက

လည်ပတ်နေဆဲဖြစ်သည်။ ဤအချိန်တွင်

ယန်ယွဲ့ရှေ့ရှိ မြင်ကွင်းက အဆက်မပြတ်

ပြောင်လဲနေသည်။ တစ်ဆက်တည်း
သူ့စိတ်ထဲ အနည်းငယ် နားလည်
သဘောပေါက်လာခဲ့သည်။
ဒြပ်စင်ငါးပါးစွမ်းအင်သည်
ပေါင်းစည်းရုံမျှသာမဟုတ် ၎င်းတို့သည်
ဆင့်ကဲပြောင်းလဲနိုင်သည်။

ဒြပ်စင်ငါးပါးကိုပြောင်းလဲခြင်းသည်
ကမ္ဘာ(လောက)ကို ပြောင်းလဲခြင်းနှင့်
ညီသည်။ ထိုအရာက

တရားလွန်ချဲ့ကားသည်ဟု ထင်ရသော

အယူအဆတစ်ခုဖြစ်သည်။

သို့သော်လည်း

အဆင့်တစ်ခုရောက်သွားပါက

အရာအားလုံးကို

ဆင့်ကဲပြောင်းလဲပစ်နိုင်သည်။

ဖျက်ဆီးခြင်း သို့မဟုတ် ဖန်တီးခြင်း

မဟုတ် ပြုပြင်ပြောင်းလဲခြင်း။

တစ်နည်းအားဖြင့် ဆင့်ကဲဖြစ်စဉ်

ဖြစ်သည်။ ခြပ်စင်ငါးပါးစွမ်းအင်ကို
အသုံးပြုပြီး ဆင့်ကဲပြောင်းလဲခြင်း။
ပြုပြင်ခြင်းဖြစ်သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်တွင်
အပြုံးတစ်ခုရစ်ဝဲလာသည်။

ဓားနယ်မြေ။

သူသည် ဓားနယ်မြေကို

နားလည်ထားသည် ထို့ကြောင့်

ဓားနယ်မြေကို အသက်သွင်းကာ

ခြုပ်စင်ငါးပါးစွမ်းအင်နှင့်

ပေါင်းစပ်လိုက်သောအခါ မည်မျှအထိ

ကြောက်စရာကောင်းလာမည်နည်း။

နောက်ဆုံးတွင် သူသည်

ဓားနယ်မြေရှိ စွမ်းအားနယ်မြေကို

ကိုယ်တိုင်ထိန်းချုပ်ထားခဲ့သည်

မဟုတ်ပါလား။ ဓားနယ်မြေသည်
သူ၏ကိုယ်ပိုင်ကမ္ဘာတစ်ခုလိုဖြစ်သည်။
သူသည် ပုံရိပ်အသုံးပြုနေသော
နည်းစနစ်ကို ကျင့်ကြံထားလျှင်
ထိုကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်သည်။
ပြောင်းလဲရုံသာမကဘဲ ကိုယ်တိုင်ပါ
အသုံးချနိုင်ပေမည်။

ယန်ယဲ့၏ စိတ်ထဲတွင် မတူညီသော
ဖြစ်နိုင်ချေများ ဝင်ရောက်လာသည်။

ပုံရိပ်ပြသနေသော နည်းလမ်းနှင့်
မတူညီတာမျိုး
ဖြစ်ကောင်းဖြစ်နိုင်သော်လည်း
အရေးမကြီးပေ။ ယန်ယဲ့သည်
အခြားသူ၏ နည်းစနစ်များကို
အပြည့်အဝသင်ယူပြီး လေ့ကျင့်ဖို့
မတွေးထားပေ။ ပုံရိပ်ပြသနေသော
လှုပ်ရှားမှုများက ဓားနယ်မြေကိုပြန်ပြီး
စီစစ်ဖို့ သတိရသွားစေခဲ့သည်။ သူသည်

ဓားနယ်မြေကို အဆက်မပြတ်
အဆင့်မြှင့်တင်နိုင်သော်လည်း
အတိတ်တွင် ဦးတည်ချက် မရှိခဲ့ပါ။
ဤအချိန်တွင် သူသည် တစ်စုံတစ်ခုကို
ကောင်းကောင်း နားလည်သွားသည်။

ထိုနောက်ယန်ယွဲ့သည် သူ့အကြံအတိုင်း
ချက်ချင်း အကောင်အထည်
ဖော်လိုက်သည်။ သူ၏မျက်လုံးများကို
မှိတ်ထားလိုက်သည်နှင့် သူ့ရှေ့ရှိ

သလင်းကျောက်ပုံဆောင်ခဲက

ပြန်ပေါ်လာကာ ပတ်ဝန်းကျင်

မြင်ကွင်းသည် ပုံမှန်အတိုင်း

ပြန်ဖြစ်သွားသည်။

သလင်းကျောက်ပုံဆောင်ခဲကို

ငေးကြည့်ရင်း ယန်ယဲ့၏

နှုတ်ခမ်းထောင့်တွင်အပြုံးတစ်ခု

ကောက်ကောက်ပါနေလေသည်။

သူသည် သလင်းကျောက်ပုံဆောင်ခဲကို

ဆုပ်ကိုင်လိုက်ပြီး ရှေ့ကို

ခြေတစ်လှမ်းတိုးလိုက်သည်။

ဓားနယ်မြေ။

ဤအခိုက်အတန့်တွင် သူ့ပတ်ဝန်းကျင်

မီတာ(၅၀၀)ကျယ်ဝန်းသော ဧရိယာသည်

ဓားနယ်မြေဖြင့် လွှမ်းခြုံထားသည်။

ထိုနောက်တွင် ယန်ယွဲ့သည် စပြီး

လေ့ကျင့်လိုက်ပါတော့သည်။

အစပိုင်းတွင် ဓားနယ်မြေထဲရှိ

အာကာသပြင်သည် တဖြည်းဖြည်း

စတင်တုန်လှုပ်လာပြီး

မတည်မငြိမ်ဖြစ်နေသည်။

“အုန်း...”

ရုတ်တရက်ဆိုသလိုပင်

ဓားနယ်မြေအတွင်းရှိ

အာကာသပြင်သည် ကွဲအက်သွားကာ

ယန်ယွဲ့သည် ပါးစပ်ထောင့်မှ

သွေးတစ်လုပ် အန်ထုတ်လိုက်ရသည်။

တစ်ချိန်တည်းမှာပဲ သူ၏ပုံရိပ်က (၁၀)

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။ သို့သော်လည်း

ယန်ယွဲ့သည် သဘာဝအတိုင်း

အရှုံးမပေးပေ မတ်တတ်ထရပ်ပြီး

ဆက်လေ့ကျင့်ခဲ့သည်။

စာကြည့်တိုက်ထဲတွင်

တျန်းရှူကအနက်ရောင် စာလိပ်ကို

ကိုင်ထားပြီး အဆက်မပြတ်

လှန်လှောကြည့်နေသည်။ ဤအချိန်တွင်

လူငယ်တစ်ယောက်က

ဝင်လာသောကြောင့် တျန်းရှူက

စာအုပ်ကို ပြန်ချကာ

မော့ကြည့်လိုက်သည်။

ထိုလူငယ်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“စာကြည့်တိုက်မှူး ဘယ်မှာလဲ...”

တျန်းရှူက ခွေးခြေထိုင်ခုံပေါ်ကနေ
ခုန်ချလိုက်သည်။ “နင်ဘာလိုသေးလဲ...”

ထိုလူငယ်က အံ့သြတကြီးဖြင့် “မင်းက
စာကြည့်တိုက်မှူးလား...”

တျန်းရှူက ခေါင်းခါလိုက်ပြီး
“ငါ့အစ်ကိုကြီးပဲ။ အခုလောလောဆယ်
ဒီမှာမရှိလို့ သူ့ကိုယ်စား ကူညီတာပါ”

ထိုလူငယ်က တျန်းရှူကို
စိုက်ကြည့်နေသည်။ သူ၏အကြည့်က
ရုတ်တရက် စားပွဲပေါ်ရှိ
အစိပတိစားပေါ်ကို ကျဆင်းသွားသည်။
အချိန်တော်တော်ကြာအောင်
စိုက်ကြည့်နေပြီးနောက်လူငယ်၏

မျက်လုံးထဲမှ အံ့အားသင့်သွားသော
အရိပ်အယောင်များပေါ်လာသည်။
ခဏအကြာတွင် သူသည် အကြည့်ကို
ဆုတ်လိုက်ပြီး တျန်းရှူကို
စိုက်ကြည့်လိုက်သည်။

ထိုနောက်ပြုံးပြီး "ညီမလေး မင်းရဲ့
ဓားကို ငါ့ဆီရောင်းပေးနိုင်မလား..."

တျန်းရှူက ခေါင်းခါလိုက်သည်။

ထိုလူငယ်က ဓားကို ကောက်ယူလိုက်ပြီး အင်မော်တယ်သလင်းကျောက် နှစ်လုံးကို တျန်းရှုဆီ ပစ်ပေးလိုက်သည်။

တျန်းရှုက အံ့အားသင့်သွားသည်။

“ငါမရောင်းပါဘူး”

“မင်းမရောင်းဘူးလား...”

ထိုလူငယ်က တဟားဟားရယ်ကာ
"နောက်ကျသွားပြီး အခုငါ့အပိုင်ပဲ။
ဒါအပြင် မင်းသဘောတူထားတယ်”

တျန်းရှူက ငိုလုနီးပါးပင်။
“ဒါငါသဘောမတူဘူး”

ယန်ယွဲ့က သူမအတွက်
ယာယီပေးထားသောကြောင့်
တစ်စုံတစ်ယောက် လုယက်သွားပါက

ယန်ယဲ့သိသွားသည်နှင့် သေချာပေါက်

ဒေါသထွက်ပေလိမ့်မည်။

"အစ်ကိုကြီး ဒေါသထွက်ပြီး ငါ့ကို

မလိုလားတော့ရင်”တျန်းရှု၏

မျက်နှာသေးသေးလေးက

စိုးရိမ်စိတ်အပြည့်ဖြစ်လာခဲ့သည်။

ထိုလူငယ်က

ဆိုးဆိုးဝါးဝါးပြုံးလိုက်သည်။ သူက

တျန်းရှူ၏လည်ပင်းကို ရုတ်တရက်
ဆွဲမလိုက်ပြီး "ညီမလေး ဒီဓားက
အခုင်္ငါ့ရဲ့ ဓားပဲမလား..."

တျန်းရှူ၏မျက်နှာက ခရမ်းရောင်
ပြောင်းသွားကာ
မျက်လုံးသေးသေးလေးများပင်
ပြူးကျယ်လာသည်။

သို့သော် စကားမပြောနိုင်သည့်တိုင်

ခေါင်းခါဖို့ ကြိုးစားနေတုန်းပင်။

Translated by NyiNyiSoe

..အပိုင်း ၂၄၃၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ထိုလူငယ်၏အကြည့်က အေးခဲသွားသ
ည်။ သူသည် တျန်းရှူက ခေါင်းမာစွာ
ပြုမူနေသည်ကို မြင်လိုက်ရသည်။

"အခုမင်း ပိုင်သွားပြီ"

ဤအချိန်တွင် အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။

လူငယ်က

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ယောက် ဖြည်းညင်းစွာ

လျှောက်လာနေသည်ကို

တွေ့လိုက်ရသည်။ ထိုလူက

ယန်ယွဲ့ပင်ဖြစ်သည်။

ယန်ယွဲ့သည် ထိုလူငယ်ဆီသို့

ဖြည်းညင်းစွာ  လျှောက်လာရင်း

သူ့မျက်နှာတွင် ဘာမှမထူးခြားသော အမူအရာ တစ်ခုသာ ရှိနေသည်။

ထိုလူငယ်က ပြုံးပြီး“မင်းက သူပြောတဲ့အစ်ကိုကြီးလား…။ ဒါဆို ဒီဓားက မင်းရဲ့ဓားလား…”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“အဲ့ဒါအမှန်ပဲ”

ထိုလှူငယ်ကပြုံးသည်။

“ကဲ”

ယန်ယဲ့က “ဓားမင်းပိုင်တယ်”

လှူငယ်၏အပြုံးက ပို၍ ပီပြင်လာသည်။ နောက်ဆုံးတွင် သူသည် တျန်းရှူကို လွှတ်ပေးလိုက်သည်။ တျန်းရှူ၏ ခန္ဓာကိုယ်သေးသေးလေးက

မြေပြင်ပေါ်သို့ လဲကျသွားသည်နှင့်
တစ်ပြိုင်နက် ချောင်းတဟွတ်ဟွတ်
ဆိုးလိုက်သည်။ ယန်ယဲ့သည်
တျန်းရှုဆီသို့ လျှောက်လာပြီး သူမကို
ပွေ့ချီလိုက်သည်။

ဤအချိန်တွင် သူမက ယန်ယဲ့ကို
ပွေ့ဖက်ကာ“အစ်ကိုကြီး ငါမရောင်းဘူး။
တကယ် မရောင်းခဲ့ဘူး”

ယန်ယဲ့က သူမ၏ခေါင်းကို ညင်သာစွာ ပွတ်သပ်ပြီး ပြုံးကာ “ငါသိပါတယ်။ ငါပေးခဲ့တဲ့ ဓားကို မငင်းဘာလို့ရောင်းရမှာလဲ…”

တျန်းရှူက ယန်ယဲ့၏လက်ကိုဆွဲပြီး တိုးတိုးလေးပြောလိုက်သည်။ “ဒါပေမဲ့ ဒါပေမဲ့ သူယူသွားပြီး ငါက…”

သေချာသည်မှာ တျန်းရှူက သူ့ကိုယ်သူ
အပြစ်တင်နေပုံပင်။

ယန်ယဲ့ကပြုံးပြီး "အဆင်ပြေပါတယ်။
ကျန်တာ ငါ့ဆီလွှဲလိုက် မင်းအဲ့ဒီမှာ
ထိုင်ပြီးကြည့်နေလိုက်။
အဆင်ပြေပါတယ်"

တျန်းရှူက ယန်ယဲ့၏လက်ကို

တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး

“နင်ဘာလုပ်မှာလဲ…”

ယန်ယဲ့က “ငါက သူများကို

အမြဲအနိုင်ကျင့်တဲ့သူဆိုတော့

တစ်ပါးသူကို ဘယ်လိုလုပ်

အနိုင်ကျင့်ခွင့်ပေးရမှာလဲ…”

ထိုစကားပြောပြီးနောက် တျန်းရှုကို ပွေ့ချီပြီး ခွေးခြေထိုင်ခုံပေါ်တင်ကာ လူငယ်ကိုစိုက်ကြည့်လိုက်သည်။

လူငယ်က “အစတုန်းကတော့ မင်းက ညာဏ်ကောင်းတဲ့ လူတစ်ယောက်လို့ ငါထင်ခဲ့တာ ဒါပေမဲ့ အခုတော့ မိုက်မဲတယ်”

ယန်ယဲ့သည် နေရာတွင် ဖျတ်ခနဲ

ပျောက်သွားသောကြောင့်

လူငယ်၏အမူအရာသည် ရုတ်တရက်

ပြောင်းလဲသွားသည်။ သူ့ခန္ဓာကိုယ်

အနည်းငယ် လှုပ်ပြီး

နောက်ပြန်ဆုတ်လိုက်သော်လည်း

နောက်ကျသွားပါပြီး

လက်သီးတစ်ဖက်က

လူငယ်၏ဝမ်းဗိုက်ကို ထိမှန်သွားသည်။

“ဘုန်း…”

လူငယ်၏ပါးစပ်ထဲမှ သွေးများ ဖြန်းခနဲ
အန်ထွက်လာပြီး သူ၏ခန္ဓာကိုယ်သည်
စာကြည့်တိုက်အပြင်ဘက်သို့
လွင့်ထွက်သွားသည်။
စာကြည့်တိုက်အပြင်ဘက်တွင်
ယန်ယွဲ့သည် လူငယ်လေးရှေ့တွင်
ပေါ်လာပြီး ပခုံးကို လှမ်းနင်းလိုက်သည်။

“ခလွပ်…”

လူငယ်၏ ညာဘက်ပခုံး
ကွဲအက်သွားကာ မြေပြင်ပေါ်သို့
ပြုတ်ကျသွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့က
လူငယ်၏ ရင်ဘက်ကို
ဆောင့်ချလိုက်သည်။

“ဖလူး...´

လူငယ်၏ပါးစပ်ထဲမှ သွေးများ

စီးကျလာပြန်သည်။ ယန်ယဲ့သည်

လူငယ်ကို လည်ပင်းကနေ

ဆွဲမြှောက်လိုက်ပြီး

မျက်လုံးချင်းတည့်တည့်

စိုက်ကြည့်နေလိုက်သည်။

ဤအချိန်တွင် လူငယ်၏လက်ထဲမှ အစိပတိဓားက လွတ်ထွက်သွားကာ ယန်ယွဲ့နောက်သို့ လွင့်မျောသွားသည်။ တျန်းရှူက အစိပတိဓားကို မြင်သောအခါ ခွေးခြေပေါ်ကနေ ချက်ချင်းခုန်ဆင်းကာ အစိပတိဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလိုက်သည်။

ဤအချိန်တွင် ယန်ယွဲ့က လူငယ်ကို တည့်တည့် စိုက်ကြည့်ရင်း “အခု

မင်းအပိုင်ပဲလေ။ ကဲ နောက်တစ်ခေါက် ထပ်မေးလိုက်မယ် အခု ဘယ်သူပိုင်တာလဲ...”

လူငယ်က ဘာမှမပြောဘဲ ယန်ယဲ့ကို စိုက်ကြည့်နေသည်။ ယန်ယဲ့က သူ၏ဘယ်ဘက်လက်ကို အနည်းငယ် ဝှေ့ယမ်းလိုက်သည်။

“ဆူး...”

သွေးများ ဖြန်းခနဲ ပန်းထွက်လာကာ လက်မောင်းတစ်ဖက်က လေထဲကို ပျံတက်သွားသည်။

ယန်ယွဲ့က "မင်း ငါပြောတာကို မကြားဘူးလား..."

ထိုလူငယ်က နှုတ်ဆိတ်နေဆဲပါ။ သူသည် ယန်ယွဲ့ကို ပြင်းပြင်းထန်ထန်

စိုက်ကြည့်နေဆဲပါ။ ဤအချိန်တွင် ယန်ယဲ့သည် ခြေထောက်မြှောက်ကာ လူငယ်၏ ဒူးနှစ်ဖက်အပေါ် ရုတ်တရက် တက်နင်းလိုက်သည်။

"ခလွပ်…"

အရိုးများ ချက်ချင်းကွဲအက်သွားသောကြောင့် လူငယ်၏ ခြေထောက်နှစ်ဖက်က

မြေပြင်ပေါ်ထိ ကွေးညွတ်သွားသည်။

ထိုနောက်တွင် ယန်ယွဲ့သည် လူငယ်အား

စာကြည့်တိုက်ဝင်ပေါက်ရှေ့တွင်

ဒူးထောက်ခိုင်းလိုက်သည်။ လူငယ်က

အဝေးသို့ ထွက်သွားရန် ပြင်လိုက်စဉ်

ဓားစွမ်းအင် တစ်စင်းက လေထုကို

ဆုတ်ဖြဲလျက်

လူငယ်၏ခြေဖဝါးနှစ်ဖက်ကို မြေပြင်နှင့်

ထိုးစိုက်ထားလိုက်သည်။

ဤအချိန်တွင် ယန်ယဲ့သည် တျန်းရှူဆီသို့ လျှောက်သွားပြီး သူမကို ထိုလူငယ်ဆီခေါ်လာခဲ့သည်။

သူက တျန်းရှူကို စိုက်ကြည့်ပြီး “ဒါက မင်းကို ပိုကောင်းစေသလား…” ဟုမေးသည်။

တျန်းရှူက ခဏတုံ့ဆိုင်းသွားပုံရပြီး ခေါင်းခါပြသည်။

ယန်ယွဲ့က အတော်လေး အံ့သြသွားပြီး

“ဘာလို့လဲ…”

တျန်းရှူက ယန်ယွဲ့ကို မော့ကြည့်ပြီး

“အစ်ကိုကြီး နင်စိတ်ဆိုးပြီး

ထွက်သွားမှာကို ငါကြောက်တယ်”

ယန်ယွဲ့က သက်ပြင်းချရင်း “ရှူအာ

မင်းရဲ့နောက်ကွယ်က

လျှို့ဝှက်ဆန်းကြယ်မှုန်းငါသိတယ်။

ဒါပေမဲ့ အဲ့ဒါက ငါ့အတွက်

ဘာမှမထူးခြားဘူး။ အဲ့ဒါတွေအားလုံးကို

ငါဂရုမစိုက်လို့ဘဲ။ မင်းကိုအသုံးချဖို့

ဒါမှမဟုတ် အခြားအရာတွေကို

ငါဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူး။

အဲ့ဒီနေ့က မင်းကိုငါ ကယ်တင်ခဲ့သလိုပဲ။

ငါ့ညီမလေးတစ်ယောက်လို ထင်ခဲ့တာ။

ငါမင်းကို အသိအမှတ်ပြုပြီးကတည်းက

စွန့်လွှတ်မှာမဟုတ်ဘူး။ ငါနှင်းပွင့်ကို
စွန့်လွှတ်လိုက်တာမျိုး
မင်းတွေ့မိလို့လား...”

ယန်ယွဲ့သည် တျန်းရှူက
အလွန်အကဲဆက်သည်ကို
သတိပြုမိသည်။ ၎င်းသည်
အလွန်ကောင်းမွန်သော
အရာမဟုတ်ပေ။ နှင်းပွင့်၏ အရာရာကို

ဂရုမစိုက်သော သဘောထားကသာ ပိုအဆင်ပြေပါသည်။

“ငါဘယ်သူလဲဆိုတာ မင်းသိလား…”

ဤအချိန်တွင် လူငယ်က စူးစူးဝါးဝါးအော်ပြောလိုက်သည်။

ယန်ယဲ့က လှည့်ကြည့်လိုက်ပြီး “ဒါဆို ငါဘယ်သူလဲဆိုတာ မင်းသိလား…”

လူငယ်က  ယန်ယဲ့ကို ခက်ခက်ခဲခဲ
မော့ကြည့်လိုက်သည်။

ယန်ယဲ့က လူငယ်ဆီ လျှောက်လာသည်။
“မင်းဘယ်သူလဲဆိုတာ ငါဂရုမစိုက်ဘူး။
မင်းနောက်မှာရပ်နေတဲ့လူတွေကိုလည်း
ငါလုံးဝ ဂရုမစိုက်ဘူး။ မင်းအဖေက
သိုင်းအင်ပါယာကျောင်းတော်ရဲ့
ဥာနမှူးဖြစ်နေရင်တောင် ဒီနေ့မင်းကို

ဘယ်သူမှ ကယ်တင်နိုင်မှာ မဟုတ်ဘူး။
ငါမသေခင် မင်းကို အရင်သတ်ပစ်မယ်”

ယန်ယဲ့သည် ထိုအချိန်တွင်
ငုတ်တုတ်ထိုင်ချလိုက်သည်။
“မင်းခေါင်းမာချင်ရင်လည်း
ကောင်းပါတယ်။
မင်းလိုခေါင်းမာတဲ့လူတွေကို
ငါအရမ်းသဘောကျတယ်။
ငါ့တောင်းဆိုချက်က

အရမ်းရိုးရှင်းပါတယ်။

ဒူးထောက်ပြီးတော့ သူမကို

တောင်ပန်လိုက် အကြိမ်တစ်ရာလောက်

တောင်ပန်ပြီးတာနဲ့ မင်းကို

အမြန်သေခိုင်းလိုက်မယ်”

စကားပြောပြီးနောက် ယန်ယဲ့က

မတ်တတ်ထရပ်ပြီး တျန်းရှူဆီကို

ပြန်လျှောက်သွားသည်။

ထိုနောက် သူမ၏ခေါင်းကို ညင်သာစွာ

ပွတ်သပ်ပေးလိုက်ရင်း

“တစ်ယောက်ယောက်က

ငါ့ကိုအနိုင်ကျင့်ရင်

စိတ်ကောင်းဝင်နေတုန်း

ဒေါသထွက်မှာမဟုတ်ဘူး။ ဒါပေမဲ့

ငါ့ဘေးနားကလူတွေကို

တစ်ယောက်ယောက်က

အနိုင်ကျင့်နေတာမျိုးဆိုရင်

ငါစိတ်ကောင်းနေရင်တောင် အဲ့ဒီလူကို

သတ်ပစ်မယ်”

တျန်းရှူက ယန်ယဲ့ပြောလိုက်သည်

ဆိုလိုရင်းကို

တစ်စိတ်တစ်ပိုင်းနားလည်ပုံရပြီး

စိုက်ကြည့်နေသည်။ ယန်ယဲ့သည်

သူပြောသမျှအရာတိုင်းက

နှင်းပွင့်ကိုသာမကဘဲ

ထိုမိန်းမငယ်လေးကိုပါ

လွှမ်းမိုးနိုင်ခဲ့သည်။ သို့သော်
တျန်းရှုသည် အနာဂတ်လောကကို
ချုပ်ကိုင်နိုင်သူတစ်ယောက်ဖြစ်နေကြော
င်းတော့ သတိမထားမိခဲ့ပေ။

အချိန်သိပ်မကြာလိုက်ပေ
စာကြည့်တိုက်ရှေ့တွင် လူတချို့
စုဝေးလာကြသည်။ လူတိုင်းစာအုပ်ငှားဖို့
ရောက်လာသော်လည်း ယန်ယွဲ့နှင့်
တျန်းရှုဆီသို့ လျှောက်မလာခင်

မြေပြင်ပေါ်၌ ဒူးထောက်နေသော

လူငယ်ကို

မကြာခဏစိုက်ကြည့်နေသည်။

လူတိုင်း၏မျက်လုံးများက

စူးစမ်းလိုစိတ်များဖြင့်

ပြည့်နှက်နေခဲ့သည်။ တဖြည်းဖြည်း

လူပိုများလာခဲ့သည်။

တစ်နာရီခန့်အကြာမှာပဲ ဤနေရာမှာ

လူ(၃၀)ကျော် စုဝေးလာကြသည်။

ဤအခိုက်အတန့်တွင်
အဖြူရောင်ဝတ်စုံဝတ်လူငယ်တစ်ယော
က်ပေါ်လာသည်။ သူသည်
မြေပြင်ပေါ်တွင် ဒူးထောက်နေသော
လူငယ်ကို ငုံ့ကြည့်လိုက်သည်။ ထိုနောက်
လူငယ်၏ ဆိုးရွားလှသော
အခြေအနေကို ကြည့်ပြီး သူ့မျက်နှာက
သိသိသာသာ ပျက်ယွင်းသွားသည်။

ထိုနောက် ယန်ယဲ့ကို လှည့်ကြည့်ကာ

“မင်း ဒီလိုလုပ်လိုက်တာလား...”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“ငါလုပ်ခဲ့တာပဲ”

“မင်းအဲ့ဒီလို လုပ်ရဲအောင်

ဘယ်သူသတ္တိပေးခဲ့တာလဲ...”

အဖြူရောင်ဝတ်စုံဝတ်လူငယ်က
ဒေါသတကြီးနဲ့ "မင်း…"

ကျောက်စားပွဲပေါ်ရှိ အဓိပတိဓားက
ရုတ်တရက်ဆိုသလို ဖျတ်ခနဲ
ပျောက်ကွယ်သွားခဲ့သည်။

"အောင်း…"

ထိုခဏလေးမှာပဲ ဓားအူသံတစ်သံ
ပွဲတင်ထပ်လာသည်။

အဖြူရောင်ဝတ်စုံဝတ်လူငယ်၏အမူအ
ရာက သိသိသာသာ
ပြောင်းလဲသွားသည်။
သူ၏လက်နှစ်ဖက်ကို
အမြန်ဆန့်ထုတ်ပြီးအပြင်သို့
ကုတ်ဆွဲလိုက်သည်။ သူ့ရှေ့တွင်
လျှပ်စီးကြောင်းတစ်ခုပေါ်လာသည်။

ထိုအချိန်တွင် ဆားတစ်ချောင်းက
လျှပ်စီးကြောင်းကို
တည့်တည့်ပိုင်းချလိုက်သည်။

သို့သော် လျှပ်စီးကြောင်းက ရုတ်တရက်
ကျယ်ပြန့်လာကာ ဆားကို
ဖုံးလွှမ်းလိုက်သည်။ သို့သော်
ဖဘန်ယဲ့သည် လက်ဝါးကို
ကျောက်စားပွဲပေါ်
တစ်ချက်ပုတ်လိုက်သည်။

“အုန်း...”

ကျောက်စားပွဲက အနည်းငယ်

တုန်ခါသွားပြီး ယန်ယွဲ့သည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ

ရှေ့သို့ ပြေးထွက်လာသည်။

ခဏအကြာတွင် ခြေထောင်တစ်ဖက်က

ဓားလက်ကိုင်ရိုးကို လှမ်းကန်လိုက်သည်။

“ဆူး...”

ယန်ယဲ့၏ဓားက

လျှပ်စီးကြောင်းကိုထိုးဖောက်သွားသည်။

တစ်ချိန်တည်းမှာပင်

လူငယ်၏အမူအရာသည် သိသိသာသာ

ပြောင်းလဲသွားသည်။ သူ၏ခန္ဓာကိုယ်ကို

ဘေးဖက်သို့ ကမန်းကတန်း

ရွှေ့လိုက်သည်။ သို့သော်လည်း သူသည်

အနည်းငယ် နောက်ကျနေသေးကာ

ဆားက သူ၏ရင်ဘက်ကို
တည့်တည့်ပိုင်းချသည်။

အဖြူရောင်ဝတ်စုံဝတ်လူငယ်က မီတာ
(၃၀၀)ကျော် အကွာအထိ
လွင့်ထွက်သွားခဲ့သည်။ မြေပြင်ပေါ်သို့
ဆင်းလာသည်နှင့်တစ်ပြိုင်နက်
ယန်ယဲ့သည် သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ ထိုအခါ
လူငယ်၏ရင်ဘက်မှာ

စိုက်ဝင်နေသောဓားက သူ့လက်ထဲကို
ချက်ချင်းပြန်ရောက်လာသည်။
ဤအချိန်တွင် ပတ်ဝန်းကျင်သည်
သေမင်းတမန်အလား
တိတ်ဆိတ်နေမှုသာ ပြည့်နှက်နေသည်။

အားလုံးက ယန်ယွဲ့ကို
စိုက်ကြည့်နေကြ၏။

“တကယ်ပဲ သူက

စာကြည့်တိုက်မှူးလား…”

translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၃၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“သူက တကယ်ပဲ စာကြည့်တိုက်မှူးရော

ဟုတ်ရဲ့လား...”

သဘာဝအတိုင်း မယုံကြည်ကြပေ။

ထို့ကြောင့် လူတိုက်းက ယန်ယဲ့

မည်သူမည်ဝါဖြစ်ကြောင်း

စူးစမ်းလိုစိတ်ပြင်းပြလာသည်။

ဤအချိန်တွင်

အဖြူရောင်ဝတ်စုံဝတ်လူငယ်က

သူ၏ဓားဒဏ်ရာကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယဲ့အားမော့ကြည့်လာကာ

“မင်းကဘယ်သူလဲ…”

ယန်ယဲ့သည်

အဖြူရောင်ဝတ်စုံဝတ်လူငယ်ကို

စိုက်ကြည့်ကာ ဂရုမစိုက်ဘဲ

မြေပြင်ပေါ်ကို ဒူးထောက်နေသော

လူငယ်ကို

လက်ညှိုးထိုးပြရင်း“အကြောင်းပြချက်

တစ်ခုကြောင့် မင်းကိုတော့

ငါမသတ်ဘူး။ ဒါအပြင်

မင်းဘယ်သူလဲဆိုတာ ငါဂရုမစိုက်ဘူး။

မင်းမှာ ဘယ်သူ့ ပံ့ပိုးမှုရှိရှိ

သောက်ဂရုမစိုက်ဘူး။

အခုမင်းပြန်သွားလိုက်တော့။ ပြီးကျရင်
ငါယန်ယွဲ့က ဒီလူမိုက်အသက်ကို
လိုချင်တယ်လို့ပြောလိုက်။
သူ့ကိုကယ်တင်ဖို့ ကြိုးစားတဲ့
ဘယ်သူမဆို ငါသတ်ပစ်မယ်”

အဖြူရောင်ဝတ်စုံဝတ်လူငယ်၏
အမူအရာက အလွန်အမင်း
ကြည့်ကောင်းလှ၏။ အစောပိုင်းက
တိုက်ခိုက်မှုကြောင့် သူသည် ယန်ယွဲ့နှင့်

မယုံနိုင်တောကြောင်း

သိထားသောကြောင့်

ထပ်ပြီးတိုက်ခိုက်ခြင်းမပြုတော့ပေ။ ထို

ကြောင့် တိုက်ခိုက်ခြင်းသည် သူ့ကိုယ်သူ

သေလမ်းပို့သည်နှင့်

ကွားခြားမည်မဟုတ်ပေ။

“နည်းပြလီ ဒီကိုရောက်လာပြီ”

တစ်စုံတစ်ယောက်က ရုတ်တရက်

အော်လိုက်သည်။ ခဏအကြာတွင်

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့နှင့်

သိပ်မဝေးသော နေရာ၌ ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက

လက်ထဲတွင် စာလိပ်တစ်လိပ်

ကိုင်ဆောင်ထားလျက်

သန့်စင်သောပညာရှင် အငွေ့အသက်

ထုတ်လွှတ်နေသည်။

ပညာရှင်အဆင့် ကျင့်ကြံသူ။

သက်လတ်ပိုင်းအမျိုးသားကို
မြင်သည်နှင့် ယန်ယဲ့သည် ချက်ချင်း
သတိထားမိလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက
မြေပြင်ပေါ်တွင်
ဒူးထောက်နေသောလူငယ်ကို
ငုံ့ကြည့်ကာ တစ်ဖန် ယန်ယဲ့ကို

မောကြည့်ရင်း "ဒီလိုစာကြည့်တိုက်ထဲမှာ ညာဏ်ကြီးရှင်တစ်ယောက် ပုန်းအောင်နေမယ်လို့ ငါမမျှော်လင့်ထားဘူး။ ငါတကယ်ကို အံ့သြမိပါတယ်”

ယန်ယဲ့က ပခုံးတွန့်ပြီး “မင်းသူ့ကိုကယ်ဖို့ ဒီကိုရောက်လာတာလား...”ဟုမေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

“မင်းဘယ်လိုထင်လဲ...”ဟူသော

မေးခွန်းတစ်ခုနှင့်သာ ပြန်ဖြေသည်။

ယန်ယဲ့ကပြုံးပြီး

“မင်းမတက်နိုင်ဘူးထင်တယ်”

သက်လတ်ပိုင်းအမျိုးသားက

အနည်းငယ် စိတ်ဝင်စားလာပုံရသည်။

“ဘာလို့လဲ…”

ယန်ယဲ့က ပြုံးပြီး “မင်းဘယ်လိုထင်လဲ…”

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်သည်
“စိတ်ဝင်စားဖို့ကောင်းတယ်။ ငါသူ့ကို
မကယ်ချင်ပေမဲ့
သူ့ကျောထောက်နောက်ခံက

သာမန်မဟုတ်ဘူးဆိုတာ

သတိပေးရမယ်။ မင်းသူ့ကို သတ်ရင်...”

သို့သော် ယန်ယဲ့က

ခေါင်းယမ်းလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားကို

စကားဖြတ်ပြောကာ

”စိတ်မကောင်းပါဘူး မင်းပြောချင်တာကို

နားလည်ပါတယ်။ ဒါပေမဲ့...”

သူသည် ဒူးထောက်နေသော လူငယ်ကို

ရုတ်တရက် လက်ညှိုးထိုးပြသည်။

“သူ့အစ်ကိုက

သူ့ကိုကယ်တင်ဖို့လာတယ်ဆိုရင်

သူ့အစ်ကိုကို ငါသတ်မယ်။ သူ့အဖေက

ကယ်ဖို့ရောက်လာရင် သူ့အဖေကို

ငါသတ်ပစ်မယ်။ သူ့အဘိုးက

သူ့ကိုလာကယ်ရင် အဲ့ဒီလူကို

ငါသတ်မယ်။ တစ်မိသားစုလုံး

ကယ်ဖို့လာမယ်ဆိုရင် ငါသူတို့အားလုံးကို သတ်ပစ်မယ်”

ယန်ယဲ့၏ ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ကောက်ကောက်ပါလျက်
“ငါမှာ  တစ်သက်လုံး ဖျောက်ဖျက်မရမဲ့ အကျင့်ဆိုးတစ်ခုရှိတယ်။ အဲ့ဒါက ငါဟာ လူသတ်ရတာကြိုက်တယ်”

“သတ်ဖြတ်ရတာကို သဘောကျတယ်”

ယန်ယဲ့ ပြောလိုက်သည့်

စကားကိုကြားသောအခါ

လူတိုင်း၏မျက်နှာက ထူးဆန်းသော

အမူအရာများ ပေါ်လာကြသည်။

နည်းပြလီဟုခေါ်သော

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

အချိန်တော်တော်ကြာ စိုက်ကြည့်ပြီး

“ဒါဟာ သိုင်းအင်ပါယာကျောင်းတော်ပဲ”

ဟု ပြောသည်။

သူ့အမြင်အရတော့ ဤသည်မှာ

သိုင်းအင်ပါယာအကယ်ဒမီဖြစ်သည်ဟု

လူငယ်အား သတိပေးသင့်သည်။

ဤနေရာတွင် မည်သူမျှ

ဒုက္ခမရှာနိုင်ကြောင်း သူ့စိတ်ထဲ

ယူဆခဲ့သည်။ ယန်ယွဲ့ကို သတိပေးသည့်

အကြောင်းအရင်းမှာ သူ၏နောက်ကွယ်မှ

ထောက်ပံ့နေသော အင်အားစုကို

ကြောက်လို့တော့မဟုတ်ပေ။ ထိုကဲ့သို့

ညဏ်ကြီးရှင်တစ်ဦး

အလဟဿပျောက်ဆုံးသွားမည်ကို

မလိုလားသောကြောင့်ပါ။ ယန်ယဲ့၏

ပင်ကိုယ်စွမ်းရည်သည် အလွန်ကောင်းမွ

န်သည်။ သူ၏တိုက်ခိုက်ရေး စွမ်းအားက

သာမန်မဟုတ်ပေ။ ထိုလူငယ်သာ

သိုင်းအင်ပါယာကျောင်းတော်တွင်

အသတ်ခံလိုက်ရပါက

တော်တော်လေးကို ဆိုးဆိုးရွားရွား

ဆုံးရှုံးမှုဖြစ်ပါလိမ့်မည်။

ယန်ယဲ့က ပြုံးပြီး “အကြီးအကဲ ဒါဟာ

သိုင်းအင်ပါယာကျောင်းတော်ဆိုတာ

ငါသိပါတယ်။ ဒါပေမဲ့ ငါ့အသိအရတော့

အကယ်ဒမီက ကျောင်းသားတွေကို

တိုက်ခိုက်ဖို့

တားမြစ်ထားတာမဟုတ်ဘူး”

နည်းပြလီက “မင်းဟာ

ငါ့အကယ်ဒမီကျောင်းသား

မဟုတ်သေးဘူး…”

ယန်ယဲ့က နည်းပြလီကို

တည့်တည့်စိုက်ကြည့်လိုက်ပြီး

“သိုင်းအင်ပါယာကျောင်းတော်ကကျော

င်းသားတွေဟာ

စာကြည့်တိုက်မှူးကိုတောင်

အနိုင်မယူနိုင်ဘူးဆိုရင်
အကယ်ဒမီကျောင်းသား ဖြစ်ရတာ
ဂုဏ်ယူသင့်တဲ့အရာလား…။ ဒါမှမဟုတ်
မေးသင့်တာက
ဘယ်လိုဉာဏ်ကြီးရှင်တွေလဲ…”

နည်းပြလီက သက်ပြင်းချလိုက်သည်။
သူသည် မြေပြင်ပေါ်တွင်
ဒူးထောက်ကျနေသော လူငယ်ကို
ကယ်ဖို့မကြိုးစားသည်မှာ

ဘာကြောင့်လဲ။

သိုင်းအင်ပါယာကျောင်းတော်မှ

ကျောင်းသားများသည်

စာကြည့်တိုက်မှူးတစ်ယောက်ကိုပင်

အနိုင်မယူခဲ့လျှင် ထိုကျောင်းသားများကို

ဆက်ပြီး ထိန်းသိမ်းထားရမည်လော။

သူသည်

ရက်စက်ကြမ်းကြုတ်သူမဟုတ်သလို

အကယ်ဒမီ(ကျောင်းတော်)သည်လည်း

ရက်စက်တာမျိုးမဟုတ်ပေ။

ရက်စက်ကြမ်းကြုတ်သည်မှာကာ

ဤလောကဖြစ်သည်။ မည်သူက

မှန်သည်မှားသည်ကို

မှန်သည်မှားသည်ကို  လုံးဝဂရုမစိုက်ပေ။

တစ်ခါတစ်ရံတွင် လူအနည်းငယ်ကသာ

အမှန်တကယ် ဂရုစိုက်တက်ကြသည်။

သန်မာသူများကိုသာ ဂရုစိုက်ကြ၏။

သေချာပါသည်။ လက်ရှိသူ့ရှေ့မှ

လူငယ်က

အစွမ်းထက်ကျင့်ကြံသူတစ်ယောက်ဖြစ်

သည်။

နည်းပြလီက ယန်ယဲ့ကို

ခဏကြာစိုက်ကြည့်နေပြီး ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ကာ

“ကံကောင်းလိုက်တာ”

ထိုစကားပြောပြီးနောက်
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။ နည်းပြလီက
အကယ်ဒမီကို ကိုယ်စားပြုသောကြောင့်
ဇင်းထွက်သွားသည် ဖြစ်ရာ
သိုင်းအင်ပါယာကျောင်းတော်က
ဝင်စွက်ဖက်တော့မည် မဟုတ်ကြောင်း
ဆိုလိုပါသည်။ ဤအခိုက်အတန့်တွင်
လူတိုင်းဟာ ကျောက်စားပွဲနောက်တွင်

ထိုင်နေသော ယန်ယဲ့ကို

စိုက်ကြည့်နေကြသည်။ အမှန်တော့

ဤအဖြစ်အပျက်ကို အေးအေးချမ်းချမ်း

ဖြင့် အဆုံးသတ်ဖို့ မဖြစ်နိုင်တော့ပါ။

မှန်သည်။

အချိန်သိပ်မကြာလိုက်ဘဲ စာကြည့်တိုက်

အပြင်ဘက်တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

ပေါ်လာခဲ့သည်။

သူရောက်လာသည်နှင့် မြေပြင်ပေါ်တွင်
ဒူးထောက်နေသော လူငယ်က
“ဦးလေးဖန် ငါ့ကိုကယ်ပါ
ငါ့ကိုကယ်ပါဦး”

သက်လတ်ပိုင်းအမျိုးသားက
ဒူးထောက်နေသော လူငယ်ကို
ငုံ့ကြည့်ကာ ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။ သို့သော်လည်း

ယန်ယဲ့သည်

သက်လတ်ပိုင်းအမျိုးသားကို

လျစ်လျူရှုထားသည်။

တျန်းရှု၏ခေါင်းလေးကို ညင်သာစွာ

ပုတ်လိုက်ပြီး“အထဲကိုဝင်သွားပြီး

နှင်းပွင့်လေးနဲ့ ကစားနေလိုက်”

တျန်းရှူက သက်လတ်ပိုင်းအမျိုးသားကို လှမ်းကြည့်ကာ "အစ်ကိုကြီး သတိထားပါ"

ယန်ယဲ့ကပြုံးပြီး "ငါဂရုစိုက်ပါ့မယ်"

စကားပြောပြီးနောက် တျန်းရှူကို မူလစေတီထဲသို့ ပြန်ပို့လိုက်သည်။ ထိုနောက် ယန်ယဲ့သည် မတ်တတ်ထရပ်ပြီး

သက်လတ်ပိုင်းအမျိုးသားဆီသို့
လျှောက်လာသည်။

သက်လတ်ပိုင်းအမျိုးသားက
“သူ့ကိုလွှတ်လိုက်”

ယန်ယဲ့က ပြုံးပြီး “မင်းအိမ်မက်
မက်နေနေတာပဲ ဖြစ်ရမယ်”

သက်လတ်ပိုင်းအမျိုးသားက

စကားထပ်မပြောဘဲ လက်ကို

ရုတ်တရက် ဆန့်ကာ လိမ်လိုက်သည်။

ထိုခဏလေးမှာပဲ

ယန်ယွဲ့၏ပတ်ပတ်လည်ရှိ အာကာသ

ကြားကွက်လပ်အလွှာသည်

အနက်ရောင်ရေဝဲတစ်ခုအဖြစ်

ပြောင်းလဲကာ သူ့အား အပိုင်းပိုင်း

ဆုတ်ဖြဲရန် စုစည်းလာသည်။

ဤအချိန်တွင် ယန်ယဲ့လည်း
သူ၏ခန္ဓာကိုယ်အား မြင်းအကောင်ရေ
တစ်သန်းဖြင့် တက်နင်းနေသလို
ခံစားလိုက်ရသည်။

ခဏအကြာတွင်တော့ ယန်ယဲ့ထံမှ
ဓားအလင်းတန်း တစ်ဒါဇင်ခန့်
ရုတ်တရက် ပျံသန်းထွက်လာကာ
အနက်ရောင် ရေဝဲများကို အပိုင်းပိုင်း
ဆုတ်ဖြဲပစ်လိုက်သည်။ ထိုနောက်

အလင်းတန်းတစ်ခုက

သက်လတ်ပိုင်းအမျိုးသား၏

နဖူးအရှေ့တည့်တည့်သို့

ရောက်လာသည်။

သို့သော် သက်လတ်ပိုင်းအမျိုးသားက

မီတာ (၃၀၀)အကွာတွင် ရှိနေခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို ခဏကြာစိုက်ကြည့်ပြီး “မင်းမှာ အရည်အချင်းရှိတယ်”

စကားပြောပြီးသည်နှင့် သူ၏လက်ချောင်းကို မြှောက်ကာ ယန်ယဲ့ဆီသို့ လှမ်းပုတ်လိုက်သည်။ ယန်ယဲ့သည် လွင့်ထွက်သွားပြီး စာကြည့်တိုက်နံရံကို ထိမှန်သွားသဖြင့် ဤနေရာရှိလူတိုင်း အံ့ဩသွားကြသည်။

သက်လတ်ပိုင်းအမျိုးသား၏မျက်နှာပေါ်

တွင် အေးစက်စက် အပြုံးတစ်ခု

ရစ်ခွေနေသော်လည်း သိပ်မကြာခင်

တောင့်တင်းသွားသည်။ အကြောင်းမှာ

ယန်ယွဲ့သည် မတ်တတ်ထရပ်ကာ

သူ့ဆီသို့ ဖြည်းညင်းစွာ

လျှောက်လာသောကြောင့်ပင်။

အမှန်တော့ ယန်ယွဲ့က အထိအခိုက်မရှိဘဲ

အဆင်ပြေနေတုန်းပါ။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံးထဲ

၌ လေးနက်မှု အရိပ်အယောင်

ပေါ်လာပါတော့သည်။ ယန်ယွဲ့သည်

သူ၏ လက်ဝါးကို မြှောက်လိုက်ရာ

ဓားတစ်ချောင်းပေါ်လာသည်။ ဓားဦးက

သူ့လက်ဝါးကို တည့်တည့်ထိကာ

လှည့်ပတ်နေသည်။ ထိုနောက် ဓားမှ

အလင်းတန်းများ ဖြာထွက်လာကာ

ခဏအကြာတွင် ယန်ယဲ့အား

ဖုံးလွှမ်းထားသည်။

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံး

များက အနည်းငယ် ကျဉ်းမြောင်းလာပြီး

သူ့လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ

အနည်းငယ် လှုပ်လိုက်သည်။

“သွားတော့”

ယန်ယဲ့ အသံထွက်ပေါ်လာပြီးနောက်

သူ့လက်ဝါးပေါ်ရှိ ဓားက

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

သက်လတ်ပိုင်းအမျိုးသားဆီသို့

ပျံသန်းသွားသည်။ ဓားမှ

ဖြာထွက်လာသော ဖိအားကြောင့်

ပတ်ဝန်းကျင်ရှိ

လူတိုင်းနောက်ပြန်ဆုတ်သွားလိုက်ရသ

ည်။

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

သူ၏လက်ဝါးကို ရုတ်တရက် ရှေ့သို့

တွန်းလိုက်သည်။

“အုန်း...”

လက်ဝါးအလယ်မှ

ကြောက်မက်ဖွယ်ရာကောင်းသော

စွမ်းအားလှိုင်းကြီးတစ်ခု

ထွက်ပေါ်လာကာ ယန်ယဲ့၏

ဓားစွမ်းအင်ကို တားဆီးလိုက်သည်။

ဓားစွမ်းအင်က ရှေ့ဆက်မတိုးတော့ပေ။

ဤအတောအတွင်း ယန်ယဲ့၏

ခန္ဓာကိုယ်ထဲမှ ဓားတစ်ချောင်း

ထွက်ပေါ်လာသည်။ ထိုနောက် ယန်ယဲ့၏

ခန္ဓာကိုယ်နဲ့

တစ်သားတည်းဖြစ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏
လက်ထဲ၌ အနက်ရောင်
ဓားတစ်ချောင်းပေါ်လာသည်။

ဓားနှင့်လူ တစ်သားတည်းပေါင်းစပ်ခြင်း။
ပြီးပြည့်စုံသောဓားတရား။

လူအုပ်ထဲမှ လူတစ်ယောက်က
တုန်လှုပ်ခြောက်ခြားစွာဖြင့်
အော်ပြောလိုက်သည်။ သက်လတ်ပိုင်း

အမျိုးသား၏အမူအရာကလည်း
ထိုမြင်ကွင်းကြောင့်
ပြောင်းလဲသွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
ဖျတ်ခနဲ နေရာမှာပင်
ပျောက်သွားခဲ့သည်။

Translated by NyiNyiSoe

..အပိုင်း ၂၄၃၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဤအခိုက်အတန့်တွင်

သက်လတ်ပိုင်းအမျိုးသားက

ထိတ်လန့်သွားပါပြီ။

ထိုခဏလေးမှာပဲ နောက်ထပ်
ဓားတစ်ချောင်းပေါ်လာသည်။

အနက်ရောင် ဓားတစ်ချောင်း။

သက်လတ်ပိုင်းအမျိုးသားက
အနက်ရောင်ဓားကို လက်နှစ်ဖက်ဖြင့်
ဖမ်းဆုပ်ထားသည်။ သို့သော်
ထိုခဏလေးတွင် သူ့လက်ဝါးမှ
ထွက်ပေါ်လာသည်

ကြောက်မက်ဖွယ်အငွေ့အသက်သည်

သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင်

အနက်ရောင်ဓားက  သက်လတ်ပိုင်းအ

မျိုးသား၏ ရင်ဘက်ဆီသို့

ထိုးသွင်းသွားသည်။

“အုန်း…”

သက်လတ်ပိုင်းအမျိုးသားက

ပြုတ်ကျသွားကာ တောင်ကုန်းပေါ်သို့

ပစ်ချခံရသည်။ သို့သော် ထိုမျှနှင့်

မရပ်တန့်သေးဘဲ

သက်လတ်ပိုင်းအမျိုးသား၏

ခန္ဓာကိုယ်က တောင်ထိပ်ကနေ

ပြုတ်ကျသွားပြန်သည်။ သို့သော်

သက်လတ်ပိုင်းအမျိုးသားက

အသက်သေဆုံးမည့်
အရိပ်အယောင်မရှိပေ။

ဤအချိန်တွင် ပတ်ဝန်းကျင်သည် လုံးဝ
တိတ်ဆိတ်သွားသည်။ လူတိုင်းက
ယန်ယွဲ့ကို ကြည့်နေသည်။ သူ၏ကိုယ်ပိုင်
အဆင့်အတန်းကို သိချင်နေကြသည်။

"ဒီစာကြည့်တိုက်မှူးက ဘယ်သူလဲ..."

ယန်ယဲ့သည် သူ့ဓားကိုချကာ
မြေပြင်ပေါ်သို့ ဒူးထောက်နေသော
လူငယ်ဆီသို့ ဖြည်းညင်းစွာ
လျှောက်သွားသည်။

ထိုနောက် လူငယ်ကို စိုက်ကြည့်ပြီး
“လာပါ မင်းရဲ့ကျောထောက်နောက်ခံ
ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ
ငါကြည့်ပါရစေ။ မင်းဘာလို့ စောစောက

မကြောက်တာလဲ...

ငါဆက်ကြည့်ရအောင်”

ထိုလူငယ်က ယန်ယဲ့ကို

စိုက်ကြည့်နေသော်လည်း

စကားတစ်ခွန်းမှမပြောဝံ့တော့ပေ။

ဤအချိန်တွင် သူသည် ဝါးနိုင်သည်ထက်

ပိုကိုက်မိကြောင်း

ကောင်းကောင်းသိလိုက်သည်။

ယန်ယဲ့သည် ထိုလူငယ်ကို

ဂရုစိုက်မနေတော့ဘဲ ကျောက်စားပွဲဆီသို့

ပြန်သွားကာ ထိုင်ချလိုက်သည်။

စားပွဲပေါ်တွင် ဓားနှစ်ချောင်း။

အနက်ရောင်ဓားနှင့်

ရွှေရောင်ဓားတစ်ချောင်း

တင်ထားသည်။

ခဏအကြာတွင် ယန်ယဲ့သည် လူအုပ်ကို

လှည့်ကြည့်ကာ “မင်းတို့

ဖတ်ချင်တာလား…။

တစ်ခုခုငှားချင်တာလား…”

ဟုပြောလိုက်သည်။

လူတိုင်း တိတ်ဆိတ်နေကြသည်။

ပြန်ဖြေသံမကြားလိုက်ရသဖြင့် “ဒီမှာ

စာဖတ်ချင်တဲ့လူ

တစ်ယောက်မှမရှိဘူးလား…”ဟု

ထပ်မေးလိုက်သည်။

"ဒါပေါ့”

ရုတ်တရက်ဆိုသလို အသံတစ်သံ

ထွက်ပေါ်လာသည်။ လူတိုင်း

အသံထွက်ပေါ်လာသည့်ဘက်သို့

လှမ်းကြည့်လိုက်ရာ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်

ယောက်က ဖြည်းညင်းစွာ

လျှောက်လာနေသည်ကို

တွေ့လိုက်ရသည်။ သူမ၏ လက်ထဲ၌

ထီးဖြူတစ်ချောင်းကိုင်ထားသည်။

အမျိုးသမီးက ယန်ယဲ့ဆီသို့

ဖြည်းညင်းစွာ လျှောက်သွားပြီးနောက်

ခရမ်းရောင်ကဒ်ပြားတစ်ပြားကို

စားပွဲပေါ်တင်လိုက်သည်။

ယန်ယဲ့က "ဘယ်အဆင့်လဲ..."

“အဆင့် (၃)”

သူမက ယန်ယဲ့ကိုစိုက်ကြည့်ပြီး
“(၁)နာရီလောက်သုံးမယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
သူသည် ခရမ်းရောင်ကဒ်ပြားကို ယူကာ
အနက်ရောင် စာအုပ်ပေါ်တွင် ညင်သာစွာ
ပွတ်ဆွဲလိုက်သည်။ ထိုနောက်တွင်
အလင်းရောင် တဖျတ်ဖျတ်လက်နေသော

သော့တစ်ချောင်းက

အမျိုးသမီးရှေ့တွင်ပေါ်လာသည်။

၎င်းသည် အဆင့်(၃)ကို တက်ရောက်ရန်

သော့ဖြစ်သည်။ အမျိုးသမီးက

သော့ကိုယူသွားပြီး

ရှေ့ဆက်လျှောက်လာခဲ့သည်။

စာကြည့်တိုက်အထဲသို့

ဝင်သွားခါနီးတွင်တော့ ရုတ်တရက်

ရပ်လိုက်သည်။

“နင်ကောင်းကင်ခန်းမကို ဝင်ဖို့ စိတ်ဝင်စားသလား…”

“ကောင်းကင်ခန်းမ”

လူအုပ်ထဲရှိ အချို့က အော်ပြောကြပြီး အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကို စိုက်ကြည့်နေကြသည်။

ကောင်းကင်ခန်းမ။

သိုင်းအင်ပါယာကျောင်းတော်တွင်

ကောင်းကင်ခန်းမ၊ မြေကမ္ဘာခန်းမ၊

ဝိညာဉ်ခန်းမနှင့် မော်တယ်ခန်းမဟူ၍

ရှိခဲ့သည်။ ကောင်းကင်ခန်းမသည်

ခန်းမများ(အတန်းများ)အနက်  ဆန်းကြ

ယ်ဆုံးနှင့် ကြောက်စရာအကောင်းဆုံး

ဖြစ်ခဲ့သည်။ ထိုအတန်းထဲရှိ မည်သူမဆို

ထူးခြားသော ဉာဏ်ကြီးရှင်ဟု

ဆိုနိုင်သည်။ ထိုကဲ့သို့သော
ညာဏ်ကြီးရှင်က
မဟာမျိုးနွယ်စုကြီးလေးခု၏ ထိပ်တန်း
ညာဏ်ကြီးရှင်များနှင့် နှိုင်းယှဉ်နိုင်သည်။

အဓိကကတော့ ကောင်းကင်ခန်းမ၊
ကောင်းကင်အတန်းခွဲသည် အကယ်ဒမီရှိ
ကျောင်းသားတိုင်းဝင်ရောက်ရန်
ဆန္ဒရှိသော နေရာဖြစ်သည်။ ၎င်းသည်
ကျောင်းသားတိုင်း

ဦးတည်သည့်နေရာဖြစ်သည်။ သို့သော်
ဤနေရာတွင် ကောင်းကင်ခန်းမမှ
ကျောင်းသူတစ်ဦးကိုအမှန်တကယ်
တွေ့မည်ဟု မမျှော်လင့်ထားခဲ့ပေ။

လူတိုင်း စိတ်လှုပ်ရှားခဲ့ကြသည်။
မှန်သည်။ လူတိုင်း ပိုပြီးတော့တောင်
မနာလိုသလို ခံစားလိုက်ကြရသည်။
ကောင်းကင်ခန်းမမှ အဖွဲ့ဝင်တစ်ဦးက

ထိုစာကြည့်တိုက်မှူးကို ပါဝင်ဖို့

ဖိတ်ခေါ်လိုက်သောကြောင့် ဖြစ်သည်။

သို့သော်လည်း စာကြည့်တိုက်မှူးသည်

တော်တော်လေးကို

အရည်အချင်းရှိကြောင်း ဝန်ခံရပေမည်။

သို့ရာတွင် ကောင်းကင်ခန်းမသို့

ဝင်ရောက်နိုင်ပြီးလား...။ သူသည်

ကောင်းကင်ခန်းမသို့ဝင်ရောက်ရန်

လုံလောက်အောင်

သန်မာနေသည်လား...။

လူတော်တော်များများက

ထိုအခြေအနေကို

တွေးတောနေကြသည်။

မည်သူမျှတော့ဘစကားသံ ကျယ်ကျယ်

မပြောရဲပေ။

ယန်ယဲ့လည်း

တော်တော်လေးအံ့သြသွားမိသည်။

သူ့ရှေ့ရှိ

အဖြူရောင်ဝတ်စုံအမျိုးသမီးကို
ကောင်းကင်ခန်းမမှဖြစ်မည်ဟု
မမျှော်လင့်ထားခဲ့ပေ။
သူသည်ကောင်းကင်ခန်းမကို လီရှို့ရှီထံမှ
ကြားရုံလောက်သာ ဖြစ်သည်။

“ကောင်းကင်ခန်းမထဲ ဝင်မလား...”

ယန်ယဲ့က ခဏမျှစဥ်းစားပြီး
“သိုင်းအင်ပါယာကျောင်းတော်က

ကျောင်းသားတွေပဲ တတ်ရောက်နိုင်တဲ့ အတန်းမဟုတ်ဘူးလား…”

ယန်ယဲ့က အနက်ရောင် ကဒ်ပြားတစ်ပြားကို ယန်ယဲ့ဆီသို့ ပစ်ပေးလိုက်သည်။ “ဒါက အကြံပြုစာပဲ။ ဒါကို အကယ်ဒမီရဲ့ သတ္တမမြောက်တောင်ထိပ်ဖြစ်တဲ့ ဝိညဉ်ဝံပုလွေတောင်ထိပ်ကို ယူသွားလိုက်။ ပြီးတော့

တောင်ထိပ်ကိုရောက်ရင်

အကြီးအကဲမိုကို ရှာလိုက်ပါ။

နင်စမ်းသပ်ပွဲကို အောင်မြင်ရင်တော့

ကောင်းကင်ခန်းမမှာ ပါဝင်နိုင်မယ်။

ကံကောင်းပါစေ”

ထိုစကားပြောပြီးသည်နှင့် အမျိုးသမီးက

ပျောက်ကွယ်သွားသည်။

ဝိညဉ်မြူခိုးတောင်။

ယန်ယဲ့သည်ခဏမျှ စဉ်းစားပြီး

အနက်ရောင်ကဒ်ပြားကို

သိမ်းထားလိုက်သည်။

သိုင်းအင်ပါယာကျောင်းတော်ကို

ဝင်ခွင့်ရသော အခွင့်အရေးဖြစ်လေရာ

သဘာဝအတိုင်း စွန့်လွှတ်မည်မဟုတ်ပါ။

ဤအချိန်တွင် ယန်ယဲ့သည် တစ်နေရာသို့

ရုတ်တရက် လှမ်းကြည့်လိုက်သည်။

အဘိုးကြီးတစ်ယောက်က ယန်ယဲ့ဆီသို့

ဖြည်းညင်းစွာ လျှောက်လာပြီး
တံခါးရှေ့တွင် ရပ်လိုက်သည်။

ဤအချိန်တွင် မြေပြင်ပေါ်တွင်
ဒူးထောက်နေသော လူငယ်က
“ဘိုးဘေး... ဘိုးဘေး...
ငါ့ကိုကယ်တင်ပါ”

အဘိုးကြီးက လူငယ်ကို စိုက်ကြည့်ပြီး
“ရှက်စရာကောင်းလိုက်တာ”

စကားပြောပြီးသည်နှင့် လက်ကို

ဝှေ့ယမ်းလိုက်သည်။

"ဖောင်း..."

အဆိုပါလူငယ်က ပေါက်ကွဲသွားကာ

နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

အဘိုးကြီးက ယန်ယွဲ့ကို စိုက်ကြည့်ရင်း

"သူ့ရဲ့သေဆုံးမှုကို မင်းအပြစ်ကို

သတ်မှတ်လိုက်မယ်။ မင်းမှာ

ကန့်ကွက်စရာမရှိဘူးမဟုတ်လား…”

ယန်ယဲ့က မတ်တတ်ထရပ်ပြီး

အဘိုးကြီးကို ကြည့်လိုက်ပြီး

“ပညာရှင်တစ်ပါးက

ဒီလောက်ကြီးကျယ်နေလို့လား…”

ပညာရှင်တစ်ပါး။

ဤနေရာရှိ လူတိုင်းသည်
ထိတ်လန့်သွားပြီး အဘိုးကြီးကို
ကြည့်လိုက်ကြသည်။ အဘိုးကြီးက
အမှန်တကယ်ပညာရှင် ဖြစ်နေမည်ဟု
မမျှော်လင့် ထားခဲ့ကြပေ။

ပညာရှင်တစ်ပါး။

ဤအဆင့်ကျင့်ကြံသူတစ်ယောက်သည်
လောကသုံးပါး၏။ အစွမ်းထက်ဆုံး

တည်ရှိမှုထဲတွင် ပါဝင်ခဲ့သည်။ မှန်သည်။

ဖန်ဆင်းရှင်များမှ လွဲ၍။ သို့သော်

ဖန်ဆင်းရှင် ဟူသော တည်ရှိမှုက

တစ်ဒါဇင်ထက် မပိုနိုင်ပါ။ ထို့ပြင်

ဖန်ဆင်းရှင်များသည် အပြင်လောကသို့

တစ်ကြိမ်တစ်ခါမှ ထွက်ပေါ်မလာခဲ့ပေ။

ပညာရှင်များသည် လူအများစုအတွက်

အသန်မာဆုံးဟု ဆိုနိုင်၏။

ထို့ပြင် ပညာရှင်များသည်

အသန်မာဆုံးသူအဖြစ်

အမည်တပ်ခွင့်ရှိသည်။ ယန်ယဲ့သည်

ကျောင်းသားတစ်ဦးအတွက်ဖြင့်

ပညာရှင်တစ်ပါးရောက်လာမည်ဟု

မမျှော်လင့်ထားခဲ့ပေ။ သို့သော်လည်း

ယန်ယဲ့သည် သိပ်ပြီး ဂရုမစိုက်ခဲ့ပါ။

သူသည် ပညာရှင်ကို

အနိုင်မယူနိုင်သော်လည်း တိုက်ခိုက်ရန်

အခွင့်အရေးမရှိဟု ဆိုလိုခြင်းမဟုတ်ပေ။

မည်သို့ပင်ဆိုစေကာမူ ပညာရှင်ကို

အနိုင်ယူနိုင်မည် ဟုတ်မဟုတ်

အရေးမကြီးပါ အဓိကကတော့

မကြိုးစားကြည့်ဘဲ

နောက်ပြန်ဆုတ်မသွားတက်ပေ။

အဘိုးကြီးက ယန်ယဲ့ကို
အချိန်အတော်ကြာစိုက်ကြည့်ပြီး
“မင်းကလက်နက်လမ်းစဉ်လား…ဒါမှမဟုတ် တာအိုလမ်းစဉ်ကလာတာလား…”

အဘိုးကြီးက ယန်ယဲ့အကြောင်းကို
မသိမသာစုံစမ်းနေသည်။

ယန်ယဲ့သည် အဘိုးကြီးကို တစ်ချက်ကြည့်လိုက်ပြီး “ဒါဟာ အရေးကြီးလို့လား...” ဟုပြန်မေးသည်။

အဘိုးကြီးက ခေါင်းညိတ်လိုက်သည်။ “ဟုတ်တယ်။ မင်းရဲ့ဆရာက ဘယ်သူလဲ... ငါ့ကိုပြောပြ။ ငါသူ့ကို သိတာ ဖြစ်နိုင်တယ်”

ယန်ယဲ့ကပြုံးပြီး “ငါ့မှာ ဆရာတစ်ယောက်မှမရှိဘူး။ ဒါပေမဲ့ ကျုံးယဲ့လို့ခေါ်တဲ့ လူတစ်ယောက်ကို ငါသိတယ်။ မင်းသူ့ကိုသိလား လို့ ငါမေးချင်တယ်”

“ကျုံးယဲ့....”

ထိုနာမည်ကိုကြားသောအခါ အဘိုးကြီး၏မျက်လုံးများ အနည်းငယ်

မှိတ်သွားကာ  “ငါသိပြီ။ မင်းဘာလို့

ဒီလောက်မာနကြီးပြီး

အထိန်းအကွပ်မဲ့နေတယ်ဆိုတာ

မအံ့ဩတော့ဘူး။ ဒီတော့ မင်းမှာ

ဒီလိုအင်အားကြီးတဲ့

ကျောထောက်နောက်ခံ ရှိနေတာကို...”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

''အကြီးအကဲ၊ မင်းငါ့ကိုသတ်နိုင်တယ်။

အကြီးအကဲကျုံးယဲ့က ငါ့ကိုကယ်တင်မှာ

မဟုတ်ဘူးလို့ပြောတဲ့အတွက်ကြောင့်ပဲ။

သူကငါ့ကိုယ်စား

လက်စားချေရုံပဲချေလိမ့်မယ်။

ငါ့အမြင်မှာ မင်းက

လက်နက်လမ်းစဥ်ကိုမကြောက်လောက်

ပါဘူး ဟုတ်တယ်မလား ''

အဘိုးကြီး၏မျက်လုံးများက

ကျဥ်းမြောင်းသွားသည်။

သူ၏မျက်လုံးထဲမှ

အေးစက်သောအလင်းရောင်များလင်းလ

က်လာသည်။

ယန်ယွဲ့သည် အနည်းငယ်ရယ်မောကာ

ထိုင်ချလိုက်သည်။

သိုင်းပညာဦးရီးတော်ကျုံးယွဲ့၏နာမည်

က အတော်လေးထိရောက်ပုံရသည်။

သို့သော်လည်း သူသည်

ပညာရှင်တစ်ပါးကိုမတိုက်ခိုက်နိုင်သော

ကြောင့်

အတော်လေးသနားစရာကောင်းသည်ဟု ခံစားမိသည်။ အကြောင်းမှာ သူသည် ပညာရှင်နှင့်ကွာဟချက်ကို ဆုံးဖြတ်ချင်လို့ပါ။ လက်ရှိသူနှင့်ပညာရှင်တစ်ပါးကြား ကွာဟချက်တစ်ခုသေချာပေါက်ရှိနေပါသည်။ မည်မျှကြိုးမားသည်ကိုတော့ သူလည်းမသိခဲ့ပါ။

ယန်ယှဲသည် အနည်းငယ်ရယ်မောကာ

ထိုင်ချလိုက်သည်။

သိုင်းပညာဦးရီးတော်ကျုံးယှဲ၏နာမည်

က အတော်လေးထိရောက်ပုံရသည်။

သို့သော်လည်း သူသည်

ပညာရှင်တစ်ပါးကိုမတိုက်ခိုက်နိုင်သော

ကြောင့်

အတော်လေးသနားစရာကောင်းသည်ဟု

ခံစားမိသည်။ အကြောင်းမှာ သူသည်

ပညာရှင်နှင့်ကွာဟချက်ကို

ဆုံးဖြတ်ချင်လို့ပါ။

လက်ရှိသူနှင့်ပညာရှင်တစ်ပါးကြား

ကွာဟချက်တစ်ခုသေချာပေါက်ရှိနေပါ

သည်။ မည်မျှကြီးမားသည်ကိုတော့

သူလည်းမသိခဲ့ပါ။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၄၃၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

သိုင်းပညာဦးရီးတော်ကျုံးယွဲ့၏နာမည်

က အတော်လေးထိရောက်ပုံရသည်။

သို့သော်လည်း သူသည်

ပညာရှင်တစ်ပါးကိုမတိုက်ခိုက်နိုင်သော

ကြောင့်

အတော်လေးသနားစရာကောင်းသည်ဟု

ခံစားမိသည်။ အကြောင်းမှာ သူသည်

ပညာရှင်နှင့်ကွာဟချက်ကို

ဆုံးဖြတ်ချင်လို့ပါ။

လက်ရှိသူနှင့်ပညာရှင်တစ်ပါးကြား

ကွာဟချက်တစ်ခုသေချာပေါက်ရှိနေပါ

သည်။ မည်မျှကြီးမားသည်ကိုတော့

သူလည်းမသိခဲ့ပါ။

အဘိုးကြီးက ''ငါ့ဂူကလန်က

ဒါကိုမှတ်ထားလိုက် မယ်'' ဟု

ရုတ်တရက်ပြောကာ

လှည့်ထွက်သွားသည်။

သို့သော်လည်း

ခဏအကြာတွင်ရပ်လိုက်ပြီး

ယန်ယဲ့ကိုလှည့်ကြည့်ကာ

''လျှို့ဝှက်ဆန်းကြယ်တဲ့အပျက်အစီးနယ်

မြေထဲမှာ တစ်စုံတစ်ယောက်က

မူလအစတွေအများကြီးရခဲ့တယ်။အဲဒီလူ

က

သိုင်းအင်ပါယာကျောင်းတော်ရဲ့အဖွဲ့ဝင်ပဲ

။ ငါထင်တာမမှားရင် အဲဒီလူက

မင်းကိုယ်တိုင်ပဲမဟုတ်လား''

ယန်ယဲ့သည်

အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်

။ ဤအတောအတွင်း အဘိုးကြီးက

''ကောင်းပြီ။ လူအိုကြီးကျုံးယဲ့က အခု

မင်းကိုကာကွယ်နိုင်အုံးမလားဆိုတာ ကြည့်ပါရစေ။ ကံကောင်းပါစေ" ထိုစကားပြောပြီးနောက် နေရာမှာပင်ပျောက်သွားသည်။

ယန်ယဲ့သည် မျက်နှာပျက်သွားသည်။ ထိုသတင်းပြန့်သွားခြင်းက ဟန်ရီတို့အဖွဲ့၏လက်ချက်မှန်းသိလိုက်သည်။

ဤအချိန်တွင်

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက

စာကြည့်တိုက်ထဲမှပြန်ထွက်လာသည်။

သူမက

ယန်ယဲ့ကိုစိုက်ကြည့်လိုက်သော်လည်း

စကားတစ်ခွန်းမှမပြောဘဲ နေရာမှာပင်

ဖျတ်ခနဲပျောက်ကွယ်သွားခဲ့သည်။

အမျိုးသမီးထွက်သွားသည်နှင့် ယန်ယဲ့က

ရုတ်တရက်ထရပ်လိုက်သည်။ ''၂ လကို

အမှတ် ၁၀၀ ရမယ်။ ဘယ်သူက စာကြည့်တိုက်ကို စောင့်ရှောက်ချင်သလဲ"

ထိုလူများက ခဏကြာသည်အထိ အံ့အားသင့်သွားခဲ့ကြသည်။ သို့သော်လည်း အချိန်သိပ်မကြာလိုက်ပေ။ လူငယ်တစ်ယောက်က

ယန်ယဲ့ဆီပြေးလာကာ "ငါလက်ခံတယ်။

ကျေကျေနပ်နပ်ကြီးလက်ခံတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

သူ့ကဒ်ပြားကိုထုတ်ယူကာ

ထိုလူငယ်အားပေးလိုက်သည်။

ထိုလူငယ်က ကဒ်ပြားကိုလှမ်းယူကာ

သူ့ကိုယ်ပိုင်လက်နှင့်ပွတ်ဆွဲလိုက်သည်။

ထို့နောက် ယန်ယဲ့ထံပြန်ပေးလိုက်သည်။

ယန်ယဲ့သည် ကဒ်ပြားကိုယူကာ
ကောင်းကင်ထက်သို့ပျောက်ကွယ်သွားခဲ့
သည်။

ဝိညဉ်မြူခိုးတောင်။

သူ့အတွက်
အခွင့်အရေးတစ်ခုရလာသောကြောင့်
သိုင်းအင်ပါယာကျောင်းတော်တွင်ပါဝင်
ဖို့ သဘာဝအတိုင်းရည်ရွယ်ခဲ့သည်။

အမှန်တော့ မူလအစက

အလွန်အရေးကြီးနေသေး၏။

သမိုင်းမတင်မီခေတ်မှ

မျိုးနွယ်စုကရရှိခဲ့သောအမွေအနှစ်ကျော

က်တုံးသည် မူလအစဖြစ်သည်ကို

သဘောပေါက်ခဲ့သည်။ သို့သော်လည်း

၎င်းတွင်ကွဲပြားသောအမည်များရှိခဲ့သည်

။ မည်သို့ပင်ဆိုစေကာမူ

ထိုမူလအစသည်

သူ့အတွက်အလွန်အထောက်အကူဖြစ်သ
ည်။ ၎င်းသည်သူ၏ဓားနယ်မြေ
နောက်တစ်ဆင့်သို့မြှင့်တင်နိုင်ခဲ့သောအ
ကြောင်းအရင်းဖြစ်သည်။

ထို့ကြောင့် အစောပိုင်းက ပညာရှင်ကို
မကြောက်မရွံ့စိန်ခေါ်လိုက်ခြင်းပင်။
အကြောင်းမှာ သူ၏ဓားနယ်မြေက
အဆင့်တစ်ခုသို့ရောက်လာပြီး

ဓားတာအိုတစ်ဆင့်မြင့်သွားသောကြောင့်ပါ။

ဓားအင်ပါယာကျောင်းတော်။

စာကြည့်တိုက်အပြင်ဘက်ရှိ
အဖြစ်အပျက်က
အကယ်ဒမီတစ်ခုလုံးပျံ့နှံ့သွားသည်။
ယန်ယွဲ့ဟူသောအမည်ကို
မရေမတွက်နိုင်အောင်ကြားနေရသည်။

မှန်သည်။ ၎င်းသည်

အဓိကအချက်မဟုတ်ပေ။

အဓိကကတော့

ကောင်းကင်ခန်းမ၏အဖွဲ့ဝင်တစ်ယောက်

က ယန်ယဲ့ကိုပါဝင်ဖို့

ဖိတ်ခေါ်လိုက်ခြင်းပင်။

ကောင်းကင်ခန်းမသည်

သိုင်းအင်ပါယာကျောင်းတော်ရှိကျောင်း

သားအားလုံး၏အန္တိမပန်းတိုင်ဖြစ်သည်။

ဤအခိုက်အတန့်တွင်

စာကြည့်တိုက်မှူးတစ်ယောက်ကိုပါဝင်ဖို့

ဖိတ်ခေါ်ထားသည်။ ထိုအဖြစ်အပျက်က

လူတော်တော်များများကို

မကျေမနပ်ဖြစ်သွားကြသည်။

သို့သော် သူတို့မကျေနပ်လျှင်ပင်

ယန်ယဲ့နှင့်ပြဿနာရှာမည့်သူမရှိပေ။

နောက်ဆုံးတွင် လူတိုင်းက လူအ

များမဟုတ်ပါ။

ကောင်းကင်ခန်းမတွင်ပါဝင်ဖို့
ဖိတ်ခေါ်ခံရသောကြောင့်
ယန်ယဲ့၏ခွန်အားက
မည်သည့်အဆင့်ဖြစ်ကြောင်းသက်သေ
ပြပြီးသားပင်။

ဤအချိန်တွင်တော့ ယန်ယဲ့သည်
ဝိညာဉ်မြူခိုးတောင်ထိပ်သို့ရောက်ရှိနေ
ပြီဖြစ်သည်။ ယန်ယဲ့သည်
ကောင်းကင်ကိုကြည့်လိုက်ပြီးနောက်

အဝေးသို့လှမ်းမျှော်ကြည့်လိုက်သည်။

ထိုနေရာတွင် ခန်းမတစ်ခုရှိကာ

တောင်ပေါ်ရှိတစ်ခုတည်းသောခန်းမဖြစ်

သည်။ ယန်ယွဲ့သည်

ခန်းမရှေ့သို့လျှောက်သွားလိုက်သည်။

ခန်းမရှေ့ရောက်လာသည်နှင့် တံခါးက

ရုတ်တရက်ပွင့်သွားသည်။ ယန်ယွဲ့သည်

တံ့ဆိုင်းမနေဘဲ အထဲသို့ဝင်သွားကာ

မီးခိုရောင်ဝတ်စုံဝတ်အဘိုးကြီးတစ်ယော
က် ရုတ်တရက်သူ့ရှေ့တွင်ပေါ်လာသည်။

ယန်ယဲ့သည်
အဘိုးကြီးကိုတစ်ချက်ကြည့်လိုက်ပြီး
အနက်ရောင်ကဒ်ပြားကိုကမ်းပေးလိုက်
သည်။ အဘိုးကြီးက
တစ်ချက်ငုံ့ကြည့်လိုက်ပြီး
တစ်ချက်စစ်ဆေးလိုက်ပြီး
မျက်မှောင်ကြုတ်သွားသည်။

ခဏအကြာတွင် သူသည်

ယန်ယဲ့ကိုစိုက်ကြည့်ရင်း ''မင်းက

ကောင်းကင်ခန်းမထဲဝင်ချင်သလား''

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက

ရုတ်တရက်မေးလိုက်သည်။

''အဆင်သင့်ဖြစ်ပြီလား''

ယန်ယဲ့က

အနည်းငယ်တုံ့ဆိုင်းသွားသည်။

''ဘာအဆင်သင့်လဲ...''

''မင်းရဲ့စာမေးပွဲ...''အဘိုးကြီးက

''စမ်းသပ်မှုလေးတစ်ခုပါ''ဟုဆက်ပြော

သည်။

ယန်ယဲ့က ''ဘယ်လိုစာမေးပွဲလဲ...''

အဘိုးကြီး၏ပါးစပ်ထောင့်က
အနည်းငယ်ကွေးကောက်သွားသည်။
''ကောင်းပြီ။ မင်းမကြာခင်သိလာမှာပါ''
စကားပြောပြီးသည်နှင့်
သူ၏ညာလက်ကိုဝှေ့ယမ်းလိုက်ရာ
ယန်ယွဲ့၏အနီးပတ်ဝန်းကျင်ရှိမြင်ကွင်း
သည်
ချက်ချင်းပြောင်းလဲသွားလေတော့သည်။
သို့မဟုတ် အတိအကျပြောရလျှင်

သူ့ပတ်ဝန်းကျင်သည် မဲမှောင်သွားသည်။

နောက်ဆုံးတွင် သူသည်

အဆုံးအစမဲ့သောတွင်းနက်ကြီးထဲ၌ရှိနေ

သလိုပင်။

လုံးဝကိုအမှောင်ထုကြီးဖြစ်ခဲ့သည်။

သည်အချိန်မှာ

ဘာကိုမျှမမြင်နိုင်တော့ပေ။

တာအိုနှလုံးသားနှင့် စိတ်အာရုံအသိကို

အသုံးပြုလိုက်ရင်တောင် မဖြစ်နိုင်ပေ။

လုံးဝကိုမှောင်မိုက်နေခဲ့သည်။

ယန်ယွဲ့သည် ကောင်းကင်ပေါ်

တစ်ချက်ကြည့်လိုက်ပြီး မြေပြင်ပေါ်

တင်ပျဉ်ခွေထိုင်ချလိုက်သည်။

အမှောင်တာအိုဥပဒေသ။

တခြားသူများဆိုလျှင်တော့

အမှောင်ထုကို

ထိတ်လန့်တကြားခံစားသွားရပေမည်။

အထူးသဖြင့်

သူတို့ပတ်ပတ်လည်ရှိအမှောင်ထုကို

ထွင်းဖောက်မမြင်ရတော့ပေ။

ယန်ယွဲ့သည် ဂရုမစိုက်ပေ။

အမှောင်တာအိုဥပဒေသကိုအသုံးမပြုဘဲ

ထားသော်လည်း

၎င်းသည်အသုံးမဝင်ကြောင်းကိုယ်စားမ

ပြုပါ။ သို့သော် အမှောင်ထုသည်

သူထင်သလောက်မရိုးရှင်းပုံပါ။

အမှောင်ထုထဲမှခြေသံကို
ရုတ်တရက်ကြားလိုက်ရသည်။

ယန်ယဲ့သည်
ရုတ်တရက်လှည့်ကြည့်လိုက်သည်နှင့်
ချွန်ထက်လှသည့်လက်သည်းတစ်ချော
င်းက သူ့ရင်ဘတ်အားရိုက်ချလိုက်သည်။

''အုန်း...''

ယန်ယဲ့သည် လွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင်

သူ၏ရင်ဘတ်မှသွေးတစ်ချို့စီးကျလာ

သည်။

သူ့ကိုယ်သူရပ်တန့်လိုက်သည်နှင့်တစ်ပြို

င်နက် သူ့ရှေ့တွင်

ခြေသံများပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

မြေသည်းတစ်ချောင်းက

သူ့၏ရင်ဘတ်ကိုရိုက်ချလိုက်ပြန်သည်။

''အုန်း...''

၎င်းသည် နောက်ဆုံးတိုက်ခိုက်မှုထက်

သိသိသာသာပြင်းထန်ခဲ့သည်။

အကြောင်းမှာ ယန်ယဲ့၏ ခန္ဓာကိုယ်သည်

ကောက်ကွေးသွားကာ

နောက်ပြန်လွင့်ထွက်သွားသည်။

ယန်ယဲ့၏ပုံရိပ်က

မြေပြင်ပေါ်သို့ပြုတ်ကျလာသည်နှင့်

ခြေသံများကြားလိုက်ရပြန်သည်။

ယန်ယဲ့၏အမူအရာက ပြောင်းသွားကာ

ဓားကိုမြှောက်ပြီးရှေ့လှမ်းထိုးလိုက်သည်

။ သို့သော်လက်တစ်ဖက်က

သူ့ဓားကိုဆွဲကိုင်လိုက်ရာ

ပြင်းထန်သောအားလှိုင်းများစီးဝင်လာသ

ည်။ ထိုခဏလေးမှာပင်

သူ၏လက်မောင်းတစ်ခုလုံးကွဲအက်သွား
ကာ သွေးများဖုံးလွှမ်းသွားသည်။

တစ်ချိန်တည်းမှာပင် လက်က
ယန်ယဲ့၏ဓားကိုဆွဲယူလိုက်ပြီးနောက်
သူလည်ပင်းရှိအလျားလိုက်ပိုင်းခြားလို
က်သည်။ ဓားသာ
ယန်ယဲ့ကိုပိုင်းခြားလိုက်လျှင်
လည်ပင်းတစ်ခုလုံးပြုတ်ထွက်သွားနိုင်
ပေသည်။ ဤအခိုက်အတန့်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်သည်

အနည်းငယ်ကွေးညွတ်သွားသည်။

ထိုတိုက်ခိုက်မှုကိုရှောင်လိုက်သည်။

တစ်ဆက်တည်း

သူ၏ညာခြေကိုတစ်ချက်ဆောင့်ကာ

မြှားတစ်စင်းအလား

ရှေ့သို့ပြေးထွက်လိုက်သည်။

ဤအခိုက်အတန့်တွင် သူသည်

ရပ်တန့်သွားသည်။ သူ၏တန်ပြန်အားက

အလယ်အလတ်ရျာန်အဆင့်နတ်ဆိုးတစ်

ကောင်ကို

သတ်ဖြတ်ရန်လုံလောက်ပါသည်။

သို့သော်လည်း သူသည်

သံမဏိဘုရားကြီးအား

ကန်ချလိုက်ရသလိုမျိုးခံစားလိုက်ရသည်

။ သူ၏ခြေထောက်တစ်ဖက်လုံး

ထုံကျင်သွားခဲ့သည်။

ယန်ယွဲ့၏ပုံရိပ်နောက်ပြန်လှင့်ထွက်သွား

သည်နှင့်တစ်ပြိုင်နက် ဓားတစ်ချောင်းက

သူ့ရှေ့တွင်ပေါ်လာပြီး

နဖူးဆီသို့ထိုးသွင်းလိုက်သည်။

ယန်ယွဲ့၏မျက်လုံးထဲတွင်

ရက်စက်ကြမ်းကြုတ်သောအမူအရာများ

ထွက်ပေါ်လာသည်။

''ဘုန်း...''

နဂါးဟိန်းသံပဲ့တင်ထပ်ကာ

ယန်ယဲ့၏နောက်ကွယ်မှ

နဂါးဖြူတစ်ကောင်ပေါ်လာသည်။

တစ်ခဏအကြာတွင် နဂါးဖြူက

နဂါးလက်သည်းကိုမြှောက်ကာ ရှေ့သို့

ပုတ်လိုက်သည်။

''အုန်း...''

အာကာသပြင်သည်

ပြင်းထန်စွာတုန်ခါသွားကာ

အမှောင်ထုထဲတွင်

ကြောက်မက်ဖွယ်ရာနတ်နဂါးဖိအားလှိုင်း

များပျံ့လွင့်သွားသည်။

Translated By NyiNyiSoe

.အပိုင်း ၂၄၃၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့သည် မော့ကြည့်လိုက်သော်လည်း ဘာမှမတွေ့ရပေ။ သို့သော်လည်း ခြေသံများ ထွက်ပေါ်လာပြန်သည်။ ယန်ယဲ့သည် သူ၏ပါးစပ်ထောင့်မှ သွေးများကိုသုတ်လိုက်ပြီး ဖြည်းညင်းစွာ

ထရပ်လိုက်သည်။

သူ့လက်ဝါးမြှောက်လိုက်သည်နှင့်

ဓားတစ်ချောင်းပေါ်လာသည်။

တစ်ချိန်တည်းမှာပင် မရဏဓားနှင့်

ပေါင်းစပ်ခြင်း။ ကျယ်လောင်သော

ဓားအူသံတစ်သံ အမှောင်ထုကို

ဖြတ်ကျော်လာပြီးနောက်

အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

အလင်းတန်းဖြတ်သန်းသွားသည့် နေရာတိုင်းတွင် အမှောင်ထုသည် ရှေ့သို့ လွင့်ထွက်သွားပုံရသည်။ ဓားစွမ်းအင် အဆုံးတွင် လက်သည်းတစ်ဖက်က ရုတ်တရက် ဆန့်ထွက်လာသည်။

“အုန်း…”

တောင်တန်းများပြိုကျလာပြီး မြေပြင်တစ်ခုလုံး လှုပ်ခါနေသလိုပင်။

အမှောင်အတိကျနေသော

အာကာသပြင်သည် ပြင်းထန်စွာ

တုန်ခါနေပြီး ပြိုကျလုနီးပါး

ဖြစ်နေပုံရသည်။ ယန်ယွဲ့သည်

သူ၏ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက် နောက်တစ်ကြိမ်

တိုက်ခိုက်ရန်ပြင်သည်။ သို့သော်

ပတ်ဝန်းကျင်သည် ပြောင်းလဲသွားကာ

မှုန်ဝေသွားသည်။

ခဏအကြာတွင် သူသည် ခန်းမအထဲသို့ ပြန်ရောက်လာကာ မိုးခိုးရောင်ဝတ်ရုံဝတ်အဘိုးအိုက သူ့ရှေ့တွင် ရပ်နေသည်။

အဘိုးကြီးကယန်ယွဲ့ကို အကြာကြီးစိုက်ကြည့်ရင်း "မင်းကို ငါပြောစရာ အချက် နှစ်ချက်ရှိတယ်။ ပထမဦးဆုံး မင်းက မြေကမ္ဘာပညာရှင်ရဲ့ စမ်းသပ်မှုကို အောင်မြင်ခဲ့တယ်"

ယန်ယွဲ့က "ဒုတိယအချက်ကဘာလဲ..."

အဘိုးကြီးက "မင်းကောင်းကင်ခန်းမကို ဝင်လို့မရဘူး။ ဒါအပြင် မင်းဟာ သိုင်းအင်ပါယာကျောင်းတော်ကနေ အခုချက်ချင်း ထွက်ခွာရမယ်။ မင်းမှာ အချိန် (၁၅)မိနစ်ပဲရှိတယ်။ (၁၅) မိနစ်အတွင်းမှ မင်းထွက်မသွားသေးဘူးဆိုရင်

အကယ်ဒမီက မင်းကို အကယ်ဒမီရဲ့

ရန်သူလို့ ကြေညာလိမ့်မယ်”

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

“ဘာကြောင့်လဲ...”

ယန်ယဲ့သည် အဘိုးကြီးကိုကြည့်ပြီး

အံ့သြသွားသည်။ အဘိုးကြီးက

ဘာမှမပြောပေ။

သွေးတံဆိပ်ပြားတစ်ခုကို ယန်ယဲ့ဆီ ပစ်ပေးလိုက်သည်။ ထိုနေရာတွင် စကားလုံးနှစ်လုံး ရှိနေသည်။

ယန်ယဲ့က “အဲ့ဒါကဘာလဲ…”

“ပညာရှင် မဟာမိတ်”

မိးခိုးရောင်ဝတ်ရုံဝတ်အဘိုးကြီးက “လောကသုံးပါးမှာ

မဟာမိတ်ဖွဲ့ထားတယ်။ ဒါကို ပညာရှင်
မဟာမိတ်လို့ခေါ်တယ်။ ဒါဟာ
မဟာလမ်းစဉ်လေးခုနဲ့
သိုင်းအင်ပါယာကျောင်းတော်ရဲ့
ထိန်းချုပ်မှုအပြင်ဘက်မှာရှိတဲ့
လျှို့ဝှက်ဆန်းကြယ်တဲ့
အဖွဲ့အစည်းတစ်ခုပဲ။ အဲ့ဒီအဖွဲ့ဝင်တွေ
အားလုံးက ပညာရှင်တွေချည်းပဲ။
သူတို့က မျိုးနွယ်စု အသီးသီးက

ပညာရှင်တွေ။ ဒါဟာ လမ်းကြောင်းလေးခုက လူငယ်မျိုးဆက်သစ်တွေကို တိုက်ခိုက်ဖို့ တပ်ဖွဲ့တစ်ခုပါ ဖွဲ့စည်းထားသေးတယ်”

ယန်ယဲ့က “ဘာကြောင့် ငါ့ကို ဆုလာဘ် ထုတ်ပြန်ရတာလဲ…”

အဘိုးကြီးက ခေါင်းကိုအနည်းငယ် ခါယမ်းလိုက်သည်။ “ငါမသိဘူး။ အခုနေ

အကယ်ဒမီကနေ ထွက်သွားဖို့

(၁၀)မိနစ်လောက်ရှိသေးတယ်”

ယန်ယွဲ့က

“သိုင်းအင်ပါယာကျောင်းတော်က

ပညာရှင်မဟာမိတ်ကို

ကြောက်နေလို့လား...” ဟု

မေးလိုက်သည်။

“ကြောက်ရမှာလား...”

အဘိုးကြီးက “ငါ့အကယ်ဒမီက
သူတို့ကိုမကြောက်ပါဘူး။
မင်းဘာပြောမယ်ဆိုတာ ငါသိတယ်။
မင်းဟာ အကယ်ဒမီက
ကျောင်းသားမဟုတ်သေးဘူးဆိုတာ
သဘောပေါက်ရမယ်။ တကယ်လို့
မင်းသာ လမ်းကြောင်းလေးခုက
မင်းခေါင်းအတွက် ဆုလာဘ်
ထုတ်ပြန်မယ်ဆိုရင်တောင်

သေချာပေါက် လုံခြုံနေဦးမှာ

ကံမကောင်းစွာဘဲ မင်းက အကယ်ဒမီက

ကျောင်းသားမဟုတ်သလို

ပညာရှင်မဟာမိတ်အဖွဲ့ကို တိုက်ခိုက်ဖို့

ငါတို့ ပေးဆပ်ရမဲ့တန်ကြေးနဲ့

မထိုက်တန်သေးဘူး။

ငါတိုက်ရိုက်ဆန်ဆန်ပြောတာကို

မင်းစိတ်မရှိဘူးမဟုတ်လား…”

ယန်ယဲ့က တဟားဟားရယ်ပြီး "ဒါပေါ့

ဒါက ပုံမှန်ပါပဲ"

သူက လက်သီးဆုပ်ပြီး

"နှုတ်ဆက်ပါတယ်"

ထိုစကားပြောပြီးနောက်

တွန့်ဆုတ်မနေဘဲ

ထွက်သွားပါတော့သည်။ ယန်ယဲ့

ထွက်သွားပြီးသည်နှင့်

"သူကမဆိုးပါဘူး”

အဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ “သူဝင်နေတဲ့
ရေဝဲက အရမ်းကြီးမားတယ်။ ဒါက
အကယ်ဒမီကိုတောင်မှ အခုချက်ချင်း
ဘာမှမတတ်နိုင်လောက်အောင်
ဖြစ်သွားစေတယ်"

.........

ယန်ယဲ့သည် ဝိညာဉ်မြူခိုးတောင်မှ

ထွက်လာပြီးနောက် ကောင်းကင်ကို

မျှော်ကြည့်နေသည်။

“ပညာရှင် မဟာမိတ်အဖွဲ့”

ယန်ယဲ့၏

ပါးစပ်ထောင့်တွင် အပြုံးတစ်ခု

ထူးထူးခြားခြား ပေါ်လာသည်။

ထိုနောက်တွင် သူသည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ ကောင်းကင်အထက်သို့ပျောက်ကွယ်သွားသည်။

ယန်ယဲ့ထွက်သွားသည်နှင့် တစ်ပြိုင်နက် သူ့ရှေ့ရှိ အာကာသပြင်က တုန်လှုပ်သွားသည်။

"လက်နက်လမ်းစဉ်ကို ပြန်သွားပါ”

ဟူသော

အသံတစ်သံထွက်ပေါ်လာသည်။
ပြောလိုက်သူက
သိုင်းပညာဦးရီးတော်ကျုံးယဲ့၏ အသံပင်
ဖြစ်သည်။

ယန်ယဲ့သည် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။
ကျုံးယဲ့၏အသံက အနည်းငယ်
စိုးရိမ်နေသောကြောင့် တစ်ခုခုဖြစ်နေပုံရ
သည်။

“လက်နက်လမ်းစဉ်ကို
ပြန်သွားရမှာလား…”

ယန်ယဲ့သည်
အချိန်အတော်ကြာတိတ်ဆိတ်သွားပြီး
သူထွက်သွားခါနီးတွင် မလှမ်းမကမ်း၌
အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးတစ်ဦး
ပေါ်လာသည်။

ထိုအမျိုးသမီးက စာလိပ်ဖြူတစ်လိပ်

ကိုင်ဆောင်ထားသည်။ ထိုပြင်

ယန်ယွဲ့အား ကောင်းကင်ခန်းမသို့

ဝင်ရောက်ရန် အကြံပြုပေးခဲ့သော

အမျိုးသမီးပင်။

ယန်ယွဲ့၏မျက်လုံးထဲမှတဆင့် အံ့အားသ

င့်သွားကာ

“မင်းဒီကိုဘာလာလုပ်တာလဲ...”

အမျိုးသမီးက “ပညာရှင် မဟာမိတ်အဖွဲ့က နင့်ခေါင်းအတွက် ဆုလာဘ်တစ်ခု ထုတ်ပြန်ထားသည်” ဟု ပြန်ဖြေသည်။

ယန်ယွဲ့သည် ခေါင်းညိတ်လိုက်သည်။

"ငါနားလည်ပြီ။ ဒါပေမဲ့ မင်းဘယ်လိုသိလဲ...”

သူမက  "ကောင်းကင်ခန်းမကလည်း ဖမ်းဝရမ်း ရထားတယ်”

ယန်ယဲ့၏ မျက်လုံးများကအနည်းငယ် မှေးကျဉ်းလာသည် “ဘာလဲ ... ကောင်းကင်ခန်းမက ငါ့ကို သတ်ချင်နေတာလား...”

အမျိုးသမီးက ခေါင်းညိတ်ပြီး “တချို့က  သွေးဆောင်ခံရတယ်။

ဘာကြောင့်လဲဆိုတော့ လျော်ကြေးဟာ မူလအစ။ တကယ့်ကို စစ်မှန်တဲ့မူလအစပဲ။ ဒါကြောင့် ငါတို့အပြင် အခြားလူတွေပါ သွေးဆောင်ခံရတယ်”

ယန်ယဲ့က ခဏာမျှစဉ်းစားပြီး “ဘာကြောင့် ဒီလိုဆုကြေးတွေ ငါ့အပေါ် ထပ်တင်ထားတာလဲ သိလား…”

အမျိုးသမီးက “ငါထင်တာမမှားရင်

သမိုင်းမတင်မီခေတ်က

အပျက်အစီးနယ်မြေကြောင့်

ဖြစ်သင့်တယ်” ဟု ပြန်ဖြေလိုက်သည်။

“သမိုင်းမတင်မီခေတ်က

အပျက်အစီးနယ်မြေ”

ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်ပြီး

“ငါဒီအထဲကို ရောက်နေပြီလား...”

သူမက ခေါင်းကိုအနည်းငယ်

ခါယမ်းလိုက်ပြီး “နင်တွေ့ခဲ့တဲ့

လူျို့ဝှက်ဆန်းကြယ်

အဆောက်အဦးတွေက  အင်ပါယာအက

ယ်ဒမီ၊ မဟာလမ်းစဉ်လေးခုနဲ့

လူျို့ဝှက်ဆန်းကြယ်တဲ့

အဖွဲ့အစည်းတွေပိုင်ဆိုင်တဲ့

သမိုင်းမတင်မီခေတ်က

အပျက်အစီးနယ်မြေတွေနောက်မှာ
ပေါ်လာခဲ့တယ်ဆိုတာ သိလား…”

ယန်ယဲ့က
အံ့သြသွားပြီး“မင်းဘာကိုဆိုလိုတာလဲ…”

အမျိုးသမီးက “မဟာလမ်းစဉ်လေးခုနဲ့
အခြားလျှို့ဝှက်ဆန်းကြယ်တဲ့
အင်အားစုတွေက အဲ့ဒီနယ်မြေကို
သူတို့ရဲ့ တပ်ဖွဲ့တွေ

စေလွှတ်ထားပေမဲ့ တကယ်တမ်းမှာ
အားလုံးသေဆုံးသွားတယ်။
အသက်ရှင်လျက်နဲ့ထွက်လာတဲ့သူ
ရှိပေမဲ့ ဒါဟာ ဗုဒ္ဓလမ်းစဉ်ရဲ့ အဖွဲ့ဝင်ပဲ။
အခု အခြားလူက အန္တရာယ်ကင်းကင်းနဲ့
ထွက်ပေါ်လာပြီး။ အဲ့ဒီလူက နင်ပဲ”

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ “နင်က
သမိုင်းမတင်မီခေတ်ကလူတစ်ယောက်
ကို တွေ့ခဲ့တယ်မဟုတ်လား…”

ယန်ယဲ့က ဆက်ပြီး လိမ်ညာနေဖို့
အစီပွါယ်မရှိတော့သောကြောင့်
ခေါင်းညိတ်လိုက်သည်။ နောက်ဆုံးတွင်
လူတိုင်းက အဖြေကို မှန်းဆပြီးသား
မဟုတ်ပါလား...။

ယန်ယဲ့အတည်ပြုသည်ကို မြင်သောအခါ
အမျိုးသမီး၏မျက်နှာက
အလွန်တည်ငြိမ်နေသည်။

“နင့်ကိုဘာပြောလိုက်တာလဲ…”

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း “မင်းက အဲ့ဒါကို အရမ်းစိတ်ဝင်စားနေသလား…”

သူမက ခေါင်းညိတ်ပြီး

“ဒါဟာအခွင့်အရေးပဲ”

ယန်ယဲ့ကပြုံးလိုက်ပြီး

“အဲ့ဒီဗုဒ္ဓလမ်းစဉ်ရဲ့ အဖွဲ့ဝင်

မဟုတ်ဘူးလား...သူလည်း အဲ့ဒီကို

မသွားလိုက်ဘူးလား...”

“ဘယ်သူက သူ့ကို လိုက်ရှာမှာလဲ...”

ယန်ယဲ့က ပြုံးပြီး "ဒါတွေအားလုံးကို

ဖြစ်လာစေတာက ခွန်အားဖြစ်နေပုံပဲ။

ငါ့မှာ

မျိုးဆက်ဟောင်းတစ်ယောက်ရဲ့ခွန်အား

ရှိရင် ပညာရှင်မဟာမိတ်အဖွဲ့က

ဆုလာဘ်ထုတ်ပြန်ရဲမှာမဟုတ်ဘူးလို့ငါ

ထင်တယ်။ဟုတ်တယ်မလား...”

အမျိုးသမီးက “ကံဆိုးစွာနဲ့ပဲ နင့်မှာ

အဲ့ဒီလိုအင်အားမျိုးမရှိဘူး”

ယန်ယွဲ့ကပြုံးပြီး “မင်းကို

ခန့်မှန်းကြည့်ရအောင်။ မင်းငါ့ကို

အကြောင်းပြချက်တစ်ခုခုကြောင့် အကြံပြုစာပေးခဲ့တာပဲ။ ပထမတစ်ခုက စာမေးပွဲမှာ ငါသေမယ်လို့ မင်းမျှော်လင့်ထားတာ။ ဒုတိယအနေနဲ့ ငါအကယ်ဒမီကနေ မကြာခင် ထွက်သွားမယ်ထင်လို့ အချိန်ဆွဲဖို့ ကြိုးစားနေတာဖြစ်နိုင်တယ်။ ဟုတ်တယ်မလား..”

အစပိုင်းကတည်းကပင်
အမျိုးသမီးပေးထားသည့်
ထောက်ခံစာကို သူ့စိတ်ထဲ
သံသယဖြစ်မိသည်။ မည်သို့ပင်ဆိုစေ
ဤလောကတွင် မည်သည့်အရာကမှ
အလကားမရခဲ့ပေ။ သူတို့နှစ်ယောက်က
မိတ်ဆွေအရင်းအချာများမဟုတ်သော
ကြောင့် တမင်သက်သက်
အကြံပြုစာပေးဖို့

အကြောင်းပြချက်မရှိပါ။

သူ၏ခွန်အားကို ချီးကျူးခြင်းနှင့်

ပတ်သက်ပြီး အတော်လေး

သန်မာနေသော်လည်း

ကြီးကြီးမားမားမဟုတ်ပါ။

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးကဲ့သို့

ဉာဏ်ကြီးရှင် တစ်ယောက်က

အထင်ကြီးသွားရန် မလုံလောက်ပေ။

သို့သော် တစ်စုံတစ်ယောက်က

သူ့ခေါင်းအတွက်

ဆုလာဘ်ထုတ်ပြန်ထားမည်ဟု

မမျှော်လင့်ထားခဲ့ပေ။

အမျိုးသမီးက မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်ပြီး “နင်က

သာမန်မဟုတ်ဘူး။နင့်ရဲ့ ခွန်အားလည်း

သာမန်မဟုတ်ဘူး ဒါကြောင့်

ဒီလျှို့ဝှက်ဆန်းကြယ်တဲ့

အပျက်အစီးနယ်မြေထဲက

နင်ရခဲ့တဲ့အရာတွေကို

လွှဲပြောင်းပေးလိုက်။ ဒါအပြင်

အဲ့ဒီနေရာမှာ နင်တွေ့ဆုံခဲ့တဲ့ အရာတွေကို

အစုံ ပြန်ပြောပြပါ”

ယန်ယဲ့ကပြုံးပြီး “ငါငြင်းရင်

ဘယ်လိုလုပ်မလဲ…”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက ရုတ်တရက် မျက်လုံးဖွင့်လိုက်ပြီးနောက် သူမ၏လက်ထဲမှ ထီးဖြူက ဖျတ်ခနဲ ပျောက်သွားသည်။ ခဏအကြာတွင် ထီးဖြူက ယန်ယွဲ့အပေါ်ဘက်မှ ပေါ်လာကာ မရေမတွက်နိုင်သော အလင်းတန်းများဖြာထွက်လာသည်။ ထိုနောက်တွင် ယန်ယွဲ့အား ဖုံးအုပ်ထားပါတော့သည်။

အလင်းတန်းအထဲမှ
အဖြူရောင်အလင်းတန်းတစ်ခု
ထွက်ပေါ်လာသည်။
ယန်ယဲ့၏နောက်ကွယ်မှ အသွင်
ပုံသဏ္ဌာန်တစ်ခုအသွင် ရောမ
နဂါးအဖြူရောင်ကြီးပေါ်လာသည်။
ရောမ နဂါးဖြူကြီးက
အလင်းတန်းများအားလုံးကို
ပိတ်ဆို့ထားသည်။ သို့သော်

အအမျိုးသမီး၏အမူအရာက

ဘာမှမထူးခြားဘဲ လက်ကို အနည်းငယ်

လိမ်လိုက်သည်။ ထိုခဏအတွင်း

ထီးဖြူထဲမှ ခရမ်းရောင်

လျှပ်စီးကြောင်းများ

လျှပ်တစ်ပြက်ထွက်ပေါ်လာကာ

နဂါးဖြူကို ထိမှန်သွားသည်။

"အုန်း...”

နဂါးဟိန်းသံ ထွက်ပေါ်လာကာ
ယန်ယဲ့သည်
မီတာ(၃၀၀)ကျော်အကွာအထိ
လွင့်ထွက်သွားသည်။ ဒီအချိန်တွင်
ယန်ယဲ့၏ ခန္ဓာကိုယ်က
လျှပ်စီးကြောင်းများ ဖုံးလွှမ်းသွားသည်။

Translated By NyiNyiSoe

May Be:

.အပိုင်း ၂၄၃၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဒီအချိန်မှာ ယန်ယွဲ့ဟာ တစ်ကိုယ်လုံး

ထုံကျဉ်နေသလို ခံစားလိုက်ရသည်။

လျှပ်စီးကြောင်းများက

သူ့တစ်ကိုယ်လုံးကို ချက်ချင်း

ထုံကျဉ်သွားစေသည်။ အကယ်၍

မူလခရမ်းရောင်စွမ်းအင်ကိုသာ အသင့်ဖြုန့်ကျက်မထားလျှင် သူ၏ခန္ဓာကိုယ်ဟာ လှုပ်ရှားနိုင်တော့မည်မဟုတ်ပေ။

“ကောင်းကင်ခန်းမရဲ့
အဖွဲ့ဝင်တစ်ယောက်က
မျှော်လင့်ထားတဲ့အတိုင်းပဲ”

ယန်ယွဲ့သည်
အသက်ပြင်းပြင်းရှူလိုက်သည်။

သူ့ကိုယ့်သူ လူငယ်မျိုးဆက်တွင်

ပြိုင်ဘက်ကင်းဟု ဘယ်တုန်းကမှ

မယူဆထားခဲ့ပေ။ အတိတ်တစ်ချိန်က

သူ့တွင် ပြိုင်ဘက်မရှိသလောက်ပါ။

သို့သော် သူ့ကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဟု

ဆိုလိုခြင်းမဟုတ်ပါ။ သူနှင့်

အသက်အရွယ်တူ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက အ

ဆင့်တူ ခွန်အားကို ပိုင်ဆိုင်ထားသည်။

"ဝှစ်..."

ဤအချိန်တွင် ယန်ယွဲ့၏အထက်မှ

လျှပ်စီးကြောင်းတစ်ခု

လင်းလက်လာကာ မြွေတစ်ကောင်ကဲ့သို့

ပစ်ချလာသည်။ ဤအချိန်တွင်

ယန်ယွဲ့သည်

သူ၏ရုပ်ခန္ဓာခွန်အားသက်သက်ဖြင့်

ထိပ်တိုက်ရင်ဆိုင်ဖို့

မလုပ်ဆောင်ရဲတော့ပေ။ ယန်ယွဲ့သည်

သူ့လက်ဝါးကို မြှောက်လိုက်ရာ

ဓားတစ်ချောင်းပေါ်လာသည်။

ထို့နောက် ဓားက လျှင်မြန်စွာ

လည်ပတ်ကာ

အလင်းတန်းတစ်ခုအဖြစ်လေထဲသို့

ပစ်လွှတ်လိုက်သည်။

“ဘုန်း...”

ယန်ယွဲ့၏ အထက်မှ

ကျယ်လောင်သောပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက်

မရေမတွက်နိုင်သော ဓားစွမ်းအင်နှင့်

လျှပ်စီးကြောင်းများ ပြန့်ကျဲလာသည်။

ဤအချိန်တွင် ယန်ယွဲ့သည်

သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ

နောက်ထပ်

ဓားတစ်ချောင်းပေါ်လာသည်။ ထို့နောက်

ဓားကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် နေရာမှာပင် ပျောက်သွားသည်။ ထိုခဏလေးမှာပဲ ယန်ယွဲ့က အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးရှေ့တွင် ပေါ်လာသည်။

ထို့နောက် သူ၏ဓားကို ရှေ့သို့ ထိုးလိုက်သည်။ ထိုတိုက်ခိုက်မှုက ရိုးရှင်းသော ဓားချက်တစ်ချက်သာ။ သူသည် အနီးကပ်တိုက်ခိုက်ရာတွင်

အကျွမ်းကျင်ဆုံး ဖြစ်သည်။
ဤအချိန်တွင် အမျိုးသမီးရှေ့မှ
ထီးရိုးတစ်ချောင်းပေါ်လာပြီး ယန်ယဲ့၏
ဓားကို တန်ပြန် ရိုက်ချလိုက်သည်။

ယန်ယဲ့၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။
တုံ့ပြန်နိုင်ခြင်းမရှိခင်
နောက်ပြန်လွင့်ထွက်သွားသည်။
သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ညာလက်ကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။

ဤအချိန်တွင် သူ့ညာလက်က သွေးများ

ဖုံးလွှမ်းနေသည်။ သူ့တိုက်ခိုက်မှု၏

စွမ်းအား ၉၀% လောက်က

တန်ပြန်ရိုက်ခတ်ခဲ့သည်။

ယန်ယဲ့က အမျိုးသမီးကို

မော့ကြည့်လိုက်သည်။ သို့မဟုတ်

အတိအကျပြောရလျှင် သူက ထီးဖြူကို
စိုက်ကြည့်နေသည်။

“မိုးကြိုးနိမ့်ဗျာန်ထီး”

ဤအတောအတွင်း အမျိုးသမီးက
ရုတ်တရက် ပြောခဲ့သည်။
“အတိတ်တစ်ချိန်တုန်းက
ဖန်ဆင်းရှင်တစ်ပါး အသုံးပြုခဲ့တဲ့
နတ်ဘုရားရတနာတစ်ပါး။ အဲ့ဒီမှာ

ကောင်းကင်ဘုံ အလင်းတန်း

မျိုးစေ့(၉)မျိုးနဲ့ ပြန်လည်မွေးဖွားခြင်း

စွမ်းအင်တွေပါတယ်။ ဒါကြောင့်

ငါ့လက်ထဲမှာ ရှိနေရင် ပညာရှင်ကတောင်

မတိုက်ခိုက်နိုင်ဘူး”

ထိုစကားပြောပြီးနောက် ယန်ယဲ့ဆီသို့

ဖြည်းညင်းစွာ လျှောက်လာရင်း “နင့်ကို

နောက်ဆုံး အခွင့်အရေးတစ်ခေါက်

ထပ်ပေးမယ်။ ဒီအခွင့်အရေးကို

တန်ဖိုးမထားရင်

နင်နောင်တရလိမ့်မယ်လို့

ငါအာမခံတယ်”

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး

“ဒါတင်ပဲလား…”

စကားပြောပြီးတာနှင့် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ရာ

လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအားလှိုင်းကြီး ပေါ်လာသည်။

ဓားနယ်မြေ။

ဤအချိန်မှာ အမျိုးသမီးက လှုပ်ရှားမှု
ရပ်သွားသည်။ ယန်ယွဲ့၏ လက်ထဲတွင်
ဓားနှစ်ချောင်း ရုတ်တရက်
ပေါ်လာသည်။ ထို့ပြင် ယန်ယွဲ့၏

ခန္ဓာကိုယ်ထဲမှ နောက်ထပ် ရောမ

ဓားကြီးတစ်လက်ပေါ်လာသည်။

ဓားသုံးချောင်း။

ထိုမြင်ကွင်းအားမြင်လိုက်သောအခါ

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီး၏

မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

သူမ၏လက်ထဲမှ ထီးဖြူက

တုန်လှုပ်လာသည်။

၎င်းက တစ်ခုခုပြောနေပုံပါ။

ဤအချိန်တွင် ယန်ယဲ့ကပြုံးပြီး “လာပါ… မင်းသန်မာနေတယ်ဆိုတော့ ငါ့ဓားသုံးချောင်းကို တားဆီးကြည့်လိုက်”

စကားပြောပြီးနောက် နေရာမှာပင် ပျောက်သွားကာ ဓားသုံးချောင်းကို

စီတန်းလျက် အမျိုးသမီးဆီသို့
လှမ်းပစ်လိုက်သည်။

အမျိုးသမီးက နောက်သို့
ခြေတစ်လှမ်းဆုတ်ပြီးနောက်
သူမ၏လက်ထဲမှ ထီးဖြူက ရုတ်တရက်
ကျယ်ပြန့်လာသည်။ ထိုခဏလေးမှာပဲ
လျှပ်စီးကြောင်းများ ရှေ့သို့
ဖြာထွက်လာသည်။
ကြားကွက်လပ်အလွှာတိုင်းကို

ဖုံးလွှမ်းလာသည်။ ဤအချိန်တွင်
ယန်ယွဲ့ပစ်လွှတ်လိုက်သော
ဓားသုံးချောင်းက အမျိုးသမီးရှေ့သို့
ရောက်ရှိလာသည်။

ဓားသုံးချောင်းက လျှပ်စီးလက်သကဲ့သို့
တဖျတ်ဖျတ်လက်သွားသည်။
အစပိုင်းတွင် အလွန်လျင်မြန်သော်လည်း
လျှပ်စီးကြောင်းနှင့်
ထိမှန်လိုက်သောအခါတွင် နှေးကွေးသွား

ကြသည်။ သို့တိုင် ဓားသုံးချောင်းလုံး ရှေ့သို့ ဆက်ပြီး ပျံသန်းလာသည်။ နောက်ဆုံးတွင် ဓားသုံးချောင်းက လျှပ်စီးကြောင်းကို ဖြတ်တောက်ကာ အမျိုးသမီးရှေ့သို့ ရောက်လာတော့သည်။

ဤအချိန်တွင် သူမရှေ့ရှိ ထီးဖြူရိုးက ရှေ့သို့ လွင့်မျောလာကာ ယန်ယဲ့၏ ဓားများကို တားဆီးလိုက်သည်။

“အုန်း…”

ဓားသုံးချောင်းနှင့် ထီးဖြူရိုးက
တုန်ခါသွားကာ အချိန်သည်
ယခုအချိန်တွင် အေးခဲသွားပုံရသည်။
ခဏအကြာတွင် ဓားသုံးချောင်းက
လေထုကို ဆုတ်ဖြဲလျက် ရှေ့သို့
တောက်လျှောက် ပြေးထွက်လာခဲ့သည်။

ထီးဖြူရိုး ကွဲထွက်သွားသော်လည်း တစ်ချိန်တည်းမှာပဲ မရေမတွက်နိုင်သော လျှပ်စီးကြောင်းများ မုန်တိုင်းကဲ့သို့ ဆင်းသက်လာသည်။

“ခလွပ်…”

မရေမတွက်နိုင်သော လျှပ်စီးကြောင်းများ အာကာသပြင်ထဲမှ ပျံ့လွင့်လာကာ ဓားစွမ်းအင်များဆီသို့

တိုးဝင်သွားကြသည်။ ထိုအတိုင်းပင်
အချိန် (၁၅)မိနစ်လောက်
ကြာသွားပြီးနောက်မှာ
ပုံမှန်ပြန်ဖြစ်လာသည်။

ဤအချိန်တွင် ယန်ယဲ့နှင့်
အမျိုးသမီးနှစ်ယောက်စလုံးက
ဤနေရာတွင် ရှိနေသေးသည်။
ယန်ယဲ့၏ပုံစံက အတော်လေး
စိတ်မကောင်းဖြစ်နေပုံရသည်။

သူ့ကိုယ်ပေါ်ရှိ ဝတ်ရုံက

အနက်ရောင်ပြောင်းနေကာ တစ်ကိုယ်လုံး

လျှပ်စီးကြောင်းများ တဖျတ်ဖျတ်

လက်နေခဲ့သည်။ လျှပ်စီးကြောင်း

တစ်ချက်တုန်ခါတိုင်း သူ့ခန္ဓာကိုယ်က

အနည်းငယ် လှုပ်ယမ်းသွားလေသည်။

ဤအချိန်တွင် အမျိုးသမီး၏

ရင်ဘက်က ဓားနှစ်ချောင်း

စိုက်ဝင်နေသည်။

“တရားစီရင်ခြင်းနဲ့ အဓိပတိဓား”

သူမ၏ ရင်ဘက်ရှိ ဓားနှစ်ချောင်းကို တစ်ချက် ငုံ့ကြည့်လိုက်ပြီးနောက် ယန်ယဲ့ကို မော့ကြည့်ကာ “ငါနင့်ကို လျော့တွက်ထားမိတယ်”

ယန်ယဲ့သည် မျက်လုံးများကို ဖြည်းညင်းစွာ မှိတ်ထားလိုက်သည်။

ဒီအချိန်မှာ သူသည် တော်တော်လေး

စိတ်မသက်မသာခံစားနေရသည်။

လျှပ်စီးစွမ်းအင်က သူ့၏

ရုပ်ခန္ဓာအကာအကွယ်ကို

ဖောက်မဝင်သေးသော်လည်း

တစ်ကိုယ်လုံး ထုံကျဉ်သွားစေသည်။

အကယ်၍ သူ၏ခန္ဓာကိုယ်သာ

မူလစွမ်းအင်ဖြင့် သန့်စင်မထားလျှင်

လက်ရှိသူက လူသေကောင်

ဖြစ်သွားပေမည်။

ဤအချိန်တွင် အမျိုးသမီးက

ရုတ်တရက် "နင်လွှတ်မြောက်နိုင်မှာ

မဟုတ်ဘူး"

ယန်ယဲ့သည် မျက်လုံးများကို ပြန်ဖွင့်ကာ

အမျိုးသမီးကို တစ်ချက်

စိုက်ကြည့်လိုက်ပြီးနောက်  သူ့ညာလက်

ကို ငှေ့ယမ်းလိုက်သည်။ အမျိုးသမီး၏

ရင်ဘက်ထဲ စိုက်ဝင်နေသော

ဓားနှစ်ချောင်းက ချက်ချင်းပင်

သူ့လက်ထဲကို ပြန်ရောက်လာသည်။

သူက ဓားနှစ်ချောင်းကို ပြန်သိမ်းကာ

ထွက်သွားပါတော့သည်။

ဤအချိန်တွင် အမျိုးသမီး၏

ခန္ဓာကိုယ်က

တစ်စတစ်စအသွင်းပြောင်းလာသည်။

သို့သော်လည်း

လုံးဝပျောက်ကွယ်ခါနီးတွင် ရွှေရောင်

အလင်းတစ်ခု ရုတ်တရက် ပေါ်လာပြီး

အမျိုးသမီးကို ဖုံးအုပ်လျက်

အသွင်းပြောင်းလဲလာနေသောပုံရိပ်အား

နှေးကွေးသွားစေခဲ့သည်။

သူမက တိုးတိုးလေးပြောလိုက်သည်။

“ဆရာ  ဒီတပည့်မအောင်မြင်ခဲ့ဘူး”

အသံတစ်သံက "ငါသူ့ကို

လျှော့တွက်မိလိုက်တယ်"

အမျိုးသမီးက "တပည့်လည်း သူ့ကို

လျှော့တွက်မိတယ်။ သူ့ရဲ့ ရုပ်ခန္ဓာ

အကာအကွယ်နဲ့

ပြန်လည်ကုသခြင်းစွမ်းအင်က

ငါတို့မျှော်လင့်ထားတာကို

ကျော်လွန်သွားပြီ"

အသံက “မင်းခန္ဓာကိုယ်ထဲက

အသက်စွမ်းအင်ကို

ငါဖိနှိပ်ထားတဲ့အတွက်

အသက်ရှင်နေမယ်။ ဒါကိုဝင်ပြီး

မစွက်ဖက်နဲ့တော့ အကယ်ဒမီကို

ပြန်ရောက်လာပြီး ကိုယ့်ကိုယ်ကို

ပြန်ကုသလိုက်”

“ဆရာ ဘာလို့ သူ့ကို ကိုယ်တိုင်

မတိုက်ခိုက်ခဲ့တာလဲ...”

အဖြူရောင်ဝတ်စုံဝတ်အမျိုးသမီးက “ ဆရာသာလာရင် သူသေမှာ သေချာတယ် မဟုတ်လား…”

အသံက “ငါတို့တိုက်ခိုက်ရင် အခြေအနေက ပြောင်းလဲသွားလိမ့်မယ်။ ငါတို့လို ကျင့်ကြံမှုအဆင့်မှာ လျစ်လျူရှုနိုင်တဲ့ စည်းမျဉ်းတွေအများကြီးရှိပေမယ့်

လိုက်နာရမဲ့ စည်းမျဉ်းတွေလည်း

အများကြီးရှိတယ်။ မဟုတ်ရင်

လောကက

ကမောက်ကမဖြစ်သွားလိမ့်မယ်။

ရိုးရိုးရှင်းရှင်း ပြောရရင်

ငါသူ့ကိုသတ်လိုက်ရင် နင်နဲ့

နင့်ရဲ့အငယ်တန်း ဂျူနီယာပညာသင်ဖက်

တော်တော်များများက မနက်ဖြန်

နေထွက်တာကို မြင်ရတော့မှာ

မဟုတ်ဘူး”

အမျိုးသမီးက အနည်းငယ်

ခေါင်းညိတ်ကာ “နားလည်ပါပြီ”

ဤအချိန်တွင် အသံက “အကယ်ဒမီကို

ပြန်လာပြီ မြန်မြန်ပြန်ကောင်းလာအောင်

ကုသလိုက်။ အခြားတစ်ယောက်က

ဒါတွေအားလုံးကို

ကိုင်တွယ်ဖြေရှင်းလိမ့်မယ်”

စကားသံဆုံးသည်နှင့် တစ်ပြိုင်နက်

ရွှေရောင် အလင်းဘောလုံးက

အမျိုးသမီးကို သယ်ဆောင်လျက်

သိုင်းအင်ပါယာကျောင်းတော်သို့

ပြန်သွားသည်။

ယန်ယွဲ့သည် ဓားပျံကို စီးနင်းလျက်
အာကာသထဲ ဖြတ်ကျော်
ပျံသန်းနေသည်။ “လက်နက်လမ်းစဉ်ကို
ပြန်သွားရမယ်”

လက်ရှိ သူရောက်နေသော
အခြေအနေကို
ကောင်းကောင်းသိထားသည်။
လက်ရှိတွင် သူသည် ရောမ လေဝဲ၏
အလယ်ဗဟိုတွင် ရှိနေခဲ့သည်။

ထိုလူများက သမိုင်းမတင်မီခေတ်က အပျက်အစီးနယ်မြေကြောင့် သူ့အား ပစ်မှတ်ထားခြင်း မဟုတ်မှန်းသေချာပါသည်။

သိုင်းအင်ပါယာကျောင်းတော်က သူ့အား ချက်ချင်းမောင်းထုတ်လိုက်သည်က သိသာထင်ရှားသော ဥပမာပင်။ အကယ်ဒမီက ပညာရှင်မဟာမိတ်အဖွဲ့ကို မကြောက်ပေ။ သို့သော် ယန်ယဲ့ကို

မောင်းထုတ်လိုက်ခြင်းသည်

ပညာရှင်မဟာမိတ်အဖွဲ့အား

မျက်နှာသာတစ်ခုပေးလိုက်သလိုပင်။

သို့သော်လည်း ပညာရှင်မဟာမိတ်အဖွဲ့ကို

မကြောက်သောကြောင့်

အားနည်းသည်ဟု မပြောနိုင်ပါ။

ထို့ကြောင့် သေချာပေါက်ကို

နောက်ထပ်အကြောင်းပြချက်တစ်ခုရှိနေ

ခဲ့သည်။

ယန်ယဲ့သည် ထိုအဖြေအတွက်

လက်နက်လမ်းစဉ်ကို ပြန်သွားပြီး

သိုင်းပညာဦးရီးတော်ကျုံးယဲ့အား မေးရန်

ဆုံးဖြတ်လိုက်သည်။ ထိုနောက်တွင်

ယန်ယဲ့သည် အရှိန်မြှင့်လိုက်သည်။

သူ၏လက်ရှိအရှိန်ကို အခြေခံ၍

လက်နက်လမ်းစဉ်ကို ပြန်သွားဖို့

တစ်ရက်ထက်ပင်

ကြာမြင့်မည်ဖြစ်သည်။

Translated by NyiNyiSoe

.အပိုင်း ၂၄၃၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယွဲ့ သည် လက်နက်ကမ္ဘာသို့

ဝင်ရောက်ခါနီးတွင်

ရုတ်တရက်ရပ်တန့်လိုက်သည်။

ဤအချိန်မှာ

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

က သူ့လမ်းကြောင်းအရှေ့တွင်

ပိတ်ရပ်ထားသည်။

သက်လတ်ပိုင်းအမျိုးသားက

ဓားကြီးတစ်ချောင်းကိုင်ဆောင်ထားခဲ့သ

ည်။

ယန်ယဲ့သည် ထိုလူကို တစ်ခါမှ မမြင်ဖူးခဲ့ပေ။

ယန်ယဲ့က “မင်းဘယ်သူလဲဆိုတာ ငါသိလို့ရမလား…”

သက်လတ်ပိုင်းအမျိုးသားက “လက်နက်လမ်းစဉ်ရဲ့ အုပ်ထိန်းသူ”ဟု ပြန်ဖြေသည်။

“လက်နက်လမ်းစဉ်၏ အုပ်ထိန်းသူ”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
“တစ်ခုခုလိုသေးလား...”

သက်လတ်ပိုင်းအမျိုးသားက “မင်း
လက်နက်ကမ္ဘာကို မဝင်ရဘူး”ဟု
ထပ်ပြောသည်။

ယန်ယဲ့၏ မျက်လုံးများ အနည်းငယ်
မှိတ်သွားသည်။

“ဘာလို့လဲ…”

သက်လတ်ပိုင်းအမျိုးသားက
“ဘာအကြောင်းမှမရှိပါဘူး
မင်းဝင်လို့မရဘူး…”

ယန်ယဲ့က “ကျုံးယွဲ့ ဘယ်မှာလဲ…” ဟု
မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

“ငါမသိဘူး” ဟုသာပြန်ဖြေသည်။

ယန်ယဲ့က ခဏကြာ ငြိမ်သွားသည်။

“ဘာဖြစ်နေတာလဲ…။

လက်နက်လမ်းစဉ်က ဘာလို့

ဒီလိုလုပ်ရတာလဲ…”

ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

“အခုချက်ချင်း ထွက်သွား…” ဟု
ထပ်ပြောပြန်သည်။

“ထွက်သွားလိုက်”

အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့သည်
သူ့ဆီသို့ ဖြည်းညင်းစွာ
လျှောက်လာသော အဘိုးကြီးတစ်ဦးကို
တွေ့လိုက်ရသည်။

ထိုအဘိုးကြီးက
အကြီးအကဲယွမ်ပင်ဖြစ်သည်။

အကြီးအကဲယွမ်က
သက်လတ်ပိုင်းအမျိုးသားကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
လက်သီးဆုပ်ပြပြီး ထွက်သွားသည်။

ယန်ယဲ့က "ဘာတွေဖြစ်နေတာလဲ
ငါတကယ်နားမလည်ဘူး"

အကြီးအကဲယွမ်က "ဟုတ်တယ်
မင်းမသိနိုင်ဘူး။ ဒါဟာ
ထူးခြားဆန်းကြယ်တဲ့
ကျင့်ကြံသူတွေအကြားက တိုက်ပွဲပါ။
မင်းက သူတို့အတွက်
ကြားခံသက်သက်ပဲ"

ယန်ယဲ့က အနည်းငယ်
မျက်မှောင်ကြုတ်ကာ “ကြားခံလား…”

အကြီးအကဲယွမ်က “မင်းဟာ
တာအိုလမ်းစဉ်ရဲ့ အမွေဆက်ခံသူဆိုတာ
ဘယ်သူမှမသိဘူးလို့
တကယ်ထင်နေတာလား…။ အဲ့ဒါကို
ရှင်းပြနိုင်ရင် သူတို့အတွက် လုံးဝ
အသုံးမဝင်တော့ဘူးထင်တယ်”

ယန်ယဲ့က "ဒါနဲ့ ငါက တာအိုလမ်းစဉ်ရဲ့
ဆက်ခံသူဖြစ်လို့လား..."

အကြီးအကဲယွမ်က ခေါင်းခါလိုက်သည်
"ဟုတ်တယ် တာအိုလမ်းစဉ်ရဲ့ ဆက်ခံသူ
အများအပြားရှိတယ်။ ဒါဆို သူတို့အစား
မင်းကို ပစ်မှတ်ထားတာလဲ...။
ဘာလို့လဲဆိုတော့ မင်းမှာ
တာအိုလမ်းစဉ်ရဲ့
အဖိုးတန်ရတနာတွေရှိနေတယ်လို့

ထင်နေလို့ပဲ မဟုတ်ဘူး။
သူတို့ထင်တာမဟုတ်ဘူး။
မင်းနဲ့သေချာပေါက်ရှိတယ်”

တာအိုလမ်းစဉ်၏ အဖိုးတန်
အမြင့်မြတ်ဆုံးရတနာ မူလစေတီ။

ဤအချိန်တွင် ယန်ယွဲ့သည်
နောက်ဆုံးတွင် နားလည်
သဘောပေါက်သွားခဲ့သည်။

ထိုပြဿနာအားလုံးက
မူလစေတီကြောင့်ပင်ဖြစ်သည်။

ထိုအတောအတွင်း အကြီးအကဲယွမ်က
"တကယ်တော့ ထူးခြားဆန်းကြယ်တဲ့
ကျင့်ကြံသူတွေက
တာအိုဖန်ဆင်းရှင်ရှိနေလို့
ရှေ့ထွက်မလာရဲဘူး။ မင်းက
သူရွေးချယ်ထားတဲ့
အမွေဆက်ခံသူဆိုတော့

တိုက်ရိုက်မဆန့်ကျင်နိုင်ဘူး။ ဒါကြောင့်

သူရှိနေတဲ့အချိန်မှာ

သူတို့မင်းကို တိုက်ခိုက်ရဲမှာ

မဟုတ်တာတော့ သဘာဝအတိုင်းပဲ။

အနည်းဆုံးတော့

အဲ့ဒီမျိုးဆက်ဟောင်းတွေက မင်းကို

တိုက်လိုက်ဦးမှာမဟုတ်ဘူး။

နောက်ဆုံးတော့ သူတို့လို အဆင့်မှာ

စည်းမျဉ်းအချို့ကို လိုက်နာရမယ်။

အဲ့လိုမှမဟုတ်ရင် နှစ်ဖက်စလုံးက ဆုံးရှုံးမှုတွေ ကြီးကြီးမားမား ခံစားရမှာပဲ”

ယန်ယဲ့က “ဒါဆို သူတို့က ဘာလို့ အခုငါ့ကို တိုက်ခိုက်နေကြတာလဲ…”

“တိုက်ခိုက်နေကြတာလား…”

အကြီးအကဲယွမ်က “သူတို့ထွက်လာရင်
မင်းအသက်ရှင်နေနိုင်သေးလား…”ဟူ
သော မေးခွန်းတစ်ခုဖြင့်
ပြန်ဖြေလိုက်သည်။

ယန်ယဲ့က ငြိမ်သွားသည်။

ဤအတောအတွင်း အကြီးအကဲယွမ်က
“အခုအချိန်မှာ သူတို့ကိုယ်တိုင် မင်းကို
တိုက်ခိုက်တာမဟုတ်ဘူး။ ဒါပေမဲ့

သူတို့အောက်ကလူတွေက မလုပ်ဘူးလို့ ကိုယ်စားမပြုဘူး။ ဒါအပြင် အဲ့ဒီလူတွေက ဘာမှဂရုမစိုက်ဘဲ စိတ်ထင်တဲ့အတိုင်းလုပ်ဆောင်တက်တယ်”

သူသည် ယန်ယွဲ့ကို တစ်ချက် စိုက်ကြည့်ပြီး “မင်းတာအိုလမ်းစဥ်ကို သွားနိုင်မလားဆိုတာ  သေချာပေါက် တွေးနေတာပဲ မဟုတ်လား…”

ယန်ယဲ့သည် အကြီးအကဲယွမ်ကို စိုက်ကြည့်လိုက်ရာ ခဏအကြာမှ ပြန်ပြောသည်။

“မင်းမသွားရင် အကောင်းဆုံးဘဲ”

ယန်ယဲ့က အံ့သြသွားသည်။

“ဘာလို့လဲ...”

အကြီးအကဲယွမ်က

“မင်းလောကသုံးပါးထဲကို

စရောက်လာတုန်းက

မဟာလမ်းစဉ်လေးခုနဲ့

အခြားလျှို့ဝှက်ဆန်းကြယ်

အင်အားစုတွေက မဆန့်ကျင်ရဲဘူး။ ဒါက

တာအိုဖန်ဆင်းရှင်ရှိနေလို့ပဲ။ အခု

သူမရှိသေးဘူး”

“သူမရှိသေးဘူးလား…”

ယန်ယဲ့က အနည်းငယ် မျက်မှောင်ကြုတ်

“သူသေပြီးလား…”

“မင်းဘယ်အကြောင်း ပြောနေတာလဲ…”

အကြီးအကဲယွမ်က

“သူတို့လိုအဆင့်ရှိတဲ့လူတစ်ယောက်က

ဒီလောက်လွယ်လွယ်နဲ့

သေသွားနိုင်ပါ့မလား…။

ငါ့အသိအရဆိုရင် တာအိုဖန်ဆင်းရှင်က တံခါးပိတ်ကျင့်ကြံနေတယ်။ လောကသုံးပါးအပေါ် မငြိမ်မသက်မှုတွေ ကျရောက်လာမယ်ဆိုတာ သူလည်း ကြိုသိနေပြီးလို့ ငါထင်တယ်။ ဒါကြောင့် သူကပြင်ဆင်မှုတွေစပြီး လုပ်ဆောင်နေတာဖြစ်နိုင်တယ်”

တံခါးပိတ်ကျင့်ကြံခြင်း။

ယန်ယဲ့သည် တဖြည်းဖြည်းနဲ့
မျက်မှောင်ကြုတ်လာသည်။

အကြီးအကဲ ယွမ်က ဆက်ပြောသည်။
"တာအိုဖန်ဆင်းရှင်က
တံခါးပိတ်ကျင့်ကြံနေပြီးဆိုတော့
အဲ့ဒီနေရာကို မင်းသွားလိုက်ရင်
တာအိုလမ်းစဉ်က ကြိုဆိုမှာမဟုတ်ဘူး။
နောက်ဆုံးတော့ သူက မင်းကို
တပည့်အဖြစ် ပေါ်တင်

အသိအမှတ်မပြုရသေးဘူး။ ဒါ့အပြင်

မင်းဟာ အဖိုးတန်ရတနာတစ်ခုကို

ပိုင်ဆိုင်ထားတယ်။ ဒါကြောင့်

မင်းအဲ့ဒီကိုသွားမယ်ဆိုရင်

တာအိုလမ်းစဉ်ရဲ့ တပ်ဖွဲ့တွေက အရင်ဆုံး

တိုက်ခိုက်နိုင်တယ်။ ဒီကောင်တွေက

လုံးဝမညံ့ဘူး”

ယန်ယဲ့က အကြီးအကဲယွမ်အား

လက်သီးဆုပ်ကာ “အဖြေအတွက်

ကျေးဇူးတင်ပါတယ်”

အကြီးအကဲယွမ်ကပြုံးပြီး“လက်နက်လ

မ်းစဉ် မှာလည်း မနေပါနဲ့။ ကျုံးယဲ့က

ကလေးကောင်းတစ်ယောက် သူဒါကို

အပြစ်မတင်ပါဘူး။ ဒါအပြင် မင်းသူ့ကို

ကျေးဇူးတင်ရမယ်။

မင်းဒီကိုရောက်လာနိုင်တာက

သူ့ကိုယ်တိုင် အဲ့ဒီပညာရှင်တွေကို
အချိန်ဆွဲထားပေးလို့ပဲ”

ယန်ယွဲ့သည် လက်နက်ကမ္ဘာဝင်ပေါက်ကို
တစ်ချက်ကြည့်လိုက်ပြီး
ရယ်မောလိုက်သည်။

အကြီးအကဲယွမ်က
“လက်နက်လမ်းစဉ်က
မင်းအတွက်နေရာမရှိဘူးဆိုတော့

သူတို့က ဒီအထဲကို မဝင်ပါချင်ဘူး။

မဟုတ်ရင် လက်နက်ဖန်ဆင်းရှင်က

အခုကစလို့

အေးအေးချမ်းချမ်းနေရမှာမဟုတ်ဘူး။

ဟုတ်တယ် အရေးအကြီးဆုံးကတော့

မင်းက တာအိုလမ်းစဉ်ရဲ့ အမွေဆက်ခံသူ

ဖြစ်နေတယ်။ အဲ့ဒါကိုစဉ်စားကြည့်လိုက်

လက်နက်လမ်းစဉ်က ဘာကြောင့်များ

သူတို့အတွက် လုံးဝအကျိုးမရှိတဲ့
အရာကို လုပ်ရမှာလဲ...”

ယန်ယဲ့ကပြုံးပြီး “ဘာပဲဖြစ်ဖြစ်
ရှင်းပြပေးမှုကို ကျေးဇူးတင်ပါတယ်။
ငါထွက်သွားရမယ်။ အဲ့ဒီတော့
ထွက်မသွားခင် မေးခွန်းတစ်ခုလောက်
မေးလို့ရမလား...။ မင်းဘာကြောင့်
ဒီလောက်တောင် သိနေရတာလဲ...”

အကြီးအကဲယွမ်က ပြုံးပြီး

“ဘဝသက်တမ်းပိုကြာလာတာမဲ့အမျှ

အသိဉာဏ်ပညာတွေ

ကြီးမားကျယ်ပြန့်လာတယ်။

ငါမလုပ်ချင်ရင်တောင်မှ

အကုန်သိနေတယ်”

အကြီးအကဲယွမ်က သူ့အား

ဆက်မပြောတော့သဖြင့် ယန်ယဲ့သည်

ဆက်ပြီးမမေးတော့ပေ။

အရေးကြီးသည်မှာ အကြီးအကဲယွမ်က အနည်းငယ်ပင် မကောင်းသော ရည်ရွယ်ချက် မရှိပါ။ အဘိုးကြီးက သူ့အပေါ် မကောင်းသော ရည်ရွယ်ချက်မရှိကြောင်း သူ့ပင်ကိုယ်က ပြောနေခဲ့သည်။

ယန်ယွဲ့သည် လက်နက်ကမ္ဘာကို လှမ်းမျှော်ကြည့်လိုပ်သည်။ သူသည် အတိတ်တွင်တော့ လက်နက်လမ်းစဉ်၏

အဖွဲ့ဝင် တစ်စိတ်တစ်ပိုင်းဟု

ခံစားခဲ့ရသည်။

အမွေအနှစ်ကျောက်တုံးကို

လက်နက်လမ်းစဉ်နှင့် မျှဝေဖို့ပင်

စဉ်းစားနေခဲ့သည်။ သူသည်

အခြားသူများကို

မည်ကဲ့သို့ဆက်ဆံသည်ဖြစ်စေ

ဤအချိန်တွင်တော့ ယန်ယဲ့သည်

သူ့လက်ဝါးကိုလှန်လိုက်ရာ

သလင်းကျောက်ပုံဆောင်ခဲနှင့်
ဆင်တူသော အမွေဆက်ခံကျောက်တုံး
သူ့လက်ထဲတွင်ပေါ်လာသည်။

သူက အကြီးအကဲ ယွမ်ကို
ကမ်းပေးသည်။ “ဒါကို
အကြီးအကဲကျုံးယွဲ့ဆီပေးလိုက်ပါ။
လက်နက်လမ်းစဉ်ကို
အပြစ်မတင်ပါဘူး။
ငါ့ကိုမောင်းထုတ်တာကိုလည်း

အပြစ်မတင်သလို သူ့ကိုလည်း

အပြစ်တင်ပိုင်ခွင့် ငါ့မှာမရှိဘူး။

ငါ့ကိုယ်ငါ ခွန်အားမရှိလို့ဘဲ

အပြစ်တင်လို့ရတယ်”

ယန်ယဲ့က လှည့်ထွက်သွားသည်။

အကြီးအကဲယွမ်က ရုတ်တရက်

မေးလိုက်သည်။ “ဘယ်ကိုသွားဖို့

စီစဉ်ထားလဲ...”

ယန်ယဲ့က ရပ်ပြီးရယ်လိုက်သည်။

“လောကသုံးပါးက ကြီးမားတယ်။

အိမ်က နေရာတိုင်းမှာရှိတယ်။

လောကသုံးပါးက

ငါ့အသက်ကိုလိုချင်ရင် ငါယန်ယဲ့က

လောကသုံးပါးကို

အဆုံးစီရင်ပစ်လိုက်မယ်”

လက်နက်ကမ္ဘာဂိတ်တံခါးဝတွင်

အကြီးအကဲ ယွမ်သည်

ယန်ယဲ့ထွက်ခွာသွားသည့်

လမ်းကြောင်းကိုကြည့်ရင်း

အချိန်အတော်ကြာတိတ်တဆိတ်ရပ်နေ

၏။ အချိန်အတော်ကြာကာမှ

သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ

သည်။

သိုင်းပညာဦးရီးတော်ကျုံးယွဲ့ပင်ဖြစ်သ
ည်။

အကြီးအကဲယွမ်က
အမွေဆက်ခံကျောက်တုံးအား
ကျုံးယွဲ့ထံပစ်ပေးလိုက်ပြီး “သူနဲ့မင်းရဲ့
လက်နက်လမ်းစဉ်အကြားက
ဆက်ဆံရေးက လုံးဝ
ပြတ်တောက်သွားပြီ”

ကျုံးယှဲ့က သူ့ရှေ့ရှိ
အမွေဆက်ခံကျောက်တုံးကို
တိတ်တဆိတ်
စိုက်ကြည့်နေသည်။ ဤအချိန်တွင်
အကြီးအကဲယွမ်က နောက်လှည့်ကာ
ထွက်သွားသည်။ ကျုံးယှဲ့က
ထိုနေရာတွင် အကြာကြီး
တိတ်ဆိတ်နေသည်။

ထိုနောက် အမွေဆက်ခံကျောက်တုံးအား စိုက်ကြည့်ကာ "လက်နက်လမ်းစဉ်က တကယ့်ကို စောက်အသုံးမဝင်နေဘူးဘဲ"

စကားပြောပြီးနောက် နေရာမှာပင် ပျောက်ကွယ်သွားသည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့သည် တိမ်တိုက်တစ်ခုပေါ်တွင် ထပ်ကာ

ပတ်ဝန်းကျင် ကို

လှည့်ပတ်ကြည့်လိုက်သည်။

“ငါအခုဘယ်သွားသင့်လဲ...”

သဘာဝအားဖြင့် သူသည် စုချင်ရှိနှင့်

အခြားသူများထံ ပြန်မသွားနိုင်ပေ။

လက်ရှိ သူ့အခြေအနေက

သူ့အနားရောက်လာသော

အရာရာတိုင်းကို

လောင်ကျွမ်းစေမည့် မီးလုံးတစ်လုံးလိုပ
င်။ ဤအခိုက်အတန့်တွင် သူ၏အဓိက
ရည်ရွယ်ချက်မှာ ခွန်အား
မြှင့်တင်ရန်သာ။

“ဟုတ်တယ်။ ငါ့အရင်က
လုပ်စရာတစ်ခုရှိသေးတယ်”

ယန်ယွဲ့သည် ကောင်းကင်ယံ အထက်သို့
ပျောက်ကွယ်သွားသည်။

သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေ။

ယန်ယဲ့သည်သမိုင်းမတင်မီခေတ်၏

အပျက်အစီးနယ်မြေဆီသို့

နောက်တစ်ဖန် ရောက်ရှိလာခဲ့သည်။

သို့မဟုတ် ပို၍အတိအကျပြောရလျှင်

ထိုနေက လျှို့ဝှက်ဆန်းကြယ်သော

အပျက်အစီးနယ်မြေ ရှိခဲ့သည့်နေရာသို့

ရောက်လာခဲ့သည်။ သို့သော်
ဤနေရာတွင် ဘာမှမရှိ။ ယန်ယဲ့သည်
ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်သ
ည်။

ဤအချိန်တွင် သူ့ရှေ့မှာ အပြာရောင်
အလင်းတန်းတစ်ခု ရုတ်တရက်
ပေါ်လာသည်။ ယန်ယဲ့သည်
ခဏမျှတုံ့ဆိုင်းသွားပြီး
အလင်းတန်းထဲသို့ ဝင်လိုက်သည်။

အလင်းစက်ဝိုင်းက တုန်ခါသွားသည်။

ယန်ယွဲ့ကို ဖုံးအုပ်လိုက်သည်။

ခဏအကြာတွင် ယန်ယွဲ့သည်

ရောင်စုံခန်းမထဲ၌ ပေါ်လာသည်။

သလင်းကျောက်ခေါင်းတလားက

သူ့နှင့်သိပ်မဝေးလှပေ။

ခေါင်းတလားထဲမှအသံက

“မင်းပြန်ရောက်လာတာလား…”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

သိုလှောင်လက်စွပ်တစ်ကွင်းကို

ပစ်ပေးလိုက်ကာ “အဲ့ဒီအထဲမှာ

အင်မော်တယ်သလင်းကျောက်တွေ

အများကြီးရှိတယ်။ ဒါ

လုံလောက်ပါ့မလား မသိဘူး”

အခေါင်းတလားထဲမှ

အသံက“ယာယီလောက်ဆို

လုံလောက်ပြီ”

ယန်ယဲ့က ခေါင်းညိတ်သည်

“ဟုတ်တယ်.. ဟိုအရင်တုန်းက ဒီကို

တစ်ယောက်ယောက်လာသေးလား...”

“ဒါအမှန်ပဲ။

တစ်စုံတစ်ယောက်လာခဲ့တယ်”

အသံက ဆက်ပြောသည်။ "အဲ့ဒီလူက အများကြီးသန်မာတယ်။ ငါတို့ခေတ်မှာတောင် တော်တော်ကို ကြောက်စရာကောင်းတယ်လို့ ယူဆနိုင်တယ်”

ယန်ယဲ့က “သူဒီကိုလာခဲ့တာ ဘာအတွက်လည်းဆိုတာ ပြောပြလို့ရမလား”

လှောင်အိမ်ထဲမှ အသံက အကြာကြီး တိတ်ဆိတ်နေပြီးမှ “သူငါနဲ့ သဘောတူ စာချုပ် ချုပ်ထားတာ”ဟုပြန်ဖြေခဲ့သည်။

Translated by NyiNyiSoe

May Be:

.အပိုင်း ၂၄၃၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က "ဘယ်လိုကိစ္စလဲ..."

အသံက "စိတ်မရှိပါနဲ့။ ဒါပေမဲ့
ငါပြောပြလို့မရဘူး"

ယန်ယဲ့က
တော်တော်လေးစိတ်ပျက်သွားသည်။

သလင်းကျောက်အခေါင်းတလားကိုစိုက်ကြည့်ကာ “မင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ…”

အသံက “ဒါက မင်းစိုးရိမ်သင့်တဲ့ အရာမဟုတ်ဘူး။ မင်းက သိပ်ကောင်းတဲ့ အခြေအနေမှာ ရှိတယ်လို့ မထင်ဘူး”

ယန်ယဲ့၏ မျက်လုံးများ အနည်းငယ်
မှေးသွားသည်။
“မင်းဘယ်လိုသိတာလဲ…”

အသံက “ဒီလိုမဖြစ်ဘူး။ မင်းငါ့ကို
မေးခွန်းတွေ အားလုံး ဆက်မေးမနေနဲ့”

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး
“မတတ်နိုင်ဘူးလေ။ ငါနည်းနည်း
သိချင်နေတယ်” ဟု ပြန်ဖြေလိုက်သည်။

အသံက “ငါ့ကို တစ်ခုခု

ကူညီပေးနိုင်မလား…”

ယန်ယဲ့က “ဘာလဲ…”

ယန်ယဲ့ရှေ့တွင် ကြယ်တာရာမြေပုံ လေးခု

ရုတ်တရက် ပေါ်လာသည်။

“ဒီကမ္ဘာလေးခုက လွန်ခဲ့တဲ့ နှစ်တွေမှာ

ငါ့လူတွေကိုချိတ်ပိတ်ထားတဲ့

ကမ္ဘာငယ်လေးတွေပဲ၊ သူတို့အားလုံးမှာ ဝိညာဉ်ရှိတယ်။ သူတို့ကို ပြန်ခေါ်လာဖို့ ကူညီပေးနိုင်မလား…။ ဟုတ်တယ် မင်းကို လျော်ကြေးတစ်ခု ပေးလိမ့်မယ်။ အဲ့ဒါက မင်းစိတ်ကျေနပ်မှာ သေချာပါတယ်”

ယန်ယဲ့က “ဘာလို့ မင်းကိုယ်တိုင် မလုပ်တာလဲ…”

“ငါထွက်သွားနိုင်ရင်
ဒီခေါင်းတလားထဲမှာ ဆက်ပြီး
နေနေမှာလား…”

အသံက ဆက်ပြောသည်။ “လူသား၊
ငါကမင်းအပေါ်မှာ မကောင်းတဲ့
ရည်ရွယ်ချက်တွေမရှိဘူး။ ဒါပေမဲ့
ငါနိုးလာတဲ့အခါ မင်းရဲ့ကမ္ဘာက
ငါတည်ရှိနေတာကို မကြိုဆိုဘူးဆိုတာ
သတိထားမိတယ်။ အခု ဒီနေရာကနေ

မထွက်နိုင်သေးဘူး။ ငါ့လူတွေကျန်ခဲ့တဲ့ အရာတွေကို လိုက်ရှာဖို့လိုတယ်။ ဒါပေမဲ့ ငါတစ်ယောက်တည်း သွားမယ်ဆိုရင် ဒုက္ခအကြီးအကျယ်တွေ့ပြီးသေတောင် သေသွားနိုင်တယ်”

ယန်ယဲ့ကအချိန်အတော်ကြာစဉ်းစားပြီး "လျော်ကြေးကဘာလဲ...။ ငါ့မှာရတနာတွေအများကြီးရှိတယ်။ အဲ့ဒါတွေက သာမန်မဟုတ်ဘူးဆိုတာ

ငါရှင်းရှင်းပြောရမယ်။

နည်းစနစ်နဲ့ပတ်သက်ရင်တော့

အဲ့ဒါတွေမလိုအပ်ပါဘူး။ ဒါက ငါ့မှာ

ကိုယ်ပိုင်ဓားတာအိုရှိတယ်”

အသံက “မင်းတို့ကမ္ဘာရဲ့

ဈာန်အဆင့်ရောက်အောင်

ငါဘယ်လိုကူညီရမလဲ…”

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး “ဒါက အခြားဆိုရင် ကောင်းမလား…”

အသံက “ဘာလိုချင်လဲ…”ဟု မေးသည်။

ယန်ယွဲ့သည် သူ့လက်ဝါးကို မြှောက်လိုက်သည်နှင့် လက်ဝါးထဲတွင် သွေးပုလဲတစ်လုံးပေါ်လာသည်။

“ဒါက ငါ့ဒုတိယအစ်မရဲ့
သွေးအဆီအနှစ်ပုလဲပဲ။
သူ့ကိုအသက်ပြန်ရှင်လာအောင် ကူညီ
ပေးနိုင်မလား...”

သွေးကေရီ။

သူသည် သွေးကေရီကို မြှောက်ထားပေ။
လောကသုံးပါးအောက်ပိုင်း၌
ဗုဒ္ဓလမ်းစဉ်တွင်

ပြန်လည်မွေးဖွားခြင်းစွမ်းအားတစ်မျိုးရှိ

နေသောကြောင့် သွားရန်

ဆုံးဖြတ်ထားသည်။ သို့သော်

မျောက်ကြောင့်

ဗုဒ္ဓလမ်းစဉ်၏အမည်ပျက်စာရင်းတွင်

တင်သွင်းခံလိုက်ရသည်။ အကယ်၍

သူသာ ဗုဒ္ဓလမ်းစဉ်ကို သွားရောက်ပါက

ကိုယ့်သေတွင်းကိုယ်တူးသည်နှင့်

မခြားပေ။ လက်နက်လမ်းစဉ်တွင်

သူသည် ကျုံးယဲ့ကို

ထိုအကြောင်းမေးခဲ့ဖူးသည်။

သို့သော်လည်း ကျုံးယဲ့က

သူ့ကိုပြန်ပေးသောအဖြေက ဘာမှမလုပ်

နိုက် ဟူ၍ပင်။

ထို့ပြင် သိုင်းပညာဦးရီးတော်ကျုံးယဲ့က

တစ်စုံတစ်ဦးအား အသက်ပြန်သွင်းရန်

ပေးဆပ်ရမည့် တန်ကြေးအား

လက်နက်ဖန်ဆင်းရှင်ကို
မမေးနဲ့ဟုပြောခဲ့သည်။

အတိုင်းအတာ တစ်ခုအထိ
သွေးကြေရှိသည်
သေဆုံးသွားခဲ့သော်လည်း
လုံးဝသေဆုံးသွားသည်ဟု
မယူဆနိုင်ပေ။ အကြောင်းမှာ
သူမ၏သွေးအဆီအနှစ်ပုလဲရှိနေလို့ပါ။
တစ်နည်းဆိုရသော်

သူမကိုအသက်ပြန်သွင်းနိုင်သည်။

သို့သော် ဤလောကတွင်

ဖန်ဆင်းရှင်များကဲ့သို့

မျိုးဆက်ဟောင်းများသာ ထိုကဲ့သို့

စွမ်းဆောင်နိုင်ခဲ့သည်။

သို့သော်လည်း သိုင်းပညာ ဦးရီးတော်

ကျုံးယွဲ့ပြောခဲ့သလိုပင်။ ပေးဆပ်ရမည့်

တန်ကြေးတစ်ခုရှိခဲ့သည်။ ထိုကြောင့်

သွေးဧကရီကို

အသက်ပြန်သွင်းရန်အတွက် မည်သူက

ထိုတန်ကြေးကို ပေးဆောင်မည်နည်း။

ထိုကြောင့်သူသည်

လက်နက်ဖန်ဆင်းရှင်ကိုအကူအညီမ

တောင်းခဲ့ပေ။ နောက်ဆုံးတွင်တော့

သူမေးနိုင်သည့်လူကို ရှာတွေ့ခဲ့သည်။

အချိန်အတော်ကြာမှ

သလင်းကျောက်အခေါင်းတလားထဲမှ

အသံထွက်ပေါ်လာသည်။

“အောင်မြင်နိုင်မယ်လို့
ငါအာမမခံနိုင်ဘူး”

ထိုစကားကြားသောအခါ ယန်ယွဲ့က
သိသိသာသာ သက်သာရာရသွားပြီး
“မင်းဘယ်လောက်ယုံကြည်မှုရှိလဲ...”

“မင်းငါ့အတွက်အဲ့ဒီ ဝိဉာဉ်ဘုရင်
လေးပါးရှာပေးရင် ငါမှာအခွင့်အရေး

(၈၀%)ရှိမယ်။

မင်းတစ်ကောင်တည်းရှာတွေ့လာရင်

ငါမှာ အခွင့်အရေး (၂၀%)ပဲရှိတယ်။

အသံက ဆက်ပြောသည်။ “သူတို့ကို

ရှာတွေ့ဖို့

အတင်းအကျပ်မကြိုးစားခိုင်ပါဘူး။

ဒါပေမဲ့လို့ ငါ့ခွန်အားကို

ပြန်ရဖို့ကူညီပေးမယ်ဆိုရင်

အဲ့ဒါတွေလိုအပ်တယ်။

ခွန်အားတွေပိုရလေလေ
အောင်မြင်နိုင်ချေ ပိုများလေလေပဲ”

ယန်ယဲ့ကခေါင်းညိတ်သည် ထိုနောက်
ပြန်လှည့်ကာ ထွက်သွားပါတော့သည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့၌
လက်မအရွယ် အပြာရောင်
ကျောက်တုံးတစ်လုံးပေါ်လာသည်။
ခေါင်းတလားထဲမှအသံက

“မင်းမတက်နိုင်တဲ့

အန္တရာယ်နဲ့ကြုံရင် ဒါကိုချေမွပစ်လိုက်

ဒါဟာမင်းကို ဒီနေရာကို ချက်ချင်း

ပြန်ပို့ပေးမယ်။ ဟုတ်တယ်။

မင်းတို့ကမ္ဘာရဲ့

မျိုးဆက်ဟောင်းတွေလို့ခေါ်တဲ့

ဖန်ဆင်းရှင်ကပဲ ဒါကိုတားဆီးနိုင်မယ်။

ဒါပေမဲ့အဲ့ဒီလိုအဆင့် ပညာရှင်တွေက

မင်းကို သတ်ချင်နေရင် အခုလက်ရှိ

မင်းခွန်အားကအလောင်းတောင်

ကျန်မှာမဟုတ်ဘူး”

ယန်ယဲ့က “ကျေးဇူးတင်ပါတယ်”

စကားပြောပြီးနောက် ခန်းမထဲက

ပျောက်သွားသည်။ ယန်ယဲ့

ထွက်သွားပြီးနောက် ခန်းမသည်

တိတ်ဆိတ်သွားသည်။

ယန်ယဲ့ထွက်သွားသည်နှင့် တစ်ပြိုင်နက်

လျှို့ဝှက်ဆန်းကြယ်သော ခန်းမသည်
ပျောက်ကွယ်သွားသည်။ ယန်ယဲ့သည်
ထိုနေရာတွင်
ခဏမျှငြိမ်သက်နေပြီးနောက်
ရုတ်တရက် လှည့်ကြည့်လိုက်သည်။
ထိုနေရာတွင် တင်ပျဉ်ခွေထိုင်နေသော
လူတစ်ယောက်ရှိနေသည်။ ထိုလူက
သူ့အား ကျောခိုင်းထားသောကြောင့်

ယန်ယဲ့သည် ထိုလူ၏အသွင်အပြင်ကို မမြင်နိုင်ပေ။

ထိုလူက ရုတ်တရက် “ညီငယ်၊ မင်းက တာအိုဖန်ဆင်းရှင်ရဲ့ မျက်နှာသာပေးတာခံရတယ်။ အခုမင်းဟာ ငါတို့ သမိုင်းမတင်မီခေတ်က တစ်စုံတစ်ယောက်ရဲ့ အဆက်အသွယ်ကိုရနေပြီ။ မင်းရဲ့ ကံကြမ္မာက တကယ့်ကို ထူးခြားပါတယ်”

ယန်ယဲ့ကထိုလူကို
တစ်ချက်စိုက်ကြည့်လိုက်ပြီး “ကံဇာတာ
ကံတရားလား၊
ကံကြမ္မာလား…ဘာအကြောင်းဖြစ်ဖြစ်
ငါမသိဘူး။ ဒါပေမဲ့ ငါတော်တော်လေး
ဒုက္ခရောက်နေတယ်။ အပြင်လောကမှာ
ငါ့ကိုသတ်ဖို့စောင့်နေတဲ့
မရေမတွက်နိုင်တဲ့ ပညာရှင်တွေ
ရှိနေတယ်”

“ဒါက ပုံမှန်ပါပဲ”

ထိုလူက ဆက်ပြောသည်။

“အကျိုးအမြတ်တစ်ခုက ပြန်ပေးရတဲ့

တန်ကြေးရှိတယ်။ ဒါဟာ

ထာဝရတည်မြဲနေသည့်

နိယာမတစ်ခုပဲလေ”

ယန်ယဲ့က ချက်ချင်းပဲ "မင်းငါ့ကို
သတ်ဖို့လာတာလား..."

"ဟုတ်တယ်  ငါမင်းကို
သတ်ချင်တယ်ဆိုရင် တာအိုဖန်ဆင်းရှင်
ကိုယ်တိုင်ရှိမှ အသက်ရှင်နိုင်မယ်။

ယန်ယဲ့၏ မျက်လုံးများ အနည်းငယ်
မှေးကျဉ်းသွားကာ"မင်းက

ဘယ်အင်အားစုလည်းဆိုတာ

သိနိုင်မလား…”

ထိုလူက "အဲ့ဒါက အရေးမကြီးပါဘူး။

တာအိုဖန်ဆင်းရှင်ရွေးချယ်ထားတဲ့

ဆက်ခံသူကိုတွေ့ဖို့ ဒီကိုရောက်လာတာ။

။ မင်းဟာငါမျှော်လင့်ထားသလို

မဟုတ်ပေမဲ့

အတိုင်းအတာတစ်ခုအထိတော့

ဖြစ်နေတယ်။ ဒီခန်းမထဲမှာ

မင်းကိုတွေ့ဖို့ငါဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး”

ယန်ယဲ့က ဂရုမစိုက်ဘဲ “ဘာပြောဖို့
ကြိုးစားနေတာလဲ...။ ဒါမှမဟုတ်
မင်းဘာလိုချင်လို့လဲ...”

ထိုလူက ရယ်မောကာ “ငါတို့
သမိုင်းမတင်မီခေတ်က မျိုးနွယ်စုတွေရဲ့
သမိုင်းကိုမင်းသိလား...”

ယန်ယဲ့က ခေါင်းခါလိုက်သည်

“ငါမသိဘူး”

ထိုလူက “ငါနည်းနည်းသိတယ်။ သူတို့နဲ့ အလုပ်လုပ်တဲ့အခါ အမြဲသတိထားပါ။ ဒါပဲ ငါပြောချင်တယ်”

စကားပြောပြီးသည်နှင့် ထိုလူက လေထဲတွင် ပျောက်ကွယ်သွားသည်။

“သူကဘယ်သူလဲ…”

ယန်ယဲ့သည်

မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက်

ခေါင်းယမ်းကာ အတွေးများကို ထိန်းပြီး

ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ထွက်သွားပြီး သိပ်မကြာခင်မှာဘဲ

ထိုလူကနောက်တစ်ကြိမ်
ပြန်ပေါ်လာသည်။

ထိုလူက “အတိတ်က အတိတ်ပဲလေ။
အနာဂတ်မှာဘာကြောင့်
ဝင်စွက်ဖက်တာလဲ...။
မင်းဟာအနာဂတ်ရဲ့
အစိတ်အပိုင်းတစ်ခုဆိုတော့
အတိတ်ကို ဘာကြောင့်ဝင်ပြီး
စွက်ဖက်တာလဲ...”

ထိုလူက  တိတ်ဆိတ်သွားသည်။

ခဏအကြာတွင် ထိုလူက
တိုးတိုးလေးပြောလိုက်သည်။
“လောကသုံးပါးကို မငြိမ်မသက်မှုတွေ
ကျရောက်လာတော့မယ်။ မင်းရဲ့
လူသားမျိုးနွယ်မဟုတ်ဘူး။ နတ်မျိုးနွယ်၊
မိုခေး၊ ထျန်းလန်နဲ့ မရေမတွက်နိုင်တဲ့
နှစ်တွေကြာတဲ့အထိ ပုန်းအောင်းနေတဲ့

အခြားမျိုးနွယ်စုတွေတောင်

တဖြည်းဖြည်းထွက်ပေါ်လာကြပြီ။

လူတိုင်းမှာ သူတို့ရဲ့ ကိုယ်ပိုင်

ကံကြမ္မာတွေရှိကြတယ်။

မျိုးနွယ်တိုင်းအတွက် အတူတူပဲ။

အားလုံးက ငါတို့ရဲ့ ကံကြမ္မာအပေါ်မှာပဲ

မူတည်လိမ့်မယ်"

စကားပြောပြီးနောက် ထိုလူက

ပျောက်သွားသည်။ ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားပြန်သည်။ ယန်ယဲ့သည်
လျှို့ဝှက်ဆန်းကြယ်
အပျက်အစီးနယ်မြေ တည်ရှိနေသော
ဂြိုလ်ပေါ်မှ ထွက်လာပြီး အဆုံးမဲ့
ကြယ်တာရာကောင်းကင်ပြင်ထဲသို့
တိုးဝင်လာခဲ့သည်။

သူသည် ကြယ်တာရာမြေပုံလေးကို
ရုတ်တရက် သတိရမိသည်။ ပထမဆုံး
ဝိညာဉ်ဘုရင်ကို မရှာခင်

ကြယ်တာရာမြေပုံကို ထုတ်ကြည့်ကာ
တစ်စုံတစ်ခုကို ရွေးချယ်လိုက်သည်။
ခဏအကြာတွင် ယန်ယဲ့သည်
ရုတ်တရက်
နောက်လှည့်ကြည့်လိုက်သည်။

“ဒီလို ထက်မြက်တဲ့အာရုံတွေ”

ထိုနေရာမှ
အသံတစ်သံထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးပေါ်လာ

သည်။ သက်လတ်ပိုင်းအမျိုးသား၏

ခန္ဓာကိုယ်အပေါ်ပိုင်းက

လုံးဝဗလာဖြစ်သည်။ ၎င်း၏ခန္ဓာကိုယ်

အပေါ်ပိုင်းက

လုံးဝဗလာဖြစ်ကာ ခန္ဓာကိုယ်ပေါ်တွင်

ရက်စက်ကြမ်းကြုတ်မှုသော

သားရဲတက်တူးတစ်ခုရှိနေသည်။

အလွန်ရက်စက် ကြမ်းကြုတ်လှသော
ဝံပုလွေတစ်ကောင်နှင့်တူ၏။

အလယ်အလတ် ဈာန်သခင်။

သက်လတ်ပိုင်းအမျိုးသားကပညာရှင်တ
စ်ဦးတော့မဟုတ်ပါ။ သို့သော်လည်း
အလယ်အလတ် ဈာန်သခင်ဖြစ်သည်။
ထို့ပြင် သူသည်

ပညာရှင်မဟုတ်သော်လည်း ယန်ယဲ့သည်

ဖိအားများခံစားရသည်။

စစ်မှန်သောကျင့်ကြံသူ။

သက်လတ်ပိုင်းအမျိုးသားက

ယန်ယဲ့ဆီသို့ ဖြည်းညင်းစွာ

လျှောက်လာကာ  "ငါက တာ့လူပါ။

ငါ့အကြောင်း မင်းကြားဖူးမယ်

မထင်ဘူး။ နောက်ဆုံးတော့ ငါက

လူသားမဟုတ်ဘူး။ ငါက
အသူရာမျိုးနွယ်ထဲကပဲ။ မင်းရဲ့
မူလအစက တန်ဖိုးရှိတယ်လို့
ငါကြားတယ်။ ဒါကြောင့် မင်းအတွက်
ငါလာခဲ့တယ်။ ငါ...”

ယန်ယဲ့က သူ့လက်ကို ရုတ်တရက်
ဝှေ့ယမ်းကာ
စကားဖြတ်ပြောလိုက်သည်။

“အပိုစကားတွေ ရပ်လိုက်
တိုက်ခိုက်ကြရအောင်”

စကားပြောပြီးနောက် ယန်ယဲ့သည်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
နေရာတွင် ပျောက်သွားသည်။
ယန်ယဲ့၏ဓားက
သူ့ရှေ့ရောက်လာသောကြောင့်
တာ့လူ၏အသံက ရုတ်တရက်
ရပ်တန့်သွားသည်။ ဤအချိန်တွင် သူက

ခြေလှမ်းတစ်လှမ်းပြန်ဆုတ်ပြီး

ညာလက်ဝါးကို ရှေ့သို့တွန်းလိုက်သည်။

သူ့လက်ထဲတွင်

အနက်ရောင်တုတ်ချောင်းတစ်ချောင်း

ပေါ်လာပြီး တင်းတင်းကျပ်ကျပ်

ဆုပ်ကိုင်လျက်ရှေ့လှမ်းထိုးလိုက်သည်။

တုတ်ချောင်း(လုံ)က ယန်ယွဲ့၏

ဓားထိပ်ဖျားကို

တည့်တည့်ထိမှန်သွားသည်။

“ဘုန်း…”

ပြင်းထန်သော

ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာသည်

။ တိုက်ခိုက်ရာမှ ထွက်ပေါ်လာသော

တန်ပြန်အားကြောင့် နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

တာ့လူ၏လှံက ရုတ်တရက်ဆိုသလို

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ ယန်ယဲ့ဆီသို့ ပစ်လွင့်လာသည်။

ယန်ယဲ့က ခြေတစ်လှမ်းပြန်ဆုတ်ပြီး သူ၏လက်ကို မြှောက်လိုက်သည်။ သူ့လက်ဝါးအလယ်တွင် ဓားတစ်ချောင်း လွင့်မျောလျက် သူ့ပတ်ပတ်လည်၌ ရောမ ဓားကြီးတစ်ချောင်း ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ သူစိတ်အာရုံအသိကို

သုံးမျိုးခွဲထားသည်။ ထိုနောက်

ယန်ယဲ့သည်

ညာခြေကိုတစ်ချက်ဆောင့်လိုက်ရာ အ

လင်းတန်းသုံးချ ချက်ချင်း

တောက်ပလာသည်။

ဤအချိန်တွင်

အနက်ရောင်အလင်းတန်းတစ်ခုက

ယန်ယဲ့၏ ဓားစွမ်းအင်ကို

ဖုံးအုပ်ထားသည်။ သို့သော်

အချိန်ခဏအကြာတွင် ဓားစွမ်းအင်က

အပိုင်းပိုင်းဆုတ်ဖြဲကာ

နှေးကွေးခြင်းမရှိဘဲ

လျှပ်စီးကြောင်းတစ်ခုအလား

တာ့လူရှေ့တွင်

ချက်ချင်းပေါ်လာပါတော့သည်။

အားကောင်းလှသော ဓားစွမ်းအင်က

တလူအနီးတစ်ဝိုက်ရှိ ကြားကွက်လပ်

အလွှာများကို ပွင့်ထွက်သွားစေသည်။

တာ့လူ၏မျက်နှာက ဖြူဖျော့သွားကာ

သူ၏မျက်လုံးထဲ၌လည်း မကြုံစဖူး

လေးနက်သော

အမူအရာတစ်ခုရှိနေသည်။

Translated by NyiNyiSoe

.အပိုင်း ၂၄၄၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့၏ တိုက်ခိုက်မှုများက တာ့လူ ရှေ့သို့ရောက်လာသည်။

တာ့လူ က သူ၏မျက်လုံးများကို ဖြည်းညင်းစွာ မှိတ်ထားပြီး လက်ထဲမှ လှံဖြင့် ရှေ့သို့ ထိုးလိုက်သည်။
သူ့ကိုယ်သူ ကာကွယ်ရန်မရွေးချယ်ပါ။
ယန်ယဲ့၏ သေကွင်းသေကွက်နေရာကို

ဦးတည်တိုက်ခိုက်လိုက်သည်။

သူ၏ရည်ရွယ်ချက်က သူသေကိုယ်သေ

တိုက်ခိုက်လိုက်ခြင်းပင်။

သူ့တွင် ကျယ်ပြန့်သော

တိုက်ခိုက်အတွေ့အကြုံရှိသောကြောင့်

ယန်ယဲ့သာ ဓားပျံရုတ်သွားပါက

တိုက်ပွဲတွင် သေချာပေါက်

ဖိနှိပ်နိုင်မည်ဟု သိနေပေသည်။

အကြောင်းမှာ ထိုအချိန်တွင် ယန်ယဲ့သည်

တိုက်ပွဲအရှိန်အဟုန် ယာယီပျောက်ဆုံး

သွားမည်ဖြစ်သောကြောင့်ပါ။

တိုက်ပွဲအတွင်း အရှိန်သည်

အလွန်အရေးကြီးသည်။

နောက်ပြန်ဆုတ်သွားလျှင် သူ့ကိုယ်သူ

ပျက်စီးရာပျက်စီးကြောင်း

ဖြစ်သွားစေမည်။

ထို့ကြောင့် တာ့လူက သူသေကိုယ်သေ

တိုက်ခိုက်ရန် ရွေးချယ်ခဲ့သည်။

မှန်သည်။ သူ့ကိုယ်သူ သေလမ်းပို့ဖို့

ကြံစည်ထားခြင်းမဟုတ်ပေ။ ယန်ယွဲ့အား

သူ့ကိုယ်သူ ကာကွယ်ဖို့ အတင်းအကျပ်

ဖိအားပေးလိုက်ရုံသာ။ ယန်ယွဲ့သည်

သူ့ကိုယ်သူ ကာကွယ်နေသရွေ့ သူသည်

တန်ပြန်တိုက်ခိုက်နိုင်ပေမည်။

ထိုအချက်က သူ့အား

တစ်ခါမှမသတ်နိုင်ခဲ့သော

လှုပ်ရှားမှုတစ်ခုပင်။

သို့သော် သူ မသိတာကတော့ လက်ရှိ

သူတိုက်ခိုက်နေသူက

ယန်ယဲ့ဖြစ်နေခြင်းပင်။ ယန်ယဲ့သည်

တိုက်ပွဲအတွင်း သူ၏ အသက်ကို

စတေးပြီး တိုက်ခိုက်တက်သူပင်

မဟုတ်ပါလား...။ ယန်ယဲ့၏ ဓားများက

လုံးဝမနှေးကွေးဘဲ

ရှေ့ဆက်တိုးလာသဖြင့်

တာ့လူ၏မျက်လုံးများ

ကျဉ်းမြောင်းလာသည်။

ဒီအချိန်မှာ သူရွေးချယ်မှု မှားကြောင်း

သိလိုက်သည်။ သို့သော်လည်း သူသည်

မရှောင်နိုင်တော့ပေ။

“ဆူး... ဆူး...”

ဆုတ်ဖြဲလိုက်သော အသံနှစ်ချက်ဆင့်

ထွက်ပေါ်လာပြီးနောက်  ပတ်ဝန်းကျင်တ

စ်ခုလုံး တိတ်ဆိတ်သွားသည်။

အသက်ရှုသံုးရှိုက်စာလောက်အကြာတွင်

ယန်ယဲ့သည် နောက်လှည့်လာပါသည်။

တာ့လူ၏လှံက သူ့ရင်ဘက်အား

ထိုးစိုက်နေသောကြောင့်

သွေးတစက်စက်စီးကျနေသည်။

သို့သော်လည်း ယန်ယဲ့၏ဓားက

တလူ၏ခန္ဓာကိုယ်ကို  ထိုးဖောက်သွားခဲ့သည်။ ဒီအချိန်မှာ ယန်ယဲ့၏ခန္ဓာကိုယ်က မှုလခရမ်းရောင်စွမ်းအင်နှင့်ပြုပြင်နေခဲ့သည်။ ထိုကြောင့် တာ့လူ၏လုံ့ထိုးချက်က သူ့အားအသက်သေဆုံးအောင်အထိမဟုတ်ခဲ့ပေ။

တာ့လူအတွက်ကတော့ကံမကောင်းလှပေ။ ဓားနှစ်ချောင်းက

သူ့ရင်ဘတ်အား

ထိုးဖောက်သွားလိုက်သည်နှင့်

ဓားစွမ်းအင်က သူ၏ခန္ဓာကိုယ်ထဲရှိ

အသက်စွမ်းအင်ကို ချက်ချင်း

ဖျက်ဆီးပစ်လိုက်သည်။

ယန်ယွဲ့သည် ရုတ်တရက် ရပ်လိုက်ပြီး

တာ့လူဆီသို့ လျှောက်သွားလိုက်သည်။

သူသည် တာ့လူ၏အလောင်းကို

ခဏစိုက်ကြည့်နေပြီး

သိမ်းယူလိုက်သည်။ သူသည် ဓားအစေခံတစ်ဦး သန့်စင်ရန် စီစဉ်ထားသည်။ အလယ်အလတ် ဈာန်သခင် ဓားအစေခံက အလွန်အသုံးဝင်သင့်၏။

တစ်နာရီခန့်အကြာတွင် ယန်ယဲ့သည် တလူကို ဓားအစေခံအဖြစ် အောင်မြင်စွာ ပြောင်းလဲနိုင်သည်။ ယန်ယဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

သူ့မျက်နှာပေါ်တွင်

အပြုံးတစ်ခုပေါ်လာသည်။

သို့သော်လည်း ထိုအပြုံးသည်

ကြာရှာမခံပါ။ ခဏအကြာမှာပဲ

အေးစက်သောအပြုံးတစ်ခုအဖြစ်

အသီးသီးပြောင်းလဲလာသည်။

တာ့လူက

ပထမဆုံးရောက်လာသူမဟုတ်ကြောင်းနဲ့

နောက်ဆုံးရောက်လာသူမဟုတ်ကြောင်း

သိနေသည်။ သို့သော် ယန်ယွဲ့သည်

အာရုံမထားပေ။ ဤအချိန်တွင်

ယန်ယွဲ့သည်

သူတစ်ယောက်တည်းရှိနေသောကြောင့်

မည်သူ့ကို ကြောက်ရမည်နည်း။

အလယ်အလတ်

ဈာန်သခင်ကိုအသာထား ပညာရှင်ကိုပင်

မကြောက်ပေ။

ယန်ယဲ့သည် သူ၏အတွေးများကို

ထိန်းကာ အဝေးဆီသို့

ပျောက်ကွယ်သွားသည်။ သူသည်

ဓားပျံကို စီးနင်းလျက်

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ကို

ဖြတ်ကျော်လိုက်သည်။

သမိုင်းမတင်ခေတ်၏

ကြယ်တာရာလမ်းပြမြေပုံက

သူ့အားမတူညီသော ကမ္ဘာလေးခုကို ညွှန်ပြနေသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည် မြူနှင်းကမ္ဘာဟူသော ကမ္ဘာငယ်တစ်ခုဆီသို့ ဦးတည်နေသည်။ ၎င်းသည် အလွန်ထူးဆန်းသောအမည်ဖြစ်သော်လည်း သမိုင်းမတင်မီခေတ်မှ တစ်စုံတစ်ဦးက အမည်ပေးခဲ့သောကြောင့်

အဓိပ္ပါယ်ရှိနိုင်ပေသည်။ ခရီးလမ်းတစ်လျှောက်တွင် ယန်ယဲ့သည် ကြယ်တာရာမြေပုံပေါ်ရှိ လမ်းကြောင်းက လက်ရှိသူသွားနေသော လမ်းကြောင်းနှင့် အတိအကျတူညီကြောင်း သတိပြုမိသည်။ ထပ်တူညီတယ်။

ယန်ယဲ့သည် တစ်ခုခုကို တွေးနေပုံရပြီး သူ့မျက်နှာပေါ်တွင် လေးနက်သော

အမှုအရာတစ်ခု တဖြည်းဖြည်း
ပေါ်လာသည်။

အချိန်အတော်ကြာမှ ခေါင်းယမ်းကာ
ပြုံးလိုက်ပြီး “ဒါဆို ဘာလဲ။
ငါလုပ်စရာရှိတာ လုပ်ရမှာပဲလေ”

စကားပြောပြီးနောက် ယန်ယွဲ့သည်
အရှိန်မြှင့်လိုက်သည်။
တစ်ရက်အကြာတွင် ယန်ယွဲ့သည်

ရပ်တန့်သွားသည်။ သူသည်
ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
ဤအခိုက်အတန့်တွင် မည်သည့်ကြောင့်
မြူနှင်းကမ္ဘာဟုခေါ်သည်ကို
နားလည်လိုက်သည်။

သူ၏အမြင်အာရုံတစ်ဆုံး အဖြူရောင်
မြူခိုးများသာ ပြည့်နေခဲ့သည်။
သို့မဟုတ် အဖြူရောင် မြူခိုးထုက

ကမ္ဘာတခွင်တစ်ခုလုံးအား ဖုံးလွှမ်းထား

သည်ဟု ဆိုရပေမည်။

“အားလုံးက မြူမှုန်တွေ”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ “အဲ့ဒီ

ဝိညာဉ်ဘုရင်ကို ဘယ်လိုရှာရမလဲ...”

သို့သော် နှင်းပွင့်အကြောင်းကို

ရုတ်တရက် တွေးမိရင်း

ယန်ယဲ့၏မျက်လုံးများ
အရောင်တောက်ပလာသည်။

“ငါ့နှင်းခဲလေး”

သူမက ဒဏ္ဍာရီလာ
ဝိညဉ်အင်ပါယာဖြစ်နေသောကြောင့်။

နှင်းခဲလေး။

ဝိညာဉ်ဘုရင်ဖြစ်သောကြောင့် နှင်းပွင့်၏

လက်ထဲမှ လွတ်မြောက်နိုင်မည်

မဟုတ်ပေ။  နောက်ဆုံးတွင် နှင်းပွင့်သည်

ထိုသို့သော ထိုသို့သော

ဝိညာဉ်ဘုရင်များကို ပင်ကိုယ်အသိဖြင့်

တုံ့ပြန် နိုင်သည်။ ထို့ပြင်

သူမ၏အသိစိတ်အာရုံက

အံ့သြစရာကောင်းလှသည်။

နှင်းခဲလေး၏အသိစိတ်အာရုံထဲမှ

လွှတ်မြောက်ရန် မဖြစ်နိုင်သလောက်ပင်။

သို့သော်လည်း ယန်ယွဲ့သည် နှင်းပွင့်ကို

ချက်ချင်းမဆင့်ခေါ်လိုက်ပေ။

နောက်ဆုံးတွင်

မကောင်းဆိုးဝါးလက်နက်က

သူ့နောက်ကွယ်တွင် ရှိနေတုန်းပါ။

မကောင်းဆိုးဝါးလက်နက်။

ထိုအကြောင်းကိုတွေးမိတိုင်း

ယန်ယွဲ့သည် တစ်စုံတစ်ခုကို ရုတ်တရက်

သတိပြုမိလိုက်သည်။

မကောင်းဆိုးဝါးရတနာက

နတ်သားရဲ့များနှင့်

သဘာဝရတနာများအား

ဝါးမျိုတက်သည်။ ဒါဆို

ဝိညာဉ်ဘုရင်ကိုတွေ့ရင် အဲ့ဒီ

သောက်မကောင်းဆိုးဝါးလက်နက်က
ဝါးမျိုမှာမဟုတ်လား…။

“မင်း လုပ်စရာရှိတာသာ လုပ်ပါ”

ရုတ်တရက်ဆိုသလို သူ့နောက်ကနေ
အသံတစ်သံထွက်ပေါ်လာသည်။
ယန်ယဲ့၏မျက်မှာက အေးခဲလာသည်။

“ဒီသောက်ရူးကောင်က ငါ့နောက်မှာ ရှိနေတုန်းပဲ”

၎င်းအချိန်တွင် မကောင်းဆိုးဝါးလက်နက်က ဆက်ပြောသည် “မင်းနဲ့အတူ ရှိနေတဲ့ ဝိညဉ်အင်ပါယာ ဒါမှမဟုတ် အခြားဝိညဉ်ဘုရင်ကို ငါစိတ်မဝင်စားဘူး။ ငါသူတို့ကို ဝါးမျိုမှာမဟုတ်ဘူး။

ဘာဖြစ်လိုလဲဆိုတော့ ငါလုပ်ရင်

တစ်စုံတစ်ယောက်ကို

စိတ်မချမ်းသာအောင်

လုပ်မိသလိုဖြစ်လိမ့်မယ်။ ဒါဆို မင်း

သူတို့အတွက် စိတ်ပူစရာမလိုဘူး”

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည်။

“အဲ့ဒီလူကဘယ်သူလဲ…”

မကောင်းဆိုးဝါးလက်နက်က

“ဒါမင်းသောက်ကြောင်းမဟုတ်ဘူး”

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။ “ဘာ…ဒီသောက်

ရူးကောင်က”

ယန်ယဲ့သည်

မကောင်းဆိုးဝါးလက်နက်ကို

လျစ်လျူရှုပြီး နှင်းပွင့်ကို

ဆင့်ခေါ်လိုက်သည်။ မကြာလိုက်ပါ ယန်ယဲ့၏ ရင်ဘက်ထဲမှ ခေါင်းသေးသေးလေးထွက်လာပြီး ဘယ်ညာလှည့်ကြည့်နေသည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းလေးကို ပုတ်ပြီး ပြုံးလိုက်ကာ“ထွက်လာပါ အန္တရာယ်မရှိဘူး”

ထိုစကားကြားသောအခါ နှင်းပွင့်က

စိတ်အေးလက်အေးနှင့်

ယန်ယွဲ့၏ပခုံးအပေါ်တက်လာသည်။

ထိုနောက် ယန်ယွဲ့၏ ခေါင်းလေးကို

ပွတ်သပ်ရင်း အဝေးဆီကို ရုတ်တရက်

လှမ်းကြည့်ကာ ညွှန်ပြသည်။

ယန်ယွဲ့က "အဲ့ဒီမှာ တစ်ခုခုရှိလို့လား..."

နှင်းပွင့်က ခေါင်းသေးသေးလေးကို ညိတ်လိုက်သည်။ ယန်ယဲ့က နှင်းပွင့်ကို ပွေ့ချီလျက် ထိုလမ်းကြောင်းအတိုင်း ဆက်သွားလိုက်သည်။ သို့သော် သူလမ်းလျှောက်လာစဉ် နှင်းပွင့်က ညာဘက်သို့ လက်ညှိုးညွှန်ပြသောကြောင့် ယန်ယဲ့သည် လမ်းကြောင်းပြောင်းလိုက်သည်။

သို့သော် သိပ်မကြာလိုက်ဘဲ နှင်းပွင့်က ဘယ်ဘက်သို့ သွားရန် ညွှန်ပြလိုက်သည်။ ထိုအတိုင်းပင် ယန်ယဲ့က နှင်းပွင့်နှင့်ဘာ ဘယ်ညာ ပတ်ချာလည်နေခဲ့သည်။

ယန်ယဲ့က နှင်းပွင့်ကို စိုက်ကြည့်လိုက်ပြီး“ကလေး မင်းငါနဲ့ကစားနေတာလား...”

နှင်းပွင့်က အပြစ်ကင်းသောအမှုအရာကို ထုတ်ဖော်ထားသည်။

အချိန်ခဏအကြာတွင် ယန်ယဲ့သည် နှင်းပွင့်ကသူ့အား စနောက်မနေကြောင်း နားလည်လိုက်သည်။ ၎င်းသည် သူတို့ပတ်ပတ်လည်တွင် ရှိနေသော အရာတစ်ခုကြောင့်ဖြစ်သည်။

“အဲ့ဒါက ငါတို့ ဘေးမှာပဲ ရှိနေတာ”

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်။

“ဘယ်မှာလဲ…”

နှင်းပွင့်က ယန်ယဲ့၏နောက်သို့ ညွှန်ပြသည်။ ခဏအကြာတွင် ယန်ယဲ့သည် နေရာမှာပင် ပျောက်သွားပြီး ထိုလမ်းကြောင်းဆီသို့ လျင်မြန်စွာ ခုန်ဝင်လိုက်သည်။ သို့သော် ဘာကိုမှ သတိမထားမိလိုက်ပေ။

သူရပ်လိုက်သည်နှင့် နှင်းပွင့်က

သူ့နောက်ကို ညွှန်ပြပြန်သည်။
ထိုမြင်ကွင်းကြောင့် ယန်ယဲ့သည်
မျက်နှာပျက်သွားသည်။

“ငါ့ထပ်ပိုမြန်နေတာလား…”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
နှင်းပွင့်ကို စိုက်ကြည့်ရင်း
“မင်းပြောလိုက် သူ့ကိုယ်သူ
ပြနိုင်မလား…”

နှင်းပွင့်က မျက်တောင်

မှိတ်တုတ်မှိတ်တုတ် လုပ်နေသည်။

ခဏအကြာတွင် သူမက အဝေးသို့

ရုတ်တရက် လှမ်းကြည့်ကာ

လက်သည်းလေးကို ညင်သာစွာ

ဝှေ့ယမ်းလိုက်သည်။

ဘာမှထူးခြားမလာပေ။ နှင်းပွင့်က

ယန်ယဲ့ကို စိုက်ကြည့်ကာ

ပခုံးတွန့်ပြသည်။

ထိုနောက် ရှက်ရွံ့စွာပြုံးလိုက်ပြီး ဘေးဘက်ကို လှည့်ကြည့်ကာ ဝှေ့ယမ်းပြန်သည်။ သို့သော် ဘာမှထပ်မဖြစ်ပေ။

“နှင်းပွင့်ကို မျက်နှာသာမပေးချင်ဘူးလား…”

ယန်ယဲ့က တွေးနေလိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က

ပါးစပ်သေးသေးလေးကို

ဖွင့်ဟလိုက်သည်။ ထိုခဏလေးမှာပဲ

ဤနေရာမှ မြူခိုးထုများအားလုံး

နှင်းပွင့်ဆီသို့ စုစည်းလာသည်။

ခဏအကြာတွင် သူတို့နှင့် မနီးမဝေး၌

အစိမ်းရောင်

အလင်းလုံးတစ်လုံးပေါ်လာသည်။

အစိမ်းရောင် အလင်းလုံးကို

မြင်သောအခါ နှင်းပွင့်က ချက်ချင်း

ရပ်သွားသည်။

ယန်ယဲ့သည် အစိမ်းရောင် အလင်းလုံးကို

လှမ်းကြည့်လိုက်ရာ

နောက်ကျောဘက်တွင် အစိမ်းရောင်

အမြီးလေးကိုတွေ့လိုက်ရသည်။

ဝိညာဉ်ဘုရင်။

အစိမ်းရောင်အလင်းဘောလုံးသည်

ဤလောက၏ဝိညဉ်ဘုရင်ဖြစ်သည်ကို

သိလိုက်သည်။ အကြောင်းမှာ ၎င်းသည်

သူ့ကိုသူ ထုတ်ဖော်ပြသခြင်းမှာ

နှင်းပွင့်ကြောင့်ဖြစ်သည်။ နှင်းပွင့်က

ဝိညဉ်အင်ပါယာဖြစ်သည်။ ထို့ကြောင့်

ဝိညဉ်ဘုရင်များက

နှင်းပွင့်ကိုအထင်ကြီးလေးစားရသည်။

သို့သော်လည်း

အစိမ်းရောင်ဝိညာဉ်ဘုရင်က နှင်းပွင့်ကို ကြောက်ရွံ့နေပုံရသည်။

ဤအချိန်တွင် နှင်းပွင့်က ယန်ယဲ့ကို စိုက်ကြည့်ကာ အလင်းဘောလုံးကို လက်ညှိုးထိုးပြပြီး သူ့ကိုယ်သူ လက်ညှိုးထိုးပြသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "မင်းသူနဲ့အတူ ကစားချင်တာလား...”

နှင်းပွင့်က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“မလုပ်နိုင်ဘူးလို့ပြောလိုက်။ ဒါပေမဲ့

အဲဒါက ငါတို့နဲ့အတူ လိုက်လာနိုင်တယ်”

နှင်းပွင့်က အလင်းဘောလုံးဆီသို့

လွင့်မျောသွားကာ

သူမ၏လက်သည်းလေးများကို

ငွေ့ယမ်းလိုက်ပါတော့သည်။

အချိန်ခဏအကြာတွင်

အလင်းဘောလုံးက အနည်းငယ်

တုန်ခါလာသည်။ ဤအချိန်တွင်

နှင်းပွင့်က ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ထိုအချိန်မှာပဲ  ရုတ်တရက်

ထင်မှတ်မထားသော

အဖြစ်အပျက်တစ်ခု ဖြစ်ပျက်လာသည်။

သူတို့အပေါ်ဘက်တွင် ရောမ ရွှေရောင်

ပိုက်ကွန်ကြီးတစ်ခုပေါ်လာသည်။

ဤအချိန်တွင်

အစိမ်းရောင်အလင်းဘောလုံးက

အစိမ်းရောင်အလင်းတန်းတစ်ခုအဖြစ်

ချက်ချင်းပြောင်းလဲကာ အဝေးဆီသို့

ပျောက်ကွယ်သွားသည်။

ယန်ယဲ့နှင့် နှင်းပွင့်လည်း

ထိတ်လန့်သွားသည်။ သို့သော်လည်း

အစိမ်းရောက်အလင်းလုံးက သူတို့ဆီကို

ရုတ်တရက် ပြန်ရောက်လာသည်။

ရွှေရောင်ပိုက်ကွန်ကြီးက မီတာ

ရာချီသော ဧရိယာကို

ပိတ်ဆို့ထားသောကြောင့်ပါ။

"ငါစောင့်နေတာကြာပြီ။ နောက်ဆုံးတော့

မင်းကိုယ်မင်း  ပြသလိုက်ပြီပဲ”

အသံထွက်ပေါ်လာပြီးနောက်

ရွှေရောင်ပိုက်ကွန်အပြင်ဘက်တွင်

လူငယ်တစ်ယောက်ပေါ်လာသည်။ သက်လတ်ပိုင်းအမျိုးသားတစ်ဦးနှင့် အဘိုးကြီးတစ်ဦးက လူငယ်၏ဘေးတွင် ရပ်နေကြသည်။ အဘိုးကြီးက လက်ထဲ၌ ဓားတစ်ချောင်း ကိုင်ထားပြီး အောက်ကို ငုံ့ကြည့်နေသည်။ သက်လတ်ပိုင်းအမျိုးသားက ခါးတွင် ဓားတစ်ချောင်း ချိတ်ဆွဲထားကာ ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

သူ့လက်များက ဓားလက်ကိုင်ရိုးပေါ်တွင် အသင့်ပြင်ထားသည်။

လူငယ်၏အကြည့်က အစိမ်းရောင် အလင်းဘောလုံးဆီသို့ ကျဆင်းသွားကာ ပြုံးပြီး "မြူနှင်း ဝိညာဉ်ဘုရင်။ ဂြိုလ်တစ်ခုတည်းက ဝိညာဉ်စွမ်းအင်တွေကို ရာစုနှစ်တွေကြာတဲ့အထိ စုပ်ယူထားနိုင်တဲ့သူ။

ဟေး…ဟေး…ဟေး…။ ဖန်ဆင်းရှင်အချို့

တောင် စုံစမ်းခံရတာ

အံ့ဩစရာမဟုတ်တော့ဘူး”

ဤအချိန်တွင် အစိမ်းရောင်ဘောလုံးက

နှင်းပွင့်ဆီသို့ ရုတ်တရက်

ပျံသန်းသွားသည်။ ထိုနောက်

၎င်း၏အမြီးလေးလေးနှင့်

နှင်းပွင့်၏လက်သည်းလေးကို ထိတွေ့လို

က်သည်။ နှင်းပွင့်က မျက်တောင်ခတ်ပြီး

အလင်းဘောလုံးကို လက်သည်းလေးဖြင့် ပုတ်လိုက်သည်။

Translated By NyiNyiSoe

May Be:

.အပိုင်း ၂၄၄၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး

အလင်းဘောလုံးကို

လက်သည်းလေးနှင့်ပုတ်လိုက်သည်။

ထို့နောက်တွင်တော့

သူမ၏ရင်ဘတ်သေးသေးလေးကိုပုတ်ပြ

ပြီး ထိုဝိညာဉ်ပုလင်းအား

ကာကွယ်ပေးမည်ဟု အာမခံမဲ့ပုံရသည်။

ဤအချိန်တွင် လူငယ်၏အကြည့်က

နှင်းပွင့်ပေါ်သို့ကျဆင်းသွားသည်။

နှင်းပွင့်လေးကိုမြင်သောအခါ

သူ၏မျက်လုံးများတောက်ပလာကာ

''ငါဘာကိုမြင်လိုက်တာလဲ။

ဝိညာဉ်အင်ပါယာလား...ဟားဟား...

ကောင်းကင်ဘုံက ငါ့ကို

တကယ်ကြွင်နာတာပဲ''

လူငယ်လေး၏အသံက

စိတ်လှုပ်ရှားမှုအပြည့်နှင့်ပါ။

နှင်းပွင့်က မျက်တောင်ခတ်ပြီး ယန်ယဲ့ကိုစိုက်ကြည့်နေသည်။ ယန်ယဲ့သည် သူမ၏ခေါင်းကို ညင်သာစွာပွတ်သပ်ကာ လူငယ်ကို မော့ကြည့်လိုက်သည်။ ''သူတို့က ငါ့အပိုင်တွေပဲ''

ယန်ယဲ့က ဤကိစ္စကို ကျိုးကြောင်းစီလျော်အောင်ဆွေးနွေးဖို့ ကြိုးစားသည်ကား အကောင်းဆုံးဟု

ခံစားရသည်။ မဟုတ်ရင်
တခြားလူတိုင်းက သူ့အား
ယုတ္တိမတန်ကြောင်းပြောပါလိမ့်မည်။

လူငယ်က နှင်းပွင့်ဆီမှ ယန်ယဲ့ဘက်သို့
အကြည့်လှည့်ကာ ပြုံးလိုက်ပြီး
''နောက်ထပ်ယှဉ်ပြိုင်ရမဲ့အချိန်ရောက်ပြီ
ထင်တယ်။
လာပါ...ခန့်မှန်းကြည့်ရအောင် မင်းက
ဝိညာဉ်အင်ပါယာကိုပိုင်ဆိုင်ထားတဲ့အပြ

င် ဒီနေရာကိုပါ ရှာနိုင်ခဲ့တယ်။ ဒီတော့ ငါအထင် မင်းက သာမန်မျိုးနွယ်စု ဒါမှမဟုတ် အင်အားစုတစ်ခုက မဟုတ်ဘူးလို့ငါထင်တယ်။ မင်းက အဓိပတိဓားကိုင်ထားတယ်ဆိုတော့ ရှမ်းယွမ်ကလန်လား''

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

''အို…''

လူငယ်က ပြုံးပြီး '' မင်းက

ရှမ်းယွမ်ကလန် မဟုတ်ဘူးလား၊

ဒါဆိုဂူကလန်လား ဒါမှမဟုတ်

ကျန်းကလန်လား။ ကျီယွဲ့က

ကျီမျိုးနွယ်ရဲ့လူငယ်မျိုးဆက်တွေထဲမှာ

ရှားရှားပါးပါး တစ်ယောက်တည်းရှိတော့

မင်းက ကျီမျိုးနွယ်ထဲကလို့မထင်ဘူး။

ဒါပေမဲ့ မင်းက

ယောက်ျားအသွင်ပြောင်းထားတဲ့မိန်းက

လေးမဟုတ်ဘူးဆိုတာ သိသာတယ်။
ဒါဆို ငါထင်တာမမှားရင် မင်းက
ဂူကလန် ဒါမှမဟုတ် ကျန်းကလန်
ဖြစ်သင့်တယ်''

ယန်ယဲ့က ပြုံးပြီး ''ဒါဆို
ငါကဘယ်သူလဲ။ ငါက
တစ်ခုမှမဟုတ်ရင်ဘယ်လိုလဲ ''

လူငယ်က ရယ်မောလိုက်သည်။
ခဏမျှရယ်မောရင်း ရုတ်တရက်
''ငါဘယ်သူလဲဆိုတာ မင်းသိလား''

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

လူငယ်က ပြုံးပြီး ''ငါက
လူသားအင်ပါယာအရှင်ပဲ။ ဒီတော့
လူသားမျိုးနွယ်ကိုယ်စား
အဲဒီမြို့နှင်းဝိညာဉ်နဲ့

ဝိညာဉ်အင်ပါယာကိုယူလိုက်မယ်။
မင်းမှာ
ကန့်ကွက်စရာမရှိဘူးမဟုတ်လား''

''လူသားအင်ပါယာအရှင်…'' ယန်ယွဲ့သည်
အံ့အားသင့်သွားသည်။
သိပ်တော့မကြာလိုက်ပေ။
သူ့မျက်နှာတွင်
ထူးဆန်းသောအမူအရာတစ်ခုပေါ်လာသ

ည်။ ''တကယ်တော့ ဒီစောက်ရူးက လူသားအင်ပါယာအရှင်လား''

လူသားအင်ပါယာအရှင်။

ယန်ယွဲ့သည် လူသားအင်ပါယာအရှင်ကို တစ်ခါမျှမတွေ့ဖူးသော်လည်း သူတို့ကြားတွင် ရန်ငြိုးအနည်းငယ်ရှိနေခဲ့သည်။ သို့မဟုတ် သူတို့နှစ်ယောက်ကြားရှိ

ရန်ပြိုးက

အလွန်နက်ရှိုင်းသည်ဟုပြောရပေမည်။

''ဒါဆို ရန်သူနဲ့တည့်တည့်တိုးနေတာလား
''

ယန်ယဲ့သည်

သူ့အတွေးကိုထိန်းကာပြုံးလိုက်ပြီး

လက်ထဲတွင်

ဓားတစ်ချောင်းပေါ်လာသည်။

''မင်းငါတို့ကို

တိုက်ခိုက်ဖို့စီစဉ်နေတာလား''

လူငယ်က ရုတ်တရက် ပြုံးလိုက်ပြီး

''မင်းငါတို့ကို

နှုတ်ပိတ်ဖို့စဉ်းစားနေတာလား။

ငါအရမ်းကြောက်တယ်''

စကားပြောသည့်အတိုင်း

လူသားအင်ပါယာအရှင်က

အလွန်ကြောက်လန့်နေပုံဖြင့်
ယန်ယဲ့၏ရှေ့တွင်တုန်ယင်နေသည်။

ဤအချိန်တွင် သူ့နောက်ကွယ်မှ
အဘိုးကြီးက ရုတ်တရက်
မျက်လုံးပွင့်လာသည်။
သူသည် လူသားအင်ပါယာအရှင်ကို
နောက်သို့ပြန်ဆွဲခေါ်လိုက်ပြီး
ယန်ယဲ့အားလှမ်းကြည့်ကာ
''မင်းနာမည်က ယန်ယဲ့လား''

ယန်ယဲ့၏မျက်လုံးများက

အံ့အားသင့်သွားဟန်များပေါ်လာကာ

''မင်းငါ့ကို မှတ်မိသေးတာလား''

ယန်ယဲ့ဝန်ခံသည်ကိုကြားသောအခါ

အဘိုးကြီး၏မျက်နှာက ချက်ချင်းပင်

လေးနက်လာပြီး ''ယွမ်လီ၊

သခင်ငယ်ကိုခေါ်ပြီးထွက်သွားတော့''

ထိုစကားကြားသောအခါ လူငယ်က

အံ့အားသင့်သွားကာ တစ်ခုခုကို

ရုတ်တရက်တွေးမိသွားပုံရသည်။

သူသည် ယန်ယွဲ့ကိုစိုက်ကြည့်ပြီး ''မင်းက

ယန်ယွဲ့လား။ ငါ့လူသားမျိုးနွယ်က

အလိုရှိနေတဲ့သူ...''

ယန်ယွဲ့က ပြုံးပြီး ''ငါပဲထင်တယ်''

အဘိုးကြီးက ရုတ်တရက်

''သခင်လေးထွက်သွားဖို့

တောင်းဆိုပါတယ်''

လူငယ်က ရုတ်တရက်ပြုံးလိုက်သည်။

''ဦးရီးတော်လီ ၊သူက

တကယ်ကြောက်ဖို့ကောင်းသလား''

အဘိုးကြီးက သက်ပြင်းချပြီး

''သူ့ရဲ့အထောက်အထားကို

အတည်ပြုပြီးပြီ။ သူက
တာအိုလမ်းစဉ်ရဲ့နဝမမြောက်ဆက်ခံသူ
ပဲ၊ ဒါ့အပြင်လက်နက်လမ်းစဉ်နဲ့ပါ
အဆက်အသွယ်ရှိတယ်။ ပြီးတော့ သူက
လျှို့ဝှက်ဆန်းကြယ်တဲ့
သိုင်းအင်ပါယာကျောင်းတော်ကို
ရောက်ဖူးတယ်။ အတိုချုပ်ပြောရရင်
ဖန်ဆင်းရှင်တစ်ပါးက
သူ့ကိုတိုက်ခိုက်တာမျိုးမဟုတ်ရင်

ဘယ်သူမှမသတ်နိုင်ဘူး။
ငါ့အကြံဉာဏ်ကိုနားထောင်ပြီး
အခုချက်ချင်း ထွက်သွားပါ''

လူငယ်က ယန်ယွဲ့ကို
အချိန်တော်တော်ကြာစိုက်ကြည့်ကာ
''ငါတို့ပြန်ဆုံမယ်'' ဟုပြောခဲ့သည်။
စကားပြောပြီးနောက်
လှည့်ထွက်သွားဖို့ပြင်သည်။ သို့သော်
လူငယ်က

ရုတ်တရက်နောက်လှည့်လာကာ

လက်ဝါးနှစ်ဖက်ကို ပူးကပ်လျက်

ယန်ယဲ့ဆီသို့

လျှပ်တစ်ပြက်တိုးဝင်လာသည်။

သူ၏လက်ဝါးမှ

ရွှေရောင်အလင်းတိုင်လုံးတစ်ခု

ပြေးထွက်လာသည်။

အလင်းတိုင်လုံးထဲ၌ လူသားမျိုးနွယ်ကို

ကိုယ်စားပြုသည့်

ရွှေရောင်တလက်လက်တောက်ပနေသော ''လူ''

ဟူသောစာတန်းတစ်ခုရှိနေသည်။

ယန်ယွဲ့သည် စကားတစ်ခွန်းမှမပြောဘဲ အဓိပတိဓားကိုမြှောက်ပြီး လှမ်းပိုင်းလိုက်သည်။

''ဘုန်း...''

ရွှေရောင်အလင်းတိုင်က

အစိတ်စိတ်အမြွှာမြွှာကွဲထွက်ကာ

လှူငယ်က

နောက်သို့လွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

ဓားစွမ်းအင်တစ်စင်းက

ယန်ယဲ့၏အထက်မှ

ဆင်းသက်လာသည်။

အဘိုးကြီးက တိုက်ခိုက်လိုက်ခြင်းပင်...

ယန်ယဲ့က မော့တောင်မကြည့်ပေ။

သူ့လက်ဝါးကိုလှန်လိုက်သည်နှင့်

ဓားတစ်ချောင်းက

လွင့်မျောလာသည်။ထို့နောက် ဓားကို

လေထဲသို့ ပစ်လွှတ်လိုက်သည်။

''ဘုန်း...''

ပေါက်ကွဲသံနှင့်အတူ အထက်မှ အတိုးကြီးတစ်ယောက်ပြုတ်ကျသွားသည်။

''သေစမ်း...'' ယန်ယဲ့၏ညာဘက်မှ ဒေါသတကြီးအော်သံ ရုတ်တရက်ထွက်ပေါ်လာပြီးနောက် ကြက်သွေးရောင်တောက်နေသော အနီးရောင်မီးတောက်ကြီးတစ်ခုက ယန်ယဲ့အား ထိမှန်သွားသည်။

မီးတောက်မှ

ကြောက်မက်ဖွယ်ကောင်းသော

ဖိအားလှိုင်းများထွက်ပေါ်လာသည်။

တိုက်ခိုက်လိုက်သူက လှံကိုင်ထားသော

သက်လတ်ပိုင်းအမျိုးသားပင်။

ယန်ယဲ့က ဓားတောင်ဆွဲမထုတ်လိုက်ပေ။

ဆတ်ခနဲနောက်လှည့်ကာ

လက်သီးနှင့်ထိုးချလိုက်သည်။

''အုမ်း...''

လက်သီးချက်က

နဂါးဟိန်းသံသယ်ဆောင်လာသည်။

လက်သီးချက်ဖြင့် ထိမှန်သည်နှင့်

သက်လတ်ပိုင်းအမျိုးသားက

ချက်ချင်းလွင့်ထွက်သွားသည်။

ဤအချိန်တွင် ယန်ယွဲ့သည်

မီတာတစ်ရာကျော်အကွာထိ

ပြန်ဆုတ်လာရသည်။ ထို့အပြင်

သူ၏လက်တစ်ဖက်လုံးက

မီးလောင်ခံထားရသလို နီရဲနေပေသည်။

ယန်ယွဲ့က သက်လတ်ပိုင်းအမျိုးသားကို

မော့ကြည့်လိုက်ပြီး

''စိတ်ဝင်စားဖို့ကောင်းလိုက်တာ...''

စကားပြောပြီးနောက် သူ၏ညာလက်ကို

အနည်းငယ်ခါယမ်းလိုက်သည်။

မှူလခရမ်းရောင်စွမ်းအင်က()

ပြုပြင်လိုက်ပြီးနောက် သူ၏လက်က

ခဏလေးဖြင့်ပြန်ကောင်းသွားသည်။

ထိုမြင်ကွင်းကြောင့်

သက်လတ်ပိုင်းအမျိုးသားက

မျက်နှာပျက်သွားသည်။

''သခင်လေး ထွက်သွားတော့...''

ဤအချိန်တွင် အဘိုးကြီးက

ထပ်ပြောလိုက်သည်။ လူငယ်က

အဘိုးကြီးကိုစိုက်ကြည့်ရင်း ''

ငါတို့အဖွဲ့မှာ အလယ်အလတ်ချာန်သခင်

၂ပါးနဲ့ ကနဦးချာန်သခင် ၁ပါးရှိတယ်

ဒါတောင် သူ့ကို ဘာမှမလုပ်နိုင်ဘူးလား''

စကားပြောပြီးနောက်

လက်ကိုဝှေ့ယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည်

ပြင်းထန်စွာတုန်လှုပ်သွားပြီး

အထဲအတွင်းမှ

ရွှေရောင်အလင်းတန်းများဖြာထွက်လာသည်။ ရွှေရောင်အလင်းတန်းများက ရွှေရောင်မြွေများကဲ့သို့ပင် ယန်ယဲ့ဆီသို့ဆင်းသက်လာသည်။

ပညာရှင်အထက်အဆင့်နည်းစနစ်တစ်ခု။

ခဏအကြာတွင်ပဲ ရွှေရောင်အလင်းတန်းများက ယန်ယဲ့အား ဖုံးလွှမ်းသွားသည်။ သို့သော်

သူ့ကိုဖုံးလိုက်သည်နှင့်တစ်ပြိုင်နက်

ဓားအူသံတစ်သံထွက်ပေါ်လာသည်။

ထိုခဏလေးမှာပင်

ရွှေရောင်အလင်းတန်းများကြားမှ

မရေမတွက်နိုင်သော

ဓားစွမ်းအင်ရောင်ခြည်တန်းများထွက်

ပေါ်လာသည်။

''အုန်း...''

ရွှေရောင်အလင်းတန်းက

ချက်ချင်းပေါက်ကွဲသွားသည်။

တစ်ချိန်တည်းမှာပင်

အလင်းတန်းတစ်ခုက

လူငယ်လေး၏ရှေ့သို့ရောက်ရှိလာသည်။

သို့သော် သက်လတ်ပိုင်းအမျိုးသားက

သူ့ရှေ့တွင်ပေါ်လာပြီး

မီးတောက်လက်ဖဝါးများက

အလင်းတန်းကိုဖမ်းဆုပ်ထားသည်။

ရုတ်တရက် ခြေထောက်တစ်ဖက်က ဓားလက်ကိုင်ရိုးကို ဆောင့်ကန်လိုက်သည်။

''ဇွပ်း...''

ဓားက ရှေ့သို့ တည့်တည့်တိုးဝင်သွားကာ သက်လတ်ပိုင်းအမျိုးသား၏ရင်ဘတ်ထဲသို့ ထိုးဖောက်သွားသည်။

သက်လတ်ပိုင်းအမျိုးသား၏မျက်လုံး
များ ပြူးကျယ်သွားသည်။

ယန်ယဲ့သည်
နောက်တစ်ကြိမ်တိုက်ခိုက်ရန်ပြင်လိုက်
သည်။ သက်လတ်ပိုင်းအမျိုးသားက
အရှေ့သို့ ရုတ်တရက်တိုးလာပြီး ပုခုံးကို
လက်နှစ်ဖက်ဖြင့်ရစ်ပတ်ကာ "ယန်ယဲ့
အတူတူသေကြရအောင်..."
စကားပြောပြီးနောက် သူ့ခန္ဓာကိုယ်ထဲမှ

မီးလုံးကြီးတစ်လုံးထွက်ပေါ်လာပြီး

နှစ်ယောက်စလုံးအား

ချက်ချင်းဖုံးလွှမ်းသွားသည်။

''ဖောင်း...''

သို့သော်ခဏအကြာတွင်

အဖြူရောင်အလင်းတန်းတစ်ခုပေါက်ကွဲ

ထွက်လာပြီး ထိုနေရာမှ

လူတစ်ယောက်ထွက်လာခဲ့သည်။

ထိုလူ၏နောက်ကွယ်တွင်

ရောမနဂါးဖြူကြီးတစ်ကောင်ရှိနေသည်။

ကောင်းကင်တိမ်နဂါး။

ယန်ယွဲ့သည် သူ့လက်ဝါးကိုမြှောက်ပြီး

ရှေ့ပုတ်လိုက်ရာ သူ့ဘေးနားရှိ

မီးတောက်များ

ချက်ချင်းပျောက်ကွယ်သွားသည်။

နောက်ဆုံးတွင် လူငယ်၏မျက်နှာက

လေးနက်သောအမူအရာပေါ်လာသည်။

လေးနက်မှုအပြင်

ကြောက်ရွံ့မှုအရိပ်အယောင်ပင်

ရှိနေသေး၏။

''သခင်လေး...ထွက်သွားတော့''

အဘိုးကြီးက

နောက်တစ်ကြိမ်ထပ်ပြောလိုက်သည်။

လူငယ်က အဘိုးကြီးကိုစိုက်ကြည့်ရင်း
''ဦးရီးတော်လီ သတိထားပါ''
စကားပြောပြီးနောက်
ခပ်ဝေးဝေးသို့ထွက်ခွာသွားသည်။

ယန်ယဲ့က ပြုံးပြီး ''ဒီလိုလူအတွက်
မင်းအသက်ကိုစွန့်လွှတ်ရတာ
ထိုက်တန်သလား''

အဘိုးကြီးက မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်ပြီး လက်ဝါးကို

အဆက်မပြတ်လှည့်လိုက်သည်။

ထိုခဏလေးမှာပဲ သူ့ပတ်ပတ်လည်တွင်

ဓားမြောက်များစွာပေါ်လာသည်။

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်။

''ဓားသမားတစ်ယောက်အနေနဲ့

မင်းရဲ့ဓားကို

တခြားသူရဲ့ကျွန်အဖြစ်ဘယ်လိုခွင့်ပြုနိုင်

တာလဲ ချည်နှောင်ထားတဲ့နှလုံးသားက

ချည်နှောင်ထားတဲ့ဓားပဲဖြစ်နေအုံးမယ်''

အဘိုးကြီးက ရုတ်တရက်မျက်ဖုံးဖွင့်ပြီး

ယန်ယွဲ့ကိုစိုက်ကြည့်ကာ

''သတိပေးတဲ့အတွက်ကျေးဇူးတင်ပါတ

ယ်။ ကံမကောင်းစွာဘဲ ငါ့အတွက်

အရမ်းနောက်ကျသွားပြီ။ ဘဝမှာ

ဒုတိယအခွင့်အရေးရှိမယ်လို့

မျှော်လင့်ပါတယ်။ နောင်ဘဝမှာ ဓားကို

ကိုင်ထားနိုင်သေးရင် ငါ့ဓားက

တခြားသူရဲ့ ကျွန်ဖြစ်လာမှာမဟုတ်ဘူး ''

စကားပြောပြီးနောက် နေရာမှာပင်

ပျောက်ကွယ်သွားသည်။

ထိုခဏလေးမှာပင် ဓား(၁၀၀၀၀) သည်

မုန်တိုင်းကဲ့သို့ဆင်းသက်လာပါတော့သ

ည်။

အဘိုးကြီး၏နောက်ဆုံးတိုက်ခိုက်မှုပင်ဖြ

စ်သည်။ ယန်ယဲ့သည်

ခေါင်းယမ်းလိုက်သည်။

ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်နှင့်

ဓား (၁၀၀၀၀) သည်

လေထဲ၌ရပ်တန့်သွားသည်။

ဓားနယ်မြေ။

ယန်ယွဲ့သည် ဓားတစ်သောင်းကို

အင်အားသုံးဖိနှိပ်ထားသော်လည်း

လုံးလုံးပျက်စီးမသွားခဲ့ပေ။ ယန်ယွဲ့က

သူ့နှလုံးသားထဲမှ

စိတ်ဆန္ဒကြိုးမျှင်တစ်ချောင်းထုတ်ဖော်

လိုက်ရာ ဓား ၃၆ ချောင်း

သူ့ခန္ဓာကိုယ်ထဲမှပေါ်လာသည်။

ခဏအကြာတွင် အလင်းတန်း ၃၆ စင်းက

ပတ်ဝန်းကျင်အားလွှမ်းခြုံသွားသည်။

အနန္တဓားနယ်မြေအစီအရင်။

အသက်ရှူ ၃ ရှိုက်စာခန့်အကြာတွင်တော့ ပတ်ဝန်းကျင်ရှိအရာအားလုံး ငြိမ်သက်သွားပါတော့သည်။

Translated By NyiNyiSoe

.အပိုင်း ၂၄၄၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ခဏအကြာတွင်တော့.....

ယန်ယဲ့သည် သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ အလင်းတန်းများသည်

သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားသည်။

ဓားနယ်မြေ။

အဘိုးကြီးက

သူ၏အသိစိတ်ဝိညာဉ်ဆုံးရှုံးသွားသလို

မျိုးရေရွတ်သည်။

''ဖောင်း...''

ဤအချိန်တွင်

ယန်ယဲ့၏နောက်ကျောဘက်မှ

အတောင်ပံတစ်စုံပေါ်လာပြီး

အဝေးဆီသို့လွင့်မျောသွားသည်။

ဤအခိုက်အတန့်တွင် လူတစ်ယောက်က

အာကာသထဲသို့

တစ်ဟုန်ထိုးပြေးလွှားနေသည်။

လူသားအင်ပါယာအရှင်ပင်ဖြစ်သည်။

ယန်ယွဲ့နှင့်အချိန်အနည်းကြာတိုက်ခိုက်

ပြီးနောက်

သူမယှဉ်နိုင်ကြောင်းကောင်းကောင်းသိခဲ့

သည်။ ထို့ကြောင့် ထွက်ပြေးရန်သာ

ပြတ်ပြတ်သားသားရွေးချယ်ခဲ့သည်။

လူသားအင်ပါယာအရှင်က

အဝေးကိုလှမ်းကြည့်ရင်း "အသက်ရှူ ၃၀

ရှိုက်ကြာရင် ငါအန္တရာယ်ကင်းလိမ့်မယ်"

စကားပြောရင်း သူ့အရှိန်မြှင့်လာသည်။

သို့သော် သူ၏အမူအရာက

ရုတ်တရက်ပြောင်းသွားပြီး

ရပ်တန့်သွားသည်။ သူ့ရှေ့တွင်

အလင်းတန်းတစ်ခုဆင်းသက်လာပြီး

ပြုန့်ကျဲသွားကာ

လူတစ်ယောက်ပေါ်လာခဲ့သည်။

လူသားအင်ပါယာအရှင်က

ထိုလူကိုစိုက်ကြည့်ရင်း

''ယန်ယဲ့...ဘာလဲ.... မင်း ငါ့ကို

တကယ်သတ်ပစ်ဖို့စီစဉ်နေတာလား...''

ယန်ယဲ့က အပြုံးတစ်ခုနဲ့

''ဟုတ်တယ်...ဒါပဲ ငါလိုချင်နေတာ''

စကားပြောပြီးသည်နှင့် ယန်ယဲ့က
နေရာမှာပင် ပျောက်ကွယ်သွားသည်။

လူသားအင်ပါယာအရှင်၏အမူအရာက
သိသိသာသာပြောင်းလဲသွားသည်။
သူ့လက်ဝါးနှစ်ဖက်ကို ပူးကပ်ထားပြီး
ရှေ့သို့ တွန်းပို့လိုက်သည်။

''အုန်း…''

လူသားအင်ပါယာအရှင်၏

လက်ဝါးအလယ်မှ

ပြင်းထန်သောစွမ်းအားလှိုင်းများထွ

က်ပေါ်လာသည်။ သို့သော်လည်း

ယန်ယဲ့၏ဓားစွမ်းအင်ကို

မတားဆီးနိုင်ခဲ့ပေ။ ဓားစွမ်းအင်က

စွမ်းအားလှိုင်းများကိုပိုင်းဖြတ်ကာ

ရှေ့သို့ထိုးသွင်းလာသည်။

''စူး...''

ဓားအလင်းတန်းများ လင်းလက်လာပြီး

လူသားအင်ပါယာအရှင်၏ခန္ဓာကိုယ်သ

ည် တောင့်တင်းလာသည်။ ဤအချိန်တွင်

ယန်ယဲ့သည်

သူ့နောက်ကွယ်မှပေါ်လာသည်။

လူသားအင်ပါယာအရှင်၏မျက်လုံးများ

ပြူးကျယ်သွားသည်။

သူ့နှုတ်ခမ်းများတုန်ခါသွားပြီး

တစ်ခုခုပြောချင်သော်လည်း

ယန်ယဲ့သည်

ဓားကိုပြန်ဆွဲထုတ်လိုက်သည်။

''စူး...''

လူသားအင်ပါယာအရှင်၏ခေါင်းက

လေထဲသို့ပျံတက်သွားသည်။

ဤအချိန်တွင်

အာကာသပြင်အတွင်းပိုင်းသည်

တုန်လှုပ်သွားသည်။

ဤသို့ဖြစ်သွားသည်မှာ
တစ်စုံတစ်ယောက်က အာကာသကို
တိုက်ရိုက်ဆုတ်ဖြဲပြီးရောက်လာနေသည်
။ အမိကကတော့
လူသားအင်ပါယာအရှင်ကို
ကယ်တင်ရန်ရောက်လာသူပင်ဖြစ်သည်။

ယန်ယွဲ့သည် ပါးစပ်ထောင့်တွင်
အပြုံးတစ်ခုရစ်ဝဲလာသည်။ သူက ဓားကို
အချိန်မရွေးဆွဲထုတ်ရန်

အသင့်ပြင်ထားသည်။ ခဏအကြာတွင်

တုန်လှုပ်နေသော

အာကာသပြင်ကျယ်ကြီး

ရုတ်တရက်ငြိမ်သက်သွားသည်။

ထို့နောက်တွင် ထိုနေရာမှ

အဘိုးကြီးတစ်ယောက်ထွက်လာခဲ့သည်။

ပညာရှင်တစ်ပါး။

ယန်ယဲ့၏မျက်လုံးများသည်

အနည်းငယ်ကျဉ်းမြောင်းသွားသည်။

ပညာရှင်တစ်ပါး ဤနေရာတွင်

ရောက်လာမည်ဟု မမျှော်လင့်ထားပေ။

သို့သော် သူသည် ပညာရှင်တစ်ပါးကို

ကြောက်ရမည်လော။ ထို့နောက်

တရားစီရင်ခြင်းအစား

အဓိပတိဓားနှင့်လဲလှယ်ကာ

ဆန်းကြယ်ချီစွမ်းအင်ကိုပါ

အသင့်ထုတ်ဖော်ထားသည်။

အဘိုးကြီးက

ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ရုံနှင့်

ယန်ယဲ့ရှေ့သို့

ချက်ချင်းရောက်လာပါသည်။

ဤအချိန်တွင် သူသည် ယန်ယဲ့နှင့် ၃

မီတာလောက်သာဝေးတော့သည်။

အလွန်ကို နီးကပ်လှသည်။ အဘိုးကြီးက

လူငယ်၏အလောင်းကိုငုံ့ကြည့်ကာ

ခေါင်းယမ်းလိုက်သည်။

သူ့မျက်လုံးထဲတွင်လည်း

ရှုပ်ထွေးသောအမူအရာတစ်ခုပေါ်လာ

ကာ ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

ဤအချိန်မှာ ယန်ယဲ့က အဓိပတိဓားကို

တင်းကြပ်စွာဆုပ်ကိုင်ထားသည်။

ဤအချိန်တွင် အဘိုးကြီးက

''တိုက်ခိုက်စရာမလိုပါဘူး။

မင်းကိုသတ်ဖို့

ငါဒီကိုရောက်လာတာမဟုတ်ဘူး''

''ဟမ်...''

ယန်ယဲ့က ပဟေဠိဆန်သောအမူအရာဖြင့်

အဘိုးကြီးကို စိုက်ကြည့်နေသည်။

အဘိုးကြီးက ''ငါက

လူသားအင်ပါယာအရှင်ရဲ့လက်အောက်

မှာရှိနေချိန် သူ့အတွက်

လူသတ်ပေးဖို့ငြင်းဆိုထားတယ်။

အထူးသဖြင့်

မင်းတို့လိုညဏ်ကြီးရှင်တွေ…ယန်ယွဲ့၊

မင်းနဲ့ လူသားအင်ပါယာအရှင်ကြားက

ရန်ငြိုးအကြောင်း ငါကြားဖူးတယ်။

အဲဒါက ဘယ်သူမှန်တယ်

မှားတယ်ဆိုတာ ဆုံးဖြတ်ရခက်တယ်။

ဒါပေမဲ့

မင်းနားလည်ထားရမဲ့အချက်တစ်ခုရှိတယ်။ လူသားအင်ပါယာအရှင်နဲ့
မင်းကိုယ်တိုင်က
မင်းတို့နှစ်ယောက်စလုံးက
လူသားတွေဖြစ်နေတုန်းပဲ''

ယန်ယဲ့က ဂရုမစိုက်ဘဲ
''ဘာပြောဖို့ကြိုးစားနေတာလဲ''

အဘိုးကြီးက

လက်နှစ်ဖက်နောက်ပစ်လျက်

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ကို

ကြည့်ကာ

''မင်းရဲ့စွမ်းဆောင်ရည်ကိုအခြေခံရင်

လောကမှာ မငြိမ်မသက်ဖြစ်နေတာကို

သေချာပေါက်သတိထားမိမှာပါ။

ဒါဆိုမျိုးနွယ်ခြားအားလုံးမှာ

ဘယ်နှစ်ယောက်ရှင်သန်နိုင်မလဲ

အများကြီးမကျန်နိုင်ဘူး။

လူသားမျိုးနွယ်က

အသက်ရှင်ချင်တယ်ဆိုရင်

စည်းစည်းလုံးလုံးနေရမယ်''

''စည်းစည်းလုံးလုံးလား...'' ယန်ယဲ့က

တဟားဟားရယ်မောလိုက်သည်။

''ငါ့ကိုလက်မခံတာက

လူသားမျိုးနွယ်လား ဒါမှမဟုတ် ငါက

လူသားမျိုးနွယ်ကို

ငြင်းပယ်ထားတာလားဆိုတာ

မင်းသိမှာသေချာပါတယ်''

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း ''

ယန်ယဲ့ မင်းဟာ

လူသားတစ်ယောက်ပဲဆိုတာ သတိရပါ

တကယ်လို့ လူသားမျိုးနွယ်

အန္တရာယ်နဲ့ကြုံတွေ့ရရင် မင်းက

လူသားတစ်ဦးဆိုတဲ့

ကိုယ်ပိုင်လက္ခဏာကိုမှတ်မိမယ်လို့မျှော်

လင့်ပါတယ်။

ပုဂ္ဂိုလ်ရေးရန်ငြိုးတွေအားလုံးက

ငါတို့လူသားမျိုးနွယ်ရဲ့အသက်ရှင်သန်နို

င်တာထက်စာရင် ဘာမှမထူးခြားဘူး''

စကားပြောပြီးနောက် အဘိုးကြီးက

နောက်လှည့်ကာ အာကာသပြင်ထဲသို့

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်တွင်

အပြုံးတစ်ခုက

''လူသားမျိုးနွယ်၏အသက်ရှင်သန်မှု...
လူသားအင်ပါယာအရှင်က
ငါ့ကိုအချိန်တိုင်း
အလိုရှိတဲ့အပြစ်သားတစ်ယောက်လိုသ
တ်မှတ်ပြီး လူသားမျိုးနွယ်တစ်ခုလုံးကို
အမဲလိုက်ဖို့အမိန့်ပေးထားတယ်။ ဒါပေမဲ့
ငါယန်ယဲ့က သူတို့ရဲ့အသက်ရှင်သန်မှုကို
ဂရုစိုက်သင့်လား...
ငါကအရူးတစ်ယောက်လား...''

ရုတ်တရက် နှင်းပွင့်က

ယန်ယွဲ့ရှေ့တွင်ပေါ်လာသည်။

သူမ၏ဘေးနားတွင်

အစိမ်းရောင်အလင်းလုံးလေးတစ်လုံးရှိ

နေသည်။

မြူနှင်းဝိညာဉ်။

ယန်ယွဲ့က နှင်းပွင့်၏ခေါင်းကို

ညင်သာစွာပွတ်သပ်ပြီး ''နှင်းခဲလေး၊

ဒီနေရာအကြောင်းဖော်ထုတ်ခံလိုက်ရပြီ
လို့ပြောလိုက်။ ဆက်နေရင်
အန္တရာယ်ရှိမှာသေချာတယ်။
ဒါဆိုငါတို့နဲ့အတူ
ထွက်သွားဖို့ဆန္ဒရှိလားလို့မေးပေး..."

နှင်းပွင့်က မြူနှင်းဝိညာဉ်ကို
စိုက်ကြည့်လိုက်ကာ
ငှင်းနှင့်စပြီးဆက်သွယ်နေသည်။
ခဏအကြာတွင် နှင်းပွင့်ကပြိုးကာ

ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

နှင်းပွင့်၏မျက်နှာပေါ်ရှိအပြုံးကို

မြင်သောအခါ ယန်ယဲ့က ပြုံးလိုက်သည်။

မှန်သည်။ နှင်းပွင့်က

သူနှင့်အတူရှိနေသောကြောင့်

အားလုံးအဆင်ပြေသွားပါပြီ။

ဝိညာဉ်ဘုရင်များက လူသားများကို

ယုံကြည်ခြင်းမရှိခဲ့ဘဲ သို့မဟုတ်

အလွန်ရန်လိုသည်ဟုပြောရပါမည်။

သို့သော် အားလုံးက နှင်းပွင့်ကိုတော့ မည်သည့်အခါမျှ ရန်သူလိုသဘောထား မည်မဟုတ်ပါ။ ၎င်းတို့က နှင်းပွင့်ကို ယုံကြည်သည်ဟုဆိုသင့်သည်။

ထို့နောက်တွင်တော့ ယန်ယဲ့က နှင်းပွင့်ကို မြူနှင်းဝိညာဉ်နှင့်အတူ မူလစေတီထဲသို့ပြန်ပို့ပေးပြီးနောက် နေရာမှာပင် ပျောက်သွားသည်။

သူထွက်လာသည်နှင့်တစ်ပြိုင်နက်
ဤကမ္ဘာပေါ်ရှိ မြူခိုးများ
တဖြည်းဖြည်းပျံ့ကျဲလာသည်ကို
သတိပြုမိလိုက်သည်။ ယန်ယဲ့သည်
မြူနှင်းကမ္ဘာကို
တစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက်
သူ့အကြည့်ကိုအဝေးသို့ရွှေ့ကာ
အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ထဲ
သို့ပျောက်ကွယ်သွားခဲ့သည်။

သူသည် သမိုင်းမတင်မီခေတ်၏

ဝိညာဉ်ဘုရင် (၄)ပါးထဲမှ (၁)ပါးကို

တွေ့ခဲ့ပြီဖြစ်သည်။

ယန်ယဲ့သည်

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ကို

ဖြတ်သွားနေခဲ့သည်။

အချိန်သိပ်မကြာလိုက်ဘဲ

နောက်ထပ်ဝိညာဉ်ဘုရင်ရှိသည့်ကမ္ဘာသို့

ရောက်လာခဲ့သည်။

ကမ္ဘာ၏အမည်ကား

ကောင်းကင်ငမန်းစွယ်တိုက်ကြီးဟုခေါ်

ဆိုခဲ့သည်။ နာမည်ကိုမြင်လိုက်သည်နှင့်

ယန်ယွဲ့သည်

ဤတိုက်ကြီး၏ဝိညာဉ်ဘုရင်က

ရေဝိညာဉ်ဘုရင်ဟု သိလိုက်သည်။

အကြောင်းမှာ ဂြိုလ်၏ ၉၀% နီးပါးက

ပင်လယ်သမုဒ္ဒရာအောက်တွင်

ဖုံးလွှမ်းထားသည်။

ကုန်းမြေဧရိယာအနည်းငယ်သာရှိခဲ့သည်

။

ယန်ယဲ့သည်

ပင်လယ်ပြင်၏တစ်နေရာတွင်

ရပ်လိုက်ပြီး နှင်းပွင့်ကို

အပြင်ဆင့်ခေါ်လိုက်သည်။

နှင်းပွင့်လေးက

ကောင်းကင်ကိုတစ်ချက်ကြည့်လိုက်ပြီး

သမုဒ္ဒရာမျက်နှာပြင်အောက်ကို

ငုံ့ကြည့်နေကာ

အနည်းငယ်ရှုသွင်းလိုက်သည်။

ခဏအကြာတွင်

သူမ၏လက်သည်းများကို

သမုဒ္ဒရာမျက်နှာပြင်နှင့်ထိလိုက်ရာ

ရေပြင်များ စတင်တုန်ခါလာသည်။

ယန်ယွဲ့သည် မျက်လုံးထဲတွင်
စူးစမ်းလိုစိတ်ဖြင့်
နှင်းပွင့်ကိုစိုက်ကြည့်နေသည်။

''သူမဘာလုပ်နေတာလဲ...''

ယန်ယွဲ့ကြည့်နေစဥ်မှာပဲ
အတိုင်းအဆမဲ့သောရေပြင်သည်
ပွက်ပွက်ဆူလာကာ
ပြင်းထန်စွာတုန်လှုပ်သွားသည်။

ထိုအတိုင်းပင် အချိန်

၁၅မိနစ်ကြာသည်အထိ

သမုဒ္ဒရာရေပြင်သည်

တုန်လှုပ်နေခဲ့သည်။

"ဝုန်း...''

ရုတ်တရက် ယန်ယွဲ့ရှေ့ မီတာ

၃၀၀ခန့်အကွာရှိ

သမုဒ္ဒရာ၏မျက်နှာပြင်သည်

ပေါက်ကွဲသွားသည်။ ထို့နောက်

ရေပြင်အောက်မှ

ရေနဂါးကြီးတစ်ကောင်ထိုးထွက်လာကာ

ယန်ယွဲ့အားတိုက်ခိုက်လိုက်သည်။

''အုန်း...''

ရေနဂါးက နတ်မြှားတစ်စင်းကဲ့သို့

ယန်ယွဲ့ရှေ့သို့ ချက်ချင်းရောက်လာကာ

ရေတိုင်လုံးတစ်ခုနှင့်

ပြေးဆောင့်လိုက်သည်။ ယန်ယဲ့က

သူ့ဓားကိုဆွဲထုတ်လိုက်သည်။

''စူး...''

ရေနဂါးကြီးက ချက်ချင်းပင်

နှစ်ခြမ်းကွဲထွက်သွားသည်။

သို့သော်လည်း

ယန်ယဲ့၏တစ်ဝိုက်လေထဲသို့

မရေမတွက်နိုင်သော

ရေနဂါးများပျံသန်းလာသည်။

ရာနှင့်ချီရှိခဲ့သည်။ ယန်ယဲ့သည်

မျက်မှောင်ကိုကြုတ်လိုက်သည်။

ဤအချိန်တွင် နှင်းပွင့်က

ပါးစပ်သေးသေးလေးကို

ရှုတ်တရက်ဟကာ စုတ်ယူလိုက်သည်။

ထိုခဏလေးအတွင်းမှာပင်

ရေနဂါးများအားလုံး ကွဲထွက်သွားပြီး

ရေပုလဲလုံးများအဖြစ်

နှင်းပွင့်လေးဆီသို့စီးဝင်လာပါတော့သည်

။ အဆုံးတွင်တော့ နှင်းပွင့်က

ရေပုလဲလုံးများကို ဝါးမျိုလိုက်သည်။

ယန်ယွဲ့သည် ထိုမြင်ကွင်းကို

မြင်လိုက်ရသည်နှင့်

စကားမပြောနိုင်သလို

ခံစားလိုက်ရသည်။

ဤအချိန်တွင် ယန်ယွဲ့နှင့်

သိပ်မဝေးသောနေရာတွင်

ရေဝဲတစ်ခုပေါ်လာသည်။ ထို့နောက်

သူ့ရှေ့တွင် ရေနဂါးငယ်လေးတစ်ကောင်

တဖြည်းဖြည်းပေါ်လာသည်။ ၎င်းသည်

အလွန်သေးငယ်ကာ

နှင်းပွင့်လေးကဲ့သို့ပင်

ချစ်စရာကောင်းလှသည်။

ရေနဂါးလေးက ယန်ယွဲ့ကိုစိုက်ကြည့်ကာ

နှင်းပွင့်ကိုလှည့်ကြည့်လိုက်သည်။

သူ၏မျက်လုံးလေးထဲတွင်

အုံ့ဩနေသောအရိပ်အယောင်များရှိနေသည်။ နှင်းပွင့်က

ရုတ်တရက်ပျံသန်းသွားကာ ရေနဂါး၏ခေါင်းလေးကို အသာအယာပုတ်လိုက်သည်။

ရေနဂါးလေးက နှင်းပွင့်လေးကို စူးစိုက်ကြည့်ကာ ၎င်း၏လက်သည်းကို ယန်ယဲ့အားညွှန်ပြပြီး

နှင်းပွင့်ကိုပြန်ကြည့်လိုက်သည်။ သူက

ယန်ယဲ့နှင့်

ဘာကြောင့်အတူရှိနေတာလဲဟု

မေးနေတာပါ။ နှင်းပွင့်က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

သူမ၏လက်သည်းလေးကို

ဝှေ့ယမ်းလိုက်သည်။ ယန်ယဲ့က

ဆိုလိုရင်းကို နားလည်လိုက်သည်။

နှင်းပွင့်၏အမြင်အရ ယန်ယွဲ့သည်

လူကောင်းတစ်ယောက်ဖြစ်သည်။

''အရမ်းကောင်းတယ်...''

ရေနဂါးကိုပြန်ပြောနေတာဖြစ်သည်။

ယန်ယွဲ့က ခေါင်းယမ်းကာ

ပြုံးလိုက်သည်။ သူသည် ရေနဂါးနှင့်

နှင်းပွင့်လေးကိုစိုက်ကြည့်နေသည်။

အမှန်တော့ နှင်းပွင့်ကဲ့သို့

သဘာဝဝိညာဉ်များသည်

များသောအားဖြင့် ကမ္ဘာပေါ်တွင် အလုံခြုံဆုံးဖြစ်သည်။ အကြောင်းမှာ သဘာဝတရား၏ကောင်းချီးပေးခြင်းခံရပြီး သဘာဝတရားကြီးကိုယ်တိုင်က ကာကွယ်ပေးထားသောကြောင့်ဖြစ်သည် ။

ဝိညာဉ်ဘုရင် သို့မဟုတ် ဝိညာဉ်အင်ပါယာများကို သတ်ဖြတ်ဝံ့သူမရှိပေ။

ဖမ်းဆီးထားလျှင်တောင်

လက်အောက်ခံလိုစိတ်မရှိလျှင် မည်သူမှ

သိမ်းယူမထားရဲပေ။

ယုတ်စွအဆုံး ယန်ယွဲ့၏နောက်ကွယ်ရှိ

မကောင်းဆိုးဝါးလက်နက်ပင်

ထိုကဲ့သို့မလုပ်ဆောင်ဝံ့ပေ။

ကောင်းကင်ဘုံ၏အမျက်ဒေါသသည်

အမှန်တကယ်ရှိခဲ့သည်။

Translated By NyiNyiSoe